# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၁၇ ရက်မြောက်နေ့မှတ်တမ်း
# ၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်
# (၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)
# ( အင်္ဂါနေ့ )

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၇ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းကဆောင်ရွက်ပြီး ၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်** ၊၁၀ း ၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၁၇ ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီ ခင်ဗျား။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး ၁၇ ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန် ၊၁၀ း ၀၂။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)အရကတိသစ္စာမပြုရသေးသော ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးထွန်းအောင်ခိုင်က ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီးလက်မှတ်ရေးထိုးမှာဖြစ်ပါ တယ်။ ကျွန်တော်က ကတိသစ္စာကို တိုင်ပေးတဲ့အခါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က လိုက်ဆိုဖို့ ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံးမတ်တတ်ရပ် ပေးဖို့ဖြစ်ပါတယ်။ ဦးထွန်းအောင်ခိုင် လက်ထောင်ပါ။ ကျွန်တော်တိုင်ပေးတာကို ဦးထွန်းအောင်ခိုင် လိုက်ဆိုဖို့ဖြစ်ပါတယ်။

**ဦးထွန်းအောင်ခိုင်(ပေါက်တောမဲဆန္ဒနယ်)။** ။ကျွန်ုပ်ဦးထွန်းအောင်ခိုင်သည်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကို လည်းလိုက်နာပါမည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ်ထမ်းဆောင်ရမည်ဖြစ်သော တာဝန်ဝတ္တရား များကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။

[ကတိသစ္စာကို ဥက္ကဋ္ဌကတိုင်ပေး၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ခိုင်က လိုက်ဆိုပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးထိုင်နိုင်ကြပါပြီ ။

**ဥက္ကဋ္ဌ။** ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုလွှာပေါ်တွင် မိမိရဲ့ အမည်၊ မဲဆန္ဒနယ်ကိုရေးသားပြီး လက်မှတ်ရေးထိုးဖို့ ဖြစ်ပါတယ်။ အစည်းအဝေးအပြီးမှာ လွှတ်တော်ရုံးသို့ ကတိသစ္စာပြုလွှာကို အပ်နှံရန်ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ဒီကနေ့ကျင်းပတဲ့ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး၁၇ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦးရှိတဲ့အနက် ၃၈၅ ဦး တက်ရောက်

ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၇.၄၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆောင်ရွက်သွားပါ့မယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးဝင်းကို (ဆီဆိုင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်က ဆီဆိုင်မဲဆန္ဒနယ်မှ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုဖြစ်ပါတယ်။ ဟိုပုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေသည် တုတ်ကွေးရောဂါဖြင့် နေမကောင်းသေးပါ သဖြင့် ဥတ္တရသီရိဆေးရုံတွင် ဆေးကုသနေရပါသည်။ ထို့ကြောင့် ဦးခွန်သိန်းဖေအား ယနေ့ ၁၃-၉-၂၀၁၁ ရက်နေ့မှ ၁၆-၉-၂၀၁၁ ရက်နေ့အထိ ခွင့်(၄)ရက် ခွင့်ပြုပေးပါရန် ဦးခွန်သိန်းဖေ ကိုယ်စားလေးစားစွာခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးဘိုနီ (ရမည်းသင်းမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ရမည်းသင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘိုနီဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်စိုးကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးမှာ ၎င်း၏ဇနီးအရေးပေါ် မျက်စိခွဲစိတ်ကုသရာမှာ လိုက်ပါ ဆောင်ရွက်စောင့်ရှောက်လိုပါသဖြင့် ယနေ့ ၁၃-၉-၂၀၁၁ မှ ၁၆-၉-၂၀၁၁ အထိခွင့် (၄) ရက်ခွင့် ပြုပေးနိုင်ပါရန် ဦးမြင့်စိုးကိုယ်စား ရိုသေလေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးခင်မောင်ဦး(လမ်းမတော်မဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ်မြေက ဦးခင်မောင်ဦးဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မြေက ဒေါက်တာသန်းဝင်းရဲ့ကိုယ်စား ခွင့်တိုင်

ကြားမှာဖြစ်ပါတယ်။ ဒေါက်တာသန်းဝင်းဟာ မနေ့ကညနေခြောက်နာရီလောက်က ရုတ်တရက် ရင်ဘတ်အောင့်ပြီးတော့ အနေအထိုင်ခက်တဲ့အတွက် ဧည့်ရိပ်သာဆေးခန်းကိုသွားပြရာမှာ လိုအပ်တဲ့ ECG ရိုက်ပြီးတော့ သွေးတိုးနဲ့နှလုံးရောဂါလက္ခဏာရှိတဲ့အတွက် ဆေးကုသမှုခံယူဖို့လိုအပ်တဲ့ အတွက်ကြောင့် ဆရာဝန်၏ညွှန်ကြားချက်အရ ဒီနေ့ကနေစပြီးတော့ ၁၆-၉-၂၀၁၁ ရက်နေ့အထိ ဆေးကုသအနားယူဖို့အတွက် သူ့ကိုယ်စား ကျွန်တော်ခွင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒေါက်တာသန်းဝင်းက လောလောဆယ်ဘယ်မှာနားနေပါသလဲ။

**ဦးခင်မောင်ဦး(လမ်းမတော်မဲဆန္ဒနယ်)**။ ။ ဒီမနက်ပဲ ရန်ကုန်ပြန်သွားပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှု အခြေအနေကိုမှတ်တမ်းတင်ခြင်း

**အချိန် ၊ း ။**

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၉၅ ဦး၊ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့ အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ း ။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ဦးစွာအောင်လံ မဲဆန္ဒနယ်မှ ဦးကိုကိုထွန်းက မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးကိုကိုထွန်း (အောင်လံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဖိတ်ကြားထားတဲ့ဧည့်တော်များ၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာပြီးကောင်းကျိုးလိုရာဆန္ဒပြည့်ဝကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ အောင်လံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွန်းဖြစ်ပါတယ်။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိပါတယ်။ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကိုရှေးရှုမည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း ၁ နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၄၁ မှာ အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ အဆိုပါပြဋ္ဌာန်းချက်များအပေါ်အခြေခံ၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်ဆံဆောင်ရွက်နေမှုအခြေအနေများကို သိရှိလိုပါသဖြင့် ရှင်းလင်းဖြေကြား ပေးနိုင်ပါရန် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးဝဏ္ဏမောင်လွင်(ပြည်ထောင်စုဝန်ကြီး၊နိုင်ငံခြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ အောင်လံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကိုကိုထွန်းရဲ့မေးခွန်းကို ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေး မူဝါဒ အဲဒီနိုင်ငံခြားရေး မူဝါဒ စတင်ချမှတ်ခဲ့ပုံ ခေတ်ကာလအလျောက် အဆင့်ဆင့်ပြောင်းလဲလာခဲ့ပုံ၊ ယင်းမူဝါဒအပေါ်မှာ အခြေခံပြီးပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ဒေသတွင်းနဲ့အခြားနိုင်ငံများ ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်ဆံဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးကို တက်ရောက်နေကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ နိုင်ငံအချင်းချင်းဆက်ဆံရေးဟာ ယခုခေတ်အခါသမယတွင်မှ ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ လွန်ခဲ့တဲ့ရာစုနှစ်ပေါင်း များစွာထဲက မြို့ပြနိုင်ငံများအဖြစ်ရှိနေစဥ်ကတည်းက တစ်နိုင်ငံနှင့်တစ်နိုင်ငံအပြန်အလှန် ကူးလူးဆက်ဆံမှုများ

ရှိခဲ့ပါတယ်။ ထိုစဉ်ကမြို့ပြနိုင်ငံတစ်ခုက အခြားမြို့ပြနိုင်ငံတစ်နိုင်ငံအား အပြန်အလှန် သံတမန်များ စေလွှတ်ပြီး စေ့စပ်ဆွေးနွေးညှိနှိုင်းခြင်းစတဲ့ သမိုင်းအစဉ်အလာများလည်းရှိခဲ့ပါတယ်။ အဲဒီလိုနိုင်ငံ အချင်းချင်းဆက်ဆံကြရာမှာ နိုင်ငံခြားရေးမူဝါဒဆိုတာဟာ နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်ထားရှိရ တဲ့ဝါဒပဲ ဖြစ်ပါတယ်။ နိုင်ငံတကာနဲ့ဆက်ဆံရာမှာ မိမိနိုင်ငံရဲ့ အကျိုးစီးပွားကို အကာအကွယ် ပေးမယ့်ဝါဒဟာ အဲဒီနိုင်ငံရဲ့နိုင်ငံခြားရေးမူဝါဒပဲဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုရလျှင် မိမိနိုင်ငံရဲ့ ပြည်တွင်းရေးရာမူဝါဒများကို အကောင်အထည်ဖော်ကြရာမှာ မိမိတစ်နိုင်ငံတည်းရပ်တည်ဆောင်ရွက် ၍မရနိုင်တဲ့ကိစ္စများကို နိုင်ငံတကာနဲ့ဆက်သွယ်ဆောင်ရွက်ရသည်များလည်း ရှိလာပါတယ်။ အဲဒီ အခါ မိမိနိုင်ငံရဲ့အကျိုးစီးပွားကို အကာအကွယ်ပေးရုံသာမက မိမိရဲ့ရည်မှန်းချက်များအောင်မြင် စေရန်အလို့ငှာ မိမိနိုင်ငံရဲ့ အကျိုးစီးပွားနဲ့ ကိုက်ညီမယ့်နိုင်ငံခြားရေးရာမူဝါဒများကိုချမှတ် ကျင့်သုံး လာကြရပါတယ်။ ကမ္ဘာ့နိုင်ငံအများအပြားဟာ မိမိတို့နိုင်ငံရဲ့အကျိုးစီးပွားကို ကာကွယ်ပေးရမယ့် နိုင်ငံခြားရေးမူဝါဒကို ချမှတ်ကျင့်သုံးတဲ့အခါမှာ နိုင်ငံတည်ရှိရာအရပ်ဒေသ၊ ပထဝီဝင်အနေအထား၊ ပတ်ဝန်းကျင်နိုင်ငံများရဲ့ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးအခြေအနေများအရ ချမှတ်ကြရပါတယ်။ တစ်နိုင်ငံချင်းက ချမှတ်တဲ့ရည်မှန်းချက်များကိုလိုက်ပြီး နိုင်ငံခြားရေးမူဝါဒများဟာ ထပ်တူညီမျှခြင်း မရှိကြပါဘူး။ ကျွန်တော်တို့နိုင်ငံဟာ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့လွတ်လပ်ရေးနေ့မှာပဲ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးဝါဒဟာ တိကျသောကြားနေရေးဝါဒ(Positive Naturality ) ဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ ၁၉၇၁ ခုနှစ်၊ ဇွန်လအတွင်းကကျင်းပခဲ့တဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ပထမ အကြိမ်ညီလာခံက မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးဝါဒကို လွတ်လပ်သော နိုင်ငံခြားရေးဝါဒ (Independent Foreign Policy)လို့ ပြောင်းလဲခေါ်ဝေါ်စေခဲ့ပါတယ်။ ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ ၃ရက်နေ့မှာ ပြဋ္ဌာန်းခဲ့တဲ့ မြန်မာနိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆ မှာတော့ မြန်မာနိုင်ငံသည် လွတ်လပ်သော နိုင်ငံခြားရေးဝါဒကို အစဉ်တစိုက်ကျင့်သုံး၍ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးမူများကို စောင့်ထိန်းသည်လို့ ပါရှိပါတယ်။ ၁၉၈၁ခုနှစ်၊ ဩဂုတ်လအတွင်းက ကျင်းပခဲ့တဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ စတုတ္ထအကြိမ်ပါတီညီလာခံကတော့ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေး မူဝါဒကို လွတ်လပ်၍ တက်ကြွသောနိုင်ငံခြားရေးမူဝါဒ( Independent and Active Foreign Policy)လို့ ပြင်ဆင်ခေါ်ဝေါ်ခဲ့ပါတယ်။ အခေါ်အဝေါ်များ အဆင့်ဆင့်ပြောင်းလဲခဲ့ပေမယ့် မြန်မာ့ နိုင်ငံခြားရေးမူဝါဒရဲ့ အနှစ်သာရကတော့ ပြောင်းလဲခြင်း မရှိခဲ့ပါဘူး။ ၁၉၈၈ခုနှစ်၊ တပ်မတော် အစိုးရက နိုင်ငံတော်တာဝန်များ စတင်ယူချိန်မှာလည်း လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးဝါဒကို

ဆက်လက်၍ လိုက်နာကျင့်သုံးမည်ဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေအခန်း (၁) နိုင်ငံတော်အခြေခံမူများအပိုဒ် ၄၁ မှာလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေးကိုရှေ့ရှုပြီး နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးမူများကို စောင့်ထိန်းမည်လို့ အတိအလင်းပြဋ္ဌာန်းထားတာနဲ့အညီ အစိုးရသစ်ဖွဲ့စည်းပြီး နောက်ပိုင်းမှာလည်း လွတ်လပ်၍ တက်ကြွပြီးဘက်မလိုက်တဲ့ နိုင်ငံခြားရေး မူဝါဒကို ဆက်လက်ကျင့်သုံးလျက်ရှိပါတယ်။ အဲဒီမူဝါဒအပေါ်အခြေခံပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေနဲ့ ဒေသတွင်းနဲ့ အခြားနိုင်ငံများ ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ဆက်ဆံဆောင်ရွက်နေမှုများကို ဆက်လက်ပြီးတော့မှ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ရှေးဦးစွာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးနဲ့ ပူးပေါင်းဆောင်ရွက်မှုများကို တင်ပြသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရပြီးလျှင်ရပြီးခြင်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို ၁၉၄၈ ခုနှစ်၊ ဧပြီလ ၁၉ ရက် နေ့မှာ ၅၈ နိုင်ငံမြောက် အဖွဲ့ဝင်အဖြစ်နဲ့ ဝင်ရောက်ခဲ့ပါတယ်။ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပြီးတဲ့အချိန်ကစပြီး ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်မြောက်ရေးအတွက် စိတ်အားထက်သန်စွာ ပါဝင်လှုပ်ရှားခဲ့ပါတယ်။ ထို့အပြင် ၁၉၆၂ ခုနှစ်၊ ကုလသမဂ္ဂ လက်နက်ဖျက်သိမ်းရေး Conference စတင်ချိန်မှာ ယနေ့တိုင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပြီး လက်နက်ဖျက်သိမ်းရေး၊ လျှော့ချရေး၊ နယူးကလီးယားလက်နက် မပြန့်ပွားရေးကိစ္စရပ်များမှာ တက်ကြွစွာပါဝင်လျက်ရှိပါတယ်။ ကုလသမဂ္ဂ စီးပွားရေးနဲ့လူမှုရေးကောင်စီ၊ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးကော်မတီတို့မှာလည်း တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အမေရိကန်နိုင်ငံ နယူးယောက်မှာကျင်းပနေတဲ့ ၆၆ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ မျက်နှာစုံညီအစည်းအဝေးကိုလည်း နိုင်ငံခြားရေး ဝန်ကြီးဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့အထွေထွေမူဝါဒရေးရာမိန့်ခွန်းကို မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ နိုင်ငံခြားရေးဝန်ကြီးက ၂၇-၉-၂၀၁၁ ရက်နေ့မှာ ပြောကြားမှာ ဖြစ်ပါတယ်။ ကုလသမဂ္ဂနဲ့ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက်မှာ ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ်နဲ့ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ ရှေးဦးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗစ်ကင်နန်ဗီးယားဟာ ၂၀၁၁ ခုနှစ်၊ ဧပြီလမှာလည်းကောင်း မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာ

ကင်ဒါးနားဟာ ဩဂုတ်လမှာလည်းကောင်း မြန်မာနိုင်ငံကို လာရောက်ခဲ့ပြီး၊ ၎င်းတို့အနေနဲ့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ လူ့အခွင့်အရေးနယ်ပယ်များမှာ အရေးကြီးတဲ့ ဖြစ်ပေါ်တိုးတက်မှုများနဲ့ပြောင်းလဲမှုများကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ကြပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ နိုင်ငံတကာနဲ့ဒေသအတွင်း အဖွဲ့အစည်းများမှာ တက်ကြွစွာပါဝင်ဆောင်ရွက်များမှုကို တင်ပြသွားမှာဖြစ်ပါတယ်။ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့မှာ ပါဝင်ဆောင်ရွက်မှုကို ဦးစွာတင်ပြမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဘက်မလိုက်လှုပ်ရှားမှုကို ၁၉၆၁ ခုနှစ်၊ အဖွဲ့ကြီးစတင်ဖွဲ့ စည်းချိန်မှစတင်ပြီး ပါဝင်ခဲ့ပါတယ်။ ၁၉၇၉ ခုနှစ်၊ ကျူးဘားနိုင်ငံ၊ ဟာဘားနားမြို့မှာကျင်းပခဲ့တဲ့ ခြောက်ကြိမ်မြောက် ဘက်မလိုက်ထိပ်သီးအစည်းအဝေးမှာတော့ ဘက်မလိုက်လှုပ်ရှားမှုဟာ နိုင်ငံကြီးများရဲ့ ဩဇာလွှမ်းမိုးမှုခံခဲ့ခြင်းနဲ့ပတ်သက်တဲ့ မြန်မာနိုင်ငံရဲ့တင်ပြချက်ကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးက လစ်လျူရှုခဲ့တဲ့အတွက် အဲဒီအဖွဲ့ကနေ နုတ်ထွက်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်၊ တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်ယူပြီးတဲ့နောက်မှာတော့ လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံးရာမှာ ဘက်မလိုက်လှုပ်ရှားမှုဟာ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်လည်းကောင်း၊ မိမိနိုင်ငံအတွက်လည်းကောင်း အထောက်အကူများစွာရရှိနိုင်မယ်လို့ ယုံကြည်တဲ့အတွက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကို ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလမှာ ပြန်လည် ဝင်ရောက်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၁၁ ခုနှစ်၊ မေလက အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်းမှာကျင်းပခဲ့တဲ့ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ရဲ့ ၁၆ကြိမ်မြောက် ဝန်ကြီးများ အဆင့်အစည်းအဝေးကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာ မျိုးတင့် ခေါင်းဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ စက်တင်ဘာလဆန်းပိုင်းက ဟာဗီးယားနိုင်ငံ၊ ဘဲဂရိတ်မှာ ကျင်းပခဲ့တဲ့ ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ရဲ့ နှစ်၅၀ ပြည့်အထိမ်းအမှတ် အခမ်းအနားကိုလည်းကောင်း တက်ရောက်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီး အာဆီယံမှာ ပါဝင်ဆောင်ရွက်မှုများကို တင်ပြသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လွတ်လပ်ရေးရရှိပြီးချိန်မှ ယနေ့အချိန်အထိ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှာ ပါဝင်လှုပ်ရှားခဲ့တာများနဲ့ အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံကို ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့မှာ ဝင်ရောက်နိုင်ခဲ့ခြင်းဟာ ထူးခြားတဲ့အောင်မြင်မှုတစ်ရပ်ဖြစ်ပါတယ်။ အာဆီယံအဖွဲ့အနေနဲ့ ၂၀၁၅ ခုနှစ်မှာ အာဆီယံနိုင်ငံရေးနဲ့ လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်း ထူထောင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံဟာ ၂၀၁၄ ခုနှစ်မှာ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရန်ကိစ္စကိုလည်း တင်ပြရှင်းလင်းလိုပါတယ်။ ဂျာကာတာမြို့မှာ ကျင်းပခဲ့တဲ့ ၁၁ ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံမှာ ဥက္ကဋ္ဌနေရာအတွက် မြန်မာနိုင်ငံရဲ့

အဆိုပြုချက်ကို မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်မှ ဆွေးနွေးခဲ့ရာမှာ ၂၀၀၅ ခုနှစ်ကတည်းက အာဆီယံခေါင်းဆောင်များက မြန်မာနိုင်ငံအနေနဲ့ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူရန် အသစ်ဖြစ်တဲ့ မည်သည့်အချိန်မှာမဆို တာဝန်ယူနိုင်ကြောင်းကို တူညီဆန္ဒရှိခဲ့ပါကြောင်း၊ သို့ပါ၍ ၂၀၀၅ ခုနှစ်မှာအာဆီယံခေါင်းဆောင်များရဲ့ နိုင်ငံရေးဆုံးဖြတ်ချက်နဲ့ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလအတွင်းမှာ အင်ဒိုနီးရှားနိုင်ငံကွန်ပတ်မှာ ပြုလုပ်ခဲ့တဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွေအပေါ် အခြေခံပြီး မြန်မာနိုင်ငံဟာ ၂၀၁၄ ခုနှစ်မှာ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိကြောင်းကို တရားဝင်အဆိုပြုခဲ့ပါတယ်။ လာမည့်နိုဝင်ဘာလ အင်ဒိုနီးရှားမှာကျင်းပမယ့် ၁၉ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှာ မြန်မာနိုင်ငံအနေနဲ့ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ရန်ကိစ္စကို ဆွေးနွေးဆုံးဖြတ်ကြမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေစဥ်ကာလအတွင်းမှာလည်း အာဆီယံရဲ့ မျှော်မှန်းချက်၊ ဦးတည်ချက်များနှင့် ရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ ရည်မှန်းထားပါကြောင်း၊ ဒါ့အပြင် အာဆီယံဒေသအတွင်း ဗိသုကာပုံစံအသစ်မှာ အာဆီယံရဲ့ ဗဟိုအချက်အချာကျမှုနဲ့ လုပ်ကိုင် နိုင်မှုစွမ်းရည်ကို ပိုမိုခိုင်မာစေပြီး အာဆီယံအဖွဲ့ကြီးဟာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုရှေးရှုပြီး အစဥ်တစိုက်ကြိုးပမ်းလျက်ရှိတဲ့ တောင့်တင်းသော အဖွဲ့ကြီးဖြစ်ကြောင်းကို မြန်မာနိုင်ငံအနေနဲ့ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စဥ်ကာလအတွင်းမှာ ကမ္ဘာကိုပြသနိုင်ဖို့ အခွင့်အရေးတစ်ရပ် ဖြစ်လိမ့်မယ်လို့ အခိုင်အမာ ယုံကြည်ကြောင်းတင်ပြလိုပါတယ်။ ဆက်လက်ပြီး GMS မှာ ပါဝင်မှုကို တင်ပြလိုပါတယ်။ ကမ္ဘောဒီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအို၊ မြန်မာ၊ ထိုင်းနဲ့ ဗီယက်နမ်တို့ဟာ မဟာမဲခေါင်ဒေသခွဲ ၆ နိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဥ် GMS ကို ၁၉၉၂ ခုနှစ်မှာစတင်ခဲ့ပါတယ်။ GMS ဟာ မဟာမဲခေါင်ဒေသခွဲ ၆ နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်စေခြင်းအားဖြင့် ဒေသတွင်းရေရှည်တည်တန့်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်နဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရန်ရည်ရွယ်ပါတယ်။ GMS ထိပ်သီးအစည်းအဝေးကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ နဲ့ ၂၀ ရက်နေ့များမှာပေးပြီးတော့မှ လက်ခံကျင်းပသွားမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီး ဘင်းမ်စတက်ထိပ်သီး အစည်းအဝေးနဲ့ပတ်သက်ပြီး တင်ပြလိုပါတယ်။ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှ နိုင်ငံများစုပေါင်း ဖွဲ့စည်းထားတဲ့ အာဆီယံကိုမရောက်ခဲ့တဲ့နည်းတူ တောင်အာရှနိုင်ငံများဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်း၊ နီပေါနဲ့ ဘူတန်နိုင်ငံများ စုပေါင်းဖွဲ့စည်းထားတဲ့ ဘင်းမ်စတက်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ကိုလည်း ၁၉၉၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

နေ့မှာ ဝင်ရောက်ခဲ့ပါတယ်။ ဘင်းစတက် အဖွဲ့အနေနဲ့ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍကြီး ၁၄ ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အဆိုပါကဏ္ဍ ၁၄ ရပ်အနက်မှာ မြန်မာနိုင်ငံက စွမ်းအင်နဲ့စိုက်ပျိုးရေးကဏ္ဍမှာ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်လျက် ရှိပါတယ်။ ဘင်းမ်စတက်ကို ဝင်ရောက်ခဲ့ခြင်းအားဖြင့် နိုင်ငံရေးအရ အကျိုးများစွာရရှိသလို ဈေးကွက်စီးပွားရေးဖော်ဆောင်ရာမှာလည်း များစွာအထောက်အကူပြုလျက်ရှိပါတယ်။ မိမိတို့ရဲ့ အိမ်နီးချင်းများနဲ့လည်း ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးကို အကောင်အထည်ဖော်ရာမှာ အထောက်အကူရရှိစေခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းမှာ လက်ခံကျင်းပသွားမှာဖြစ်ပါတယ်။ ဧရာဝတီ၊ ကျောက်ဖယား၊ မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာလို့ခေါ်တဲ့ AKMEC မှာ ပါဝင်ဆောင်ရွက်မှုများကိုလည်း ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့မှာ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနဲ့ထိုင်း လေးနိုင်ငံအစိုးရအဖွဲ့အကြီးအကဲများရဲ့ အစည်းအဝေးကို ပုဂံမှာကျင်းပခဲ့ပါတယ်။ ပုဂံ Declaration နဲ့ Plan of Action ကို လေးနိုင်ငံဝန်ကြီးချုပ်များက အတည်ပြုခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံကတော့ ၂၀၀၄ ခုနှစ်၊ မေလမှာ အဖွဲ့ဝင်အဖြစ် ထပ်တိုးပါဝင်ခဲ့ပါတယ်။ အက်ခ်မက်စ်အဖွဲ့အား နယ်စပ်ဒေသများမှာ စွမ်းဆောင်ယှဉ်ပြိုင်နိုင်မှုမြှင့်တင်ရန် စိုက်ပျိုးရေးနဲ့ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အခွင့်အလမ်းပိုမိုကောင်းမွန်တဲ့ဒေသများသို့ပြောင်းရွှေ့ရန် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်နဲ့ ဝင်ငွေကွာဟမှုလျော့နည်းစေရန် ရည်ရွယ်ချက်များနဲ့ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကဏ္ဍစုံဘက်စုံမှတက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီး ACD မှာ ပါဝင်ဆောင်ရွက်မှုများကို တင်ပြသွားမှာဖြစ်ပါတယ်။ ACD လို့ခေါ်တဲ့ Asia Co-operation Dialogue ကိုတော့ အာဆီယံကဲ့သို့ စာချုပ်စာတမ်း ကြေညာချက်များနဲ့ တရားဝင်ဖွဲ့စည်းခြင်း မဟုတ်ဘဲ Dialogue ပုံစံနဲ့ ACD နိုင်ငံအချင်းချင်းအတွေးခေါ်အယူအဆများ အတွေ့အကြုံများ ဖလှယ်ရန်နှင့် ACD နိုင်ငံများရဲ့ စွမ်းအားစုများကို အသုံးချပြီး အာရှနိုင်ငံများအကြားမှာရှိပြီး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအား အထောက်အကူ ကူညီပံ့ပိုးဖြည့်စွက်ပေးရန်ရည်ရွယ်ချက်နှင့် ACD အဖွဲ့ကြီးကို ၂၀၀၂ ခုနှစ်မှာ အဖွဲ့ဝင် ၁၈ နိုင်ငံနဲ့ဖွဲ့စည်းခဲ့ပါတယ်။ အခုအခါမှာတော့ အဖွဲ့ဝင်စုစုပေါင်း ၃၁ နိုင်ငံရှိလာပြီဖြစ်ပါတယ်။ အာရှတိုက်နိုင်ငံများရဲ့ နိုင်ငံခြားရေးဝန်ကြီးများဟာ မိမိတို့အားလုံးရဲ့ ဘုံအကျိုးကျေးဇူးအတွက်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ကိုင်တဲ့နည်းလမ်းရှာဖွေကြရန်အတွက် နိုင်ငံခြားရေးဝန်ကြီးအဆင့်အစည်းဝေးများကိုလည်း ပုံမှန်ကျင်းပလျက်ရှိပါတယ်။ ကုလသမဂ္ဂအထွေထွေညီလာခံနဲ့ တစ်ဆက်တစ်စပ်တည်းပဲ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှာ နယူးယောက်မှာ ACD

နိုင်ငံခြားရေးဝန်ကြီးများရဲ့အလုပ်သဘော နံနက်စာစားပွဲကိုလည်း မြန်မာနိုင်ငံခြားရေးဝန်ကြီး တက်ရောက်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဆက်လက်ပြီး ဆာ့ခ်အသင်းကြီးမှာ လေ့လာသူအဖြစ် ပါဝင်ဆောင်ရွက်နေမှုကို တင်ပြမှာဖြစ်ပါတယ်။ ဆာ့ခ် လို့ခေါ်တဲ့ South Asian association for Regional Cooperation အသင်းကြီးကိုတော့ ၁၉၈၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့မှာစတင် ထူထောင်ခဲ့ပါတယ်။ အသင်းကြီးထူထောင်တဲ့အချိန်မှာတော့ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ နီပေါ၊ ဘောဒိနဲ့ဘူတန်တို့ပါဝင်ခဲ့ပါတယ်။ အာဖဂန်နစ္စတန်ကတော့ ၂၀၀၅ ခုနှစ်မှာပါဝင် ခဲ့လို့ စုစုပေါင်းဆာ့ခ်အဖွဲ့ဝင် ၈ နိုင်ငံဖြစ်ပါတယ်။ ဆာ့ခ်အသင်းကြီးရဲ့ ရည်ရွယ်ချက်ကတော့ တောင်အာရှနိုင်ငံများရဲ့ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အဆင့်အတန်းများတိုးမြှင့်ရန် အဖွဲ့ဝင်နိုင်ငံ များအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှုတိုးမြှင့်စေရန်နဲ့ နိုင်ငံတကာရေးရာများမှာ အဖွဲ့ဝင် နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးနဲ့ အပြန်အလှန်ကူညီပေးရေးစတဲ့ ရည်ရွယ်ချက်များ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဆာ့ခ်အဖွဲ့ဝင်များ ဖြစ်ကြတဲ့ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်တို့နဲ့ နယ်နမိတ်ချင်း ဆက်စပ်နေတဲ့အတွက် အာဆီယံနဲ့ဆာ့ခ် အဖွဲ့ဝင်များအကြားမှာ ပေါင်းကူးသဖွယ်ဆောင်ရွက်ရန် ရည်ရွယ် ပြီးတော့ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့မှာတော့ ဆာ့ခ်အဖွဲ့ရဲ့ ၁၅ ကြိမ်မြောက်ထိပ်သီး အစည်းအဝေးအတွင်းမှာ လေ့လာသူနိုင်ငံအဖြစ်နဲ့ ဝင်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ဆက်လက်ပြီး အေဆမ်မှာပါဝင်မှုများကို တင်ပြမှာဖြစ်ပါတယ်။ အေဆမ်အဖွဲ့ကိုတော့ ၁၉၉၆ ခုနှစ်၊ မတ်လမှာ စတင် တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံဟာ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလက ဗီယက်နမ်နိုင်ငံဟနွိုင်းမှာ ကျင်းပပြုလုပ်ခဲ့တဲ့ အေဆမ်အဖွဲ့ထိပ်သီးအစည်းအဝေးမှာ လာအို၊ ကမ္ဘောဒီးယားတို့နဲ့အတူအဖွဲ့ဝင် ဖြစ်လာခဲ့ပါတယ်။ အေဆမ်အဖွဲ့စတင်တည်ထောင်ရခြင်း အကြောင်းအရင်းကတော့ ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးကိစ္စများမှာ အာရှတိုက်နှင့် ဥရောပတိုက်တို့ရဲ့အရေးပါမှု အရှိန်အဟုန်မြင့်တက်လာခြင်း၊ ကမ္ဘာ့မျက်မှောက်ရေးရာများအရ တိုက်ကြီးနှစ်တိုက်အကြားမှာ ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ကြ ခြင်းဖြင့် တိုက်ကြီးနှစ်တိုက်အတွက် ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးထိန်းသိမ်းရာမှာ အထောက်အကူ ဖြစ်စေခြင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းဖြင့် အာရှ၊ ဥရောပဒေသရှိနိုင်ငံများ အထူး သဖြင့်ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ စီးပွားရေးတိုးတက်မှုကို ကူညီပံ့ပိုးပေးစေနိုင်ခြင်း၊ မတူညီသော ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် မတူညီတဲ့ဘာသာကိုးကွယ်မှုအယူဝါဒများအကြား တစ်ဖက်နဲ့တစ်ဖက်နားလည်မှု၊ ယုံကြည်စိတ်ချမှု များဖြစ်ထွန်းလာစေပြီး ကမ္ဘာ့တည်ငြိမ်ရေးနဲ့ လုံခြုံရေးကို အထောက်အကူဖြစ်စေ ခြင်းစတဲ့ ရည်မှန်းချက်များနဲ့ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။ အေဆမ်အဖွဲ့အတွင်းမှာ တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းအားဖြင့် မြန်မာပြည်သူအများစုရဲ့အကျိုးကို ဘယ်လိုမှမဖြစ်ထွန်း

စေနိုင်တဲ့ အီးယူရဲ့ဘုံရပ်တည်ချက်ကို ပြန်လည်သုံးသပ်စဥ်းစားပေးနိုင်ဖို့ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနက် မြန်မာနိုင်ငံအပေါ်မှာ သမာသမတ်ကျတဲ့ သဘောထားများရှိတဲ့ အများစုသောနိုင်ငံများနဲ့ ဆွေးနွေးပြောကြားနိုင်တဲ့ အခွင့်အလမ်းများလည်းရရှိတာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဆက်လက်ပြီးတော့မှ သံတမန်ဆက်သွယ်ရေး တိုးချဲ့ဆောင်ရွက်မှုများကို တင်ပြလိုပါတယ်။ လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနဲ့အညီ နိုင်ငံတကာနဲ့ မိတ်ဝတ်မပျက်ဆက်ဆံရေးမှာထားရှိပြီး မိတ်ဆွေနိုင်ငံများအပြင် နောက်ထပ်မိတ်ဆွေနိုင်ငံများ တိုးပွားလာရေးကိုရှေးရှုပြီး တရားဝင်သံတမန်ဆက်သွယ်ရေးကို တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။ လွတ်လပ်ရေးရရှိပြီးချိန်မှ ၁၉၈၈ ခုနှစ်မတိုင်မီအထိ နိုင်ငံပေါင်း ၆၇ နိုင်ငံနဲ့သံတမန်ဆက်သွယ်ခဲ့ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာတော့ နိုင်ငံပေါင်း ၃၆ နိုင်ငံနဲ့သံတမန်တိုးချဲ့ပြီးတော့မှ သတ်မှတ်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ လက်ရှိအစိုးရသစ်ကာလမှာ ဘော့စနီးယားဟာ စီဂိုဗီးယားနိုင်ငံနဲ့ ၂၅-၈-၂၀၁၁ ရက်နေ့မှာ သံတမန်ဆက်သွယ်ခဲ့တဲ့အတွက် စုစုပေါင်းနိုင်ငံ ၁၀၄ နိုင်ငံနဲ့တရားဝင်သံတမန်ဆက်သွယ်ပြီး ရင်းနှီးစွာဆက်ဆံလျက်ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ သံတမန်ဆက်ဆံရေးဆောင်ရွက်ရာမှာ ပြည်ပနိုင်ငံများမှာ သံရုံးပေါင်း ၃၃ ရုံး၊ ကိုယ်စားလှယ်အဖွဲ့ရုံး ၃ ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး ၄ ရုံးနဲ့ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်ရုံး ၈ ရုံးဖွင့်လှစ်ပြီးတော့ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်မြို့မှာတော့ ပြည်ပနိုင်ငံများမှ သံရုံးပေါင်း ၃၁ ရုံး၊ မန္တလေးမြို့မှာ ကောင်စစ်ဝန်ချုပ်ရုံး ၂ ရုံး၊ စစ်တွေမြို့မှာ ကောင်စစ်ဝန်ရုံး ၁ ရုံးနဲ့ ရန်ကုန်မြို့မှာ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် ရုံး ၃ ရုံးဖွင့်လှစ်ထားရှိပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ ကူဝိတ်နဲ့တူရကီနိုင်ငံတို့ကတော့ မြန်မာနိုင်ငံမှာ သံရုံးများဖွင့်လှစ်ဖို့အတွက် စီစဥ်လျက်ရှိကြောင်းလည်း တင်ပြလိုပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟာ လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒရဲ့အခြေခံဖြစ်တဲ့ ငြိမ်းချမ်းစွာအတူယှဥ်တွဲနေထိုင်ရေးမူကြီး ၅ ချက်နဲ့အညီ နိုင်ငံအားလုံးနဲ့ မိတ်ဝတ်မပျက်ဆက်ဆံလျက်ရှိတယ်ဆိုတာကို မြန်မာနိုင်ငံမှပြည်ပသို့ ချစ်ကြည်ရေးခရီးများသွားရောက်မှုနဲ့ ပြည်ပမှချစ်ကြည်ရေး ခရီးများလာရောက်မှုတို့က သက်သေပြလျက်ရှိပါတယ်။ အစိုးရအဖွဲ့သစ်ဖွဲ့စည်းပြီးနောက်မှာတော့ မြန်မာနိုင်ငံဟာ ပြည်ပကို ချစ်ကြည်ရေးခရီးများသွားရောက်မှုကို တင်ပြရမယ်ဆိုရင် နိုင်ငံတော်သမ္မတကြီးဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ ၂၀၁၁ ခုနှစ်၊ မေလ ၅ ရက်မှ ၇ ရက်နေ့အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့လည်းကောင်း၊ ၂၀၁၁ ခုနှစ်၊ မေလ ၂၆ ရက်မှ ၂၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လည်းကောင်း ချစ်ကြည်ရေးခရီးများသွားရောက်ခဲ့ပါတယ်။ မကြာမီကာလအတွင်းမှာလည်း နိုင်ငံတော်သမ္မတကြီးဟာ ဒေသတွင်း

အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံကို ချစ်ကြည်ရေးခရီးသွားရောက်ရန်အတွက်စီစဉ်လျက်ရှိပါတယ်။ ထို့အတူပဲ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းဟာလည်း ရုရှားအောက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ဘောရစ်ဂရစ်စလော့ဗ် ရဲ့ ဖိတ်ကြားချက်အရ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၆ ရက်မှ ဇူလိုင်လ ၁ ရက်နေ့အထိ ရုရှားနိုင်ငံကိုသွားရောက်ခဲ့ပါတယ်။ မကြာမီကာလအတွင်းမှာလည်း ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်ဟာ AIPA အစည်းအဝေးကို သွားရောက်နိုင်ဖို့အတွက် ကမ္ဘောဒီးယားနိုင်ငံကို သွားရောက်မှာဖြစ်ပါတယ်။ ထို့နည်းတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများဟာလည်း ချစ်ကြည်ရေးခရီးများ၊ ကုလသမဂ္ဂအဖွဲ့ကြီးအပါအဝင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများနဲ့ပတ်သက်တဲ့ အစည်းအဝေးများ ကို တက်ရောက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ အစိုးရသစ်ဖွဲ့စည်းပြီးတဲ့နောက် ပြည်ပကနေ ချစ်ကြည်ရေးခရီးလာရောက်မှုတွေကို တင်ပြရမယ်ဆိုရင် ၄-၄-၂၀၁၁ ရက်နေ့မှာ လာရောက်ခဲ့တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီရဲ့ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်နဲ့ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်ရဲ့ ၁၁ ကြိမ် မြောက်အမျိုးသားကော်မတီဥက္ကဋ္ဌဖြစ်တဲ့ မစ္စတာကျာချင့်လင်ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့၊ ၁၁-၇-၂၀၁၁ နေ့မှာလာရောက်ခဲ့တဲ့ လာအို ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်သွန်ဆင်းသမားဗောင်ဦးစီးတဲ့ ကိုယ်စားလှယ်အဖွဲ့၊ ၉-၆-၂၀၁၁ နေ့မှာလာရောက်ခဲ့တဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယ ဝန်ကြီးချုပ် H.E. Mr. Hoang Trung Hai ဦးဆောင်တဲ့ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၊ ၁၃-၅-၂၀၁၁ ရက်နေ့မှာလာရောက်ခဲ့တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့၊ ၃-၅-၂၀၁၁ မှ ၆-၅-၂၀၁၁ထိလာရောက်ခဲ့တဲ့ ပြင်သစ်အောက်လွှတ်တော်အမတ် Mr. Gaetam Gorce ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့၊ ၁၂-၅-၂၀၁၁ ရက်နေ့မှာလာရောက်ခဲ့တဲ့ နော်ဝေ ဒုတိယနိုင်ငံခြားရေးဝန်ကြီး အက်စပင်ဘတ်သ်အိုက်ဒ်နဲ့အဖွဲ့၊ ၂၀၁၁ ခုနှစ် မေလအတွင်းမှာ လာရောက်ခဲ့တဲ့ အမေရိကန်ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျိုးဇက်ယွန်းနဲ့ ကိုယ်စားလှယ်အဖွဲ့၊ ၁-၆-၂၀၁၁မှာ လာရောက်ခဲ့တဲ့ အမေရိကန်အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းနဲ့ ကိုယ်စားလှယ်အဖွဲ့၊ ၂၀-၆-၂၀၁၁ ရက်နေ့မှာလာ ရောက်ခဲ့တဲ့ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး Mr. Krishna ဦးဆောင်တဲ့ကိုယ်စားလှယ်အဖွဲ့၊ ၂၀-၆-၂၀၁၁ မှာလာရောက်ခဲ့တဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး Mr. Alexey Borodavkin ဦးဆောင်တဲ့ကိုယ်စားလှယ်အဖွဲ့၊ ၂၇-၆-၂၀၁၁မှာ လာရောက်ခဲ့တဲ့ တီမောလက်စ်တေနိုင်ငံခြားရေး ဝန်ကြီး ဒေါက်တာဇာကာရီ ဦးဆောင်တဲ့ကိုယ်စားလှယ်အဖွဲ့၊ ၃၀-၆-၂၀၁၁မှာ လာရောက်ခဲ့တဲ့

ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး Mr. Kevin Rudd ဦးဆောင်တဲ့ကိုယ်စားလှယ်အဖွဲ့၊ ၁၁-၇-၂၀၁၁ မှာ လာရောက်ခဲ့တဲ့ ဥရောပသမဂ္ဂမှ မစ္စတာရောဘတ်ကူးပါး ခေါင်းဆောင်တဲ့ကိုယ်စားလှယ်အဖွဲ့၊ ၂၃-၈-၂၀၁၁မှာ လာရောက်ခဲ့တဲ့ အိန္ဒိယသမ္မတနိုင်ငံရေတပ် ဦးစီးချုပ်General Nirmal Verma ဦးဆောင်တဲ့ကိုယ်စားလှယ်အဖွဲ့၊ ၉-၉-၂၀၁၁မှာလာရောက်ခဲ့တဲ့ ဥရောပသမဂ္ဂမှမဟာမင်းကြီးဖြစ်တဲ့ မစ္စခရစ်တာလီနာဂျော်ဂျီဗာ ဦးဆောင်တဲ့ကိုယ်စားလှယ်အဖွဲ့နဲ့ အမေရိကန်သမ္မတရဲ့ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နဲ့ မူဝါဒရေးရာညှိနှိုင်းရေးမှူး ဒဲရက်မီရှယ်ရဲ့ ၉-၉-၂၀၁၁မှ ၁၄-၉-၂၀၁၁ အထိ လက်ရှိလာရောက်လည်ပတ်နေတဲ့ ခရီးစဉ်များဖြစ်ကြောင်း တင်ပြလိုပါတယ်။ နောက်ထပ်ပြည်ပ ခရီးစဉ်များလည်း မြန်မာနိုင်ငံအတွင်းသို့ လာရောက်ရန်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့တင်ပြလိုတာကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ လွတ်လပ်၍ တက်ကြွပြီးဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနဲ့အညီ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ နိုင်ငံအချင်းချင်း မိတ်မပျက်ပေါင်းသင်းဆက်ဆံရေးကိုရှေးရှုပြီး ဒေသအတွင်းနဲ့ အခြားနိုင်ငံများ၊ ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ဆက်လက်ပြီးတက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးမေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသောဧည့်သည့်တော်များအား လေးစားစွာ ဂါရဝပြုပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရေဖြူမဲဆန္ဒနယ်၊ တနင်္သာရီတိုင်းဒေသကြီးမှ ကိုယ်စားလှယ် ဦးဝင်းဦးဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကို စကားလုံးအသုံးအနှုန်းမမှားချင်တဲ့အတွက် ဖတ်ကြားတင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ စီးပွားရေးစနစ်သည်ဈေးကွက်စီးပွားရေးဖြစ်သည်နှင့်အညီ နိုင်ငံတကာနှင့်ပြည်တွင်းမှ ရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် အစိုးရသစ်ကာလပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုကဏ္ဍတိုးတက်ဖြစ်ထွန်းမှုအခြေအနေများကို သိရှိလိုပါသဖြင့် ရှင်းလင်းဖြေကြားပေးပါခင်ဗျား။ အနည်းငယ်တင်ပြလိုပါတယ်ခင်ဗျား။ ယခုအခါ စနစ်သစ်နှင့်အစိုးရသစ်အုပ်ချုပ်ရေးကာလ ၆ လ နီးပါးရှိပြီဖြစ်ပါတယ်။ ယနေ့အထိပြည်တွင်းပြည်ပ၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေတိုးတက်ဖြစ်ထွန်းမှုရှိ၊ မရှိကို ယခင်ကာလများနှင့် နှိုင်းယှဉ်သိလို၍ မေးမြန်းခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ပါဝင်တဲ့ကော်မတီဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေနဲ့လည်း ပြည်ထောင်စုဝန်ကြီးဌာနများ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် MIC တို့နှင့်ပူးပေါင်း၍ ယခုအစိုးရသစ်လက်ထက်တွင်

မိမိတို့နိုင်ငံနှင့်သင့်တော်ကိုက်ညီသော ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်ပေါ်စေရေးအတွက် အပြုသဘောဆောင်တဲ့ ဥပဒေပြုရေးလုပ်ငန်း၊ လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် ပူးပေါင်းလုပ်ကိုင်သွားမည်ဟုတင်ပြရင်း ကျွန်တော့်မေးခွန်းကို နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးကဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးတင်နိုင်သိန်း(ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းဂါရဝပြုအပ်ပါတယ်။ ရေဖြူမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဦးရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ စီးပွားရေးစနစ်ဟာ ဈေးကွက်စီးပွားရေးစနစ်ဖြစ်တာနဲ့အညီ နိုင်ငံအတွင်းရှိလုပ်ကိုင်လျက်ရှိကြတဲ့ နိုင်ငံတကာနဲ့ ပြည်တွင်းမှရင်းနှီးမြှုပ်နှံမှုများအခြေအနေနဲ့ အစိုးရသစ်ကာလပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုအခြေအနေများနဲ့ပတ်သက်ပြီး မေးမြန်းချက်ကို အမျိုးသားစီမံကိန်းနဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကျွန်တော်က ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဦးဝင်းဦးရဲ့မေးခွန်းမှာ အပိုင်းနှစ်ပိုင်းပါဝင်ပါတယ်။ ပထမပိုင်းဖြစ်တဲ့ မေးခွန်းပထမအချက်ကနိုင်ငံအတွင်းရှိ လက်ရှိလုပ်ကိုင်လျက်ရှိတဲ့ နိုင်ငံတကာနဲ့ ပြည်တွင်းမှရင်းနှီးမြှုပ်နှံမှု အခြေအနေများကို မေးမြန်းထားပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အထူးစီးပွားရေးဇုန်ဥပဒေနဲ့ ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေတို့ကို ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းဥပဒေများအနက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို စတင်ပြဋ္ဌာန်းခဲ့တဲ့ ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလကနေစပြီး ၂၀၁၁ ခုနှစ်၊ ဩဂုတ်လကုန်အထိ နိုင်ငံပေါင်း ၃၁ နိုင်ငံကနေပြီးလုပ်ငန်း အရေအတွက် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးတက်ဖြစ်ထွန်းမှု အခြေအနေများနဲ့ပတ်သက်ပြီးမေးမြန်းချက် ကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကျွန်တော်က ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဦးဝင်းဦးရဲ့ မေးခွန်းမှာ အပိုင်းနှစ်ပိုင်းပါဝင်ပါတယ်။ ပထမပိုင်းဖြစ်တဲ့ မေးခွန်းပထမအချက်က နိုင်ငံအတွင်းရှိ လက်ရှိလုပ်ကိုင်လျက်ရှိတဲ့ နိုင်ငံတကာနှင့်ပြည်တွင်းမှ ရင်းနှီးမြှုပ်နှံမှုအခြေအနေများကို မေးမြန်းထားပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အထူးစီးပွားရေးဇုန်ဥပဒေနဲ့ ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေတို့ကို ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းဥပဒေများအနက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို စတင်ပြဋ္ဌာန်းခဲ့တဲ့

၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလကနေစပြီး ၂၀၁၁ ခုနှစ်၊ ဩဂုတ်လကုန်အထိ နိုင်ငံပေါင်း ၃၁ နိုင်ငံကနေပြီး လုပ်ငန်းအရေအတွက် ၄၅၄ ခု၊ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ ၃၆.၀၇၃ ဘီလီယံ ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်။ ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုများအနေနဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍမှာ အမေရိကန် ဒေါ်လာ ၁၄.၅၂ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၄၀.၂၈ ရာခိုင်နှုန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ် မှုကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၁၃.၈၁ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၃၈.၃ ရာခိုင်နှုန်း၊ သတ္တုတူးဖော်ရေးကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၂.၇၉ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၇.၇၅ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၁.၇၄ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၄.၇၃ ရာခိုင်နှုန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၁.၀၆ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၂.၉၅ ရာခိုင်နှုန်း၊ အိမ်ယာဆောက်လုပ်မှုကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၁.၀၅ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၂.၉၃ ရာခိုင်နှုန်း၊ မွေးမြူရေးနဲ့ရေလုပ်ငန်းကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၃၂၄.၃၅ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၀.၉ ရာခိုင်နှုန်း၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၃၁၃.၂၇ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၀.၈၇ ရာခိုင်နှုန်း၊ စက်မှုဇုန်ထူထောင်မှုကဏ္ဍမှာ အမေရိကန် ဒေါ်လာ ၁၉၃.၁၁ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၀.၅၄ ရာခိုင်နှုန်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၁၇၃.၁ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၀.၄၈ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးကဏ္ဍမှာ အမေရိကန်ဒေါ်လာ ၃၇.၇၆ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၀.၁ ရာခိုင်နှုန်း၊ အခြားဝန်ဆောင်မှုလုပ်ငန်းများမှာ အမေရိကန်ဒေါ်လာ ၂၃.၆၈ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၀.၀၇ ရာခိုင်နှုန်းအသီးသီး ရင်းနှီးမြှုပ်နှံထားပြီး ဆက်လက်ဆောင်ရွက်ဆဲအနေနဲ့ နိုင်ငံပေါင်း ၂၃ နိုင်ငံက လုပ်ငန်းအရေအတွက် ၂၇၀ ခု၊ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ ၃၃.၉၆၁ ဘီလီယံဖြစ်ပါတယ်။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို စတင်ပြဋ္ဌာန်းခဲ့တဲ့ ၁၉၉၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လကုန်အထိ လုပ်ငန်းပေါင်း ၈၀၇ ခု၊ ပမာဏအမေရိကန်ဒေါ်လာ ၂.၁၉ ဘီလီယံနဲ့ မြန်မာကျပ် ၁၄၂၄.၀၃ ဘီလီယံ ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်။ ကဏ္ဍအလိုက်ရင်းနှီးမြှုပ်နှံမှုအနေနဲ့ ဆောက်လုပ်ရေးကဏ္ဍမှာ ကျပ် ၆၁၅.၃၄ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၄၃.၂၁ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍမှာ ကျပ် ၂၄၃.၉၃ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၁၇.၁၃ ရာခိုင်နှုန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍမှာ ကျပ် ၂၄၁.၈၆ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၁၆.၉၈ ရာခိုင်နှုန်း၊ အခြားဝန်ဆောင်မှုလုပ်ငန်းများမှာ ကျပ် ၁၄၄.၁၂ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၁၀.၁ ရာခိုင်နှုန်း၊ သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ ကျပ် ၆၇.၄၂ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၄.၇၃ ရာခိုင်နှုန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍမှာ ကျပ် ၅၃.၈၄ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၃.၈ ရာခိုင်နှုန်း၊ အဆောက်အဦဆောက်လုပ်မှုကဏ္ဍမှာ

ကျပ် ၃၀.၀၈ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၂.၁၁ ရာခိုင်နှုန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍမှာ ကျပ် ၁၅.၃၅ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၁.၀၈ ရာခိုင်နှုန်း၊ ဓာတ်သတ္တုတူးဖော်ရေးကဏ္ဍမှာ ကျပ် ၁၀.၅ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၀.၇၄ ရာခိုင်နှုန်း၊ စက်မှုဇုန်ထူထောင်မှုကဏ္ဍမှာ ကျပ် ၁.၀၁ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၀.၀၇ ရာခိုင်နှုန်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ကျပ် ၅၄၇.၉ သန်း၊ ရာခိုင်နှုန်း အားဖြင့် ၀.၀၄ ရာခိုင်နှုန်းရှိပြီး ဆက်လက်ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်း ၆၀၄ ခု၊ ပမာဏ အမေရိကန်ဒေါ်လာ ၁.၉၅ ဘီလီယံနဲ့ ကျပ် ၁၄၁၀ ဘီလီယံဖြစ်ပါတယ်။ ဦးဝင်းဦးရဲ့မေးခွန်း ဒုတိယအချက်ဖြစ်တဲ့ အစိုးရသစ်ကာလ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးတက်ဖြစ်ထွန်းမှု အခြေအနေကိုတင်ပြရလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ဆဲလုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၉.၃ သန်းတိုးမြှင့်ဆောင်ရွက်ခဲ့ပြီး တိုင်းရင်းသားရင်းနှီး မြှုပ်နှံမှုတစ်ခု ပမာဏကျပ် ၆.၁၅ ဘီလီယံ ထပ်မံခွင့်ပြုခဲ့ပါတယ်။ ဆောင်ရွက်ဆဲနိုင်ငံသားရင်း နှီးမြှုပ်နှံမှုလုပ်ငန်းများမှကျပ် ၁၃.၄၁ သန်း၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၈ဘီလီယံတန်ဖိုးရှိတဲ့ ထားဝယ်အထူးစီးပွားရေးဇုန်ကိုလည်း စတင်အကောင် အထည်ဖော်လျက်ရှိပါတယ်။ နိုင်ငံအတွင်းရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရေး အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်ရေးဆွဲလျက်ရှိပြီး လွှတ်တော်အသီးသီးကနေ တစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန်စီစဉ်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုကိစ္စများ ဆောင်ရွက်ရန်အတွက် စိတ်ဝင်စားတဲ့ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံလိုသူ အများအပြားရှိနေပြီး ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ကစပြီး စက်တင်ဘာလ ၉ ရက်နေ့အထိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လာရောက်တွေ့ဆုံတဲ့ အဖွဲ့ပေါင်း ၂၀ ခန့်နဲ့ လူဦးရေ ၂၀၀ ကျော်ခန့်ရှိပါတယ်။ ၎င်းတို့ဟာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေလုပ်ထုံးလုပ်နည်းများကို ပိုမို ဖြေလျှော့ပြင်ဆင်မယ်ဆိုတဲ့အခြေအနေ သိရှိတဲ့အတွက်ကြောင့်လည်း ထိုအခြေအနေကိုစောင့်ဆိုင်းပြီး တော့မှ ရင်းနှီးမြှုပ်နှံရန် စောင့်ဆိုင်းနေကြခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာမြေကိစ္စနှင့်ငွေကိစ္စများ အဆင်ပြေပိုမိုချောမွေ့စေရန်အတွက်ကို ယခုအခါ အစိုးရအဖွဲ့ကို တင်ပြဆောင်ရွက်လျက်ရှိပါတယ်။ သို့ပါ၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေ လုပ်ထုံးလုပ်နည်းများပြီးဆုံးပြီး ထုတ်ပြန်ကြေညာပြီးသည့် နောက်ပိုင်းတွင်စောင့်ဆိုင်းနေသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဝင်ရောက်လာမှာဖြစ်ကြောင်းသုံးသပ် တွေ့ရှိရပါတယ်။ နိုင်ငံတစ်ခုရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကုန်သွယ်မှုနဲ့ရင်းနှီးမြှုပ်နှံမှုဟာ မောင်းနှင်အားတစ်ရပ်ဖြစ်ပါတယ်။ ကုန်သွယ်မှုအပိုင်းမှာလည်း မိမိတို့နိုင်ငံမှာရှိတဲ့ သယံဇာတ အရင်းအနှီးများကို ကုန်ကြမ်းအတိုင်းတင်ပို့တဲ့အခြေအနေက ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ကာ ကုန်ချော

ထုတ်လုပ်မှုလုပ်ငန်းများတိုးချဲ့ခြင်း၊ သွင်းကုန်အစားထိုးလုပ်ငန်းများနှင့် လုပ်သားအင်အားအခြေပြု ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းနဲ့ မိမိတို့နိုင်ငံမှာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုများပြားလာခြင်း၊ အရင်းအနှီးနဲ့နည်းပညာလိုအပ်သည့် လုပ်ငန်းများအတွက် နိုင်ငံခြားသားများနှင့် ဖက်စပ်လုပ်ငန်းထူထောင်ဆောင်ရွက်ခြင်းဖြင့် နည်းပညာများရရှိနိုင်ခြင်း၊ အဆင့်မြင့်နည်းပညာနဲ့ အရင်းအနှီးကြီးမားစွာ ဆောင်ရွက်တဲ့လုပ်ငန်းများအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် မိမိနိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေခြင်းစသည်တို့ကို ဆောင်ရွက်နိုင်မှသာလျှင် နိုင်ငံ့ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ကောင်းမွန်သောရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင် ဖြစ်ပေါ်စေရေးအတွက်ကိုလည်း ရင်းနှီးမြှုပ်နှံမှု တိုးတက်ခွင့်ပြုဆောင်ရွက်ရာတွင် အမျိုးသားအကျိုးစီးပွားမထိခိုက်ရေး နိုင်ငံတော်၏ ဂုဏ်သိက္ခာမထိခိုက်ရေး၊ အချုပ်အခြာအာဏာမထိခိုက်ရေး၊ သဘာဝပတ်ဝန်းကျင်မထိခိုက်ရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားမထိခိုက်ရေးအတွက် အလေးထားဆောင်ရွက်ရန် နိုင်ငံတော်သမ္မတကြီးမှလည်း လမ်းညွှန်ဆောင်ရွက်စေလျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်လှိုင်(ဖြူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေသတွင်းနေပြည်သူ လူထုကျန်းမာရေး အဆင့်အတန်းတိုးတက်ရေးကိစ္စ မေးမြန်းရခြင်းဖြစ်ပါတယ်။ ပဲခူးတိုင်း ဒေသကြီး၊ ဖြူးမြို့နယ်မှာ လူဦးရေ ၂၇၀၀၀၀ ကျော်ရှိပြီး မြို့နယ်ဆေးရုံကို ၁၉၃၀ ခုနှစ်တွင် ၂၅ ခုတင်ဆံ့ဆေးရုံအဖြစ်လည်းကောင်း၊ ၁၉၇၀ ခုနှစ်တွင် ၅၀ ခုတင်ဆံ့ ဆေးရုံအဖြစ်လည်းကောင်း တိုးမြှင့်ခဲ့ပါတယ်။ ယခုအခါ အလှူရှင်များလှူဒါန်းမှုကြောင့် ဖြူးမြို့နယ်ဆေးရုံ၌ ပင်မအဆောက်အဦ Main Building နှစ်ထပ်ဆောင်တစ်ဆောင်၊ ကျား လူနာကုတစ်ထပ်ဆောင်တစ်ဆောင်၊ မ လူနာကု တစ်ထပ်ဆောင် တစ်ဆောင်၊ ခွဲစိတ်ကုသခန်းနဲ့သားဖွားခန်းတစ်ဆောင်၊ ဂါလံ ၃၂၀၀ ဆံ့ ရေစင်နှင့် ရေစက် ၄ လက်မ အဝီစိတွင်းတစ်စုံ၊ ၃၂၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ အရေးပေါ် ၂၅ ကေဗွီအေဂျင်နရေတာ အင်ဂျင်တစ်လုံး၊ လူနာစောင့်များနေရန် တစ်ထပ်ဆောင်တစ်ဆောင်နှင့် ကားရပ်ရန်ကားပါကင်နေရာ

အပါအဝင် လစဉ် မန်းအောင်ငြိမ်းဖောင်ဒေးရှင်းမှ အလှူငွေ ၁၀ သိန်း၊ ချို့တဲ့သောလူနာများအတွက် ဆေးဖိုးထောက်ပံ့လျှက်ရှိပါသဖြင့် ခုတင် ၁၀၀ ဆံ့ဆေးရုံအဖြစ်တိုးမြှင့် နိုင်သည့်အခြေအနေရှိနေပြီ ဖြစ်သောကြောင့် တိုးမြှင့်ပေးပါရန်အစီအစဉ် ရှိ၊ မရှိ နှင့် ရှိပါက မည်သည့် အချိန်တွင်တိုးမြှင့်ပေးမည် ကို သိလို၍ မေးမြန်းခြင်းရဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ တောင်ဥက္ကလာပမဲဆန္ဒနယ်က ဦးအောင်သိန်းလင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ ခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်တင်ပြမယ့် မေးခွန်းမှာ ဥပဒေ ကဲ့သို့သော စာသားတွေပါတဲ့အတွက် ကျွန်တော့်ကို ဖတ်ကြားတင်ပြခွင့်ပြုပါလို့ တင်ပြအပ်ပါတယ်။ ဒီလို တင်ပြရတဲ့၊ မေးမြန်းရတဲ့၊ အကြောင်းအရင်းကလည်း ကျွန်တော့်ဆီကို အနောက်တိုင်းဆေးဝါး၊ ပြည်တွင်းဆေးဝါး ထုတ်လုပ်တဲ့လုပ်ငန်းရှင်တွေက လာရောက်ပြီးတော့မှ သူတို့အခက်အခဲတွေကို ဖြေရှင်းပေးပါလို့ တောင်းဆိုတဲ့အတွက် တင်ပြရခြင်းဖြစ်ပါတယ်။ ပြည်သူတို့ရဲ့ မျှော်လင့်ချက်ကို လွှတ်တော်က ဖော်ဆောင်ရွက်ဆိုတဲ့ဆောင်ပုဒ်အတိုင်း တင်ပြရခြင်းဖြစ်ပြီးတော့မှ ဘယ်သူတစ်ဦး တစ်ယောက်အဖွဲ့အစည်းကိုမှ ထိခိုက်စေလိုတဲ့ဆန္ဒမပါဘူးဆိုတာ ဦးစွာတင်ပြလိုပါတယ်။ အနောက် တိုင်းဆေးဝါးနဲ့ တိုင်းရင်းဆေးဝါးတွေ၊ ထုတ်လုပ်တဲ့လုပ်ငန်းရှင်တွေ လုပ်ငန်းနဲ့ပတ်သက်လို့ ဒီဆေးဝါး ထုတ်လုပ်တဲ့လုပ်ငန်းတွေဟာ လုပ်ငန်းလိုင်စင်နှစ်မျိုးရယူရပါတယ်။ သာမန်စက်မှုလုပ်ငန်းတွေ ကတော့ စက်မှုလုပ်ငန်းလိုင်စင်ရယူရပေမယ့် ဆေးဝါးထုတ်လုပ်တဲ့လုပ်ငန်းတွေကတော့ စက်မှုလိုင်စင် သာမက ဆေးဝါးထုတ်လုပ်တဲ့လိုင်စင်ကိုပါရယူကြရပါတယ်။ စက်မှုလိုင်စင်ကိုတော့ စက်မှု(၁) စက်မှု ကြီးကြပ်ရေးနဲ့စစ်ဆေးရေးက စစ်ဆေးစိစစ်ဆောင်ရွက်ပေးပြီးတော့မှ ဆေးဝါးထုတ်လုပ်မှုလိုင်စင်ကို တော့ကျန်းမာရေးဝန်ကြီးဌာနကပေးတယ်လို့ကျွန်တော်သိပါတယ်။ အနောက်တိုင်းဆေးဝါးနဲ့တိုင်းရင်း ဆေးဝါးထုတ်လုပ်ကြတဲ့ လုပ်ငန်းရှင်တွေအနေနဲ့ ၂၆-၁၁-၁၉၉၀ ရက်နေ့မှာ ပြဋ္ဌာန်းတဲ့ပုဂ္ဂလိက စက်မှုလုပ်ငန်းဥပဒေနဲ့ ထိုဥပဒေအရ ၁-၂-၁၉၉၁ ရက်စွဲဖြင့် ထုတ်ပြန်တဲ့လုပ်ထုံးလုပ်နည်းများကို ပထမဦးစွာ လိုက်နာဆောင်ရွက်ရပါတယ်။ အဲဒီနောက်ပိုင်းမှာ ၃၀-၁၀-၁၉၉၂ ခုနှစ်ရက်စွဲဖြင့် ထုတ်ပြန်တဲ့ အမျိုးသားဆေးဝါးဥပဒေနဲ့ ဒီဆေးဝါးဥပဒေကို အကြောင်းပြုပြီးမှ ထုတ်ပြန်တဲ့အမိန့် ကြော်ငြာစာများကိုလိုက်နာဆောင်ရွက်ကြရတဲ့ Procedure ရှိပါတယ်။ စက်မှုလုပ်ငန်းလိုင်စင် ပထမဦးစွာ လျှောက်ထားခွင့်ပြုချက်ရရှိပြီးမှသာ ဆေးဝါးထုတ်တဲ့လုပ်ငန်းလိုင်စင်ကိုရယူကြရတာ

ဖြစ်ပါတယ်။ ဒီဆေးဝါးစက်ရုံတွေအနေနဲ့ ၁၉၉၁-၁၉၉၂ ခုနှစ်ကစပြီးတော့မှ ဆေးဝါးလိုင်စင်တွေကို ရယူပြီးတော့မှ ဆေးဝါးထုတ်လုပ်လျက်ရှိရာကနေပြီးတော့မှ အခုအချိန်မှာတော့ အချို့စက်ရုံ တွေဟာ အကြောင်းအရင်းမသိရဘဲနဲ့ စက်မှုလုပ်ငန်းလိုင်စင်သက်တမ်းတိုးတာ ခွင့်ပြုချက်မရတာ ဖြစ်နေပါတယ်။ ဆေးဝါးမှတ်ပုံတင်သက်တမ်းတိုးခွင့်လည်း မရတာကိုတွေ့ရှိနေရပါတယ်။ တချို့စက်ရုံတွေကြတော့ ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းဟာ ပုဂ္ဂလိကများအား လုပ်ကိုင်ခွင့်ပြုသင့်သည့် လုပ်ငန်းအမျိုးအစားမဟုတ်ကြောင်း လက်ရှိနည်းပညာအဆင့်အတန်းအရ ပြည်တွင်းပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များအား ဆေးဝါးထုတ်လုပ်ခွင့်၊ လုပ်ကိုင်ခွင့်ပြုမည်မဟုတ်ကြောင်းဆိုတဲ့ ညွှန်ကြားစာကို ရည်ညွှန်းပြီးတော့မှ အချို့စက်ရုံတွေကို ပိတ်သိမ်းစေတာကိုလည်း လာရောက်တင်ပြတဲ့စာတွေအရ သိရှိရပါတယ်။ အဲဒီလို စက်ရုံပိတ်သိမ်းဖို့ ညွှန်ကြားခဲ့တဲ့အတွက် ဆေးဝါးထုတ်လုပ်ရေးစက်ရုံတချို့ဟာ ပိတ်သိမ်းပြီးတော့မှ အလုပ်သမားတွေ အလုပ်လက်မဲ့ဖြစ်တဲ့ဘဝကို ရောက်ရှိပြီးတော့ ငွေကြေးအရင်းအနှီးစိုက်ထုတ်ပြီးတော့ စက်ရုံတည်ထောင်လုပ်ကိုင်ရတဲ့ လုပ်ငန်းရှင်အတွက်လည်း ရှေ့မတိုးသာ၊ နောက်မဆုတ်သာနဲ့ အခက်အခဲတွေဖြစ်နေရတာကို တွေ့ရှိနေရပါတယ်။ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရ ထုတ်ပြန်ခဲ့တဲ့လုပ်ထုံးလုပ်နည်းများ ၁၉၉၁ ခုနှစ်ပါ အမိန့်ကြော်ငြာစာ အမှတ်(၂၃/၉၁)အပိုဒ် ၁၅ မှာ ညွှန်ကြားရေးမှူးချုပ်သည် မှတ်ပုံတင်ပေးရန်ငြင်းဆိုခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းပြုလုပ်လျှင် မည်သည့်အကြောင်းကြောင့် ယင်းသို့ပြုလုပ်ကြောင်းကို သက်ဆိုင်သူထံသို့ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးမှတစ်ဆင့် စာဖြင့်အကြောင်းကြားရမည်ဟု အတိအလင်းဖော်ပြထားပါတယ်။ နောက် အဲဒီအမိန့်ကြော်ငြာစာမှာပဲ အပိုဒ် ၂၁ မှာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးမှူးသည် သတ်မှတ်ချက်များနှင့်ညီညွတ်ကြောင်း တွေ့ရှိရသည့်အပြင် သတ်မှတ်ထားသောမှတ်ပုံတင်သက်တမ်းတိုးမြှင့်ကြေးကိုပါ လျှောက်ထားသူကပေးသွင်းပြီးကြောင်း အထောက်အထား တင်ပြသည့်အခါ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရမယ်လို့ အတိအလင်းဖော်ပြထားပေမယ့် အခုအခါမှာ ဆေးဝါးစက်ရုံတချို့ဟာ အကြောင်းအရင်းမသိဘဲနဲ့ လိုင်စင်သက်တမ်းတိုးခွင့်မရတာကို တွေ့ရှိရပါတယ်။ စက်မှုလုပ်ငန်းလိုင်စင်ဖြစ်ပါတယ်။ နောက်တစ်ခါ သူနဲ့နှိုင်းယှဉ်ပြီးတော့မှ အမျိုးသားဆေးဝါးဥပဒေကို လေ့လာတဲ့အခါမှာ အမျိုးသားဆေးဝါးဥပဒေ ၁၉၉၂ ခုနှစ်၊ ပုဒ်မ ၃၂၊ ပုဒ်မခွဲ ၁ အရ ထုတ်ပြန်တဲ့ အမိန့်ကြော်ငြာစာ(၃/၉၃) အပိုဒ် ၅ မှာ မြန်မာနိုင်ငံအစားအသောက်နဲ့ ဆေးဝါးအာဏာပိုင်အဖွဲ့ သို့မဟုတ် ယင်းကတာဝန်ပေးအပ်ထားသည့် အစားအသောက်နှင့်ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီသည် လိုင်စင်လျှောက်ထားခြင်းကို စိစစ်ပြီးနောက်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း

ပြုနိုင်သည်လို့ဖော်ပြထားပေမယ့် စက်မှုလုပ်ငန်းဥပဒေ (၂၃/၉၁)အပိုဒ် ၁၅ မှာ ကဲ့သို့ ငြင်းပယ်ခြင်း အတွက်မည်သည့်အကြောင်းကြောင့် ငြင်းပယ်ရသည်ကို သက်ဆိုင်သူထံစာဖြင့် ပြန်ကြားပေးရန်ဆိုတဲ့ ညွှန်ကြားချက်မပါသေးတာကို တွေ့ရှိရပါတယ်။ ဆေးဝါးလိုင်စင် သက်တမ်းတိုးရေးအတွက်လည်း စက်မှုလုပ်ငန်းဥပဒေအပိုဒ် ဥပဒေအမိန့် (၂၃/၉၁)အပိုဒ် ၂၁ ကဲ့သို့ မည်သည့်အချက်များနှင့် ကိုက်ညီလျှင်သက်တမ်းတိုးပေးရမယ်လို့ တိတိကျကျညွှန်ကြားချက်လည်း မပါရှိသေးတာကိုတွေ့ရှိရတဲ့ အတွက် ဖြည့်စွက်ရန်လိုနေတာကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ပုဂ္ဂလိက ဆေးဝါးထုတ်လုပ်တဲ့ လုပ်ငန်းစတင်တဲ့ကာလနဲ့ တစ်ချိန်တည်းမှာပဲ ဗီယက်နမ်နိုင်ငံဟာလည်း ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းတွေ လုပ်ဆောင်ခဲ့တဲ့အခါမှာ၊ ယခုအခါမှာ မိမိတို့နိုင်ငံအတွင်းသို့ ဗီယက်နမ်နိုင်ငံက ထုတ်လုပ်တဲ့ဆေးဝါးများ ထိုးဖောက်ဝင်ရောက်လာရုံသာမက ထိုဆေးဝါးများ၊ ဆေးဝါးစက်ရုံများ၊ မိမိနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ကြိုးပမ်းလာတာကို တွေ့ရှိရပါတယ်။ ယခုအခါမှာ မိမိတို့နိုင်ငံမှာ ဆေးဝါးတက္ကသိုလ်ဖွင့်လှစ်ပေးနိုင်ပြီး ဆေးဝါးထုတ်လုပ်သူပညာရှင်များ ကိုလည်းမွေးထုတ်နိုင်ပြီး လုံလောက်သောအရင်းအနှီးဖြင့် ဆေးဝါးစက်ရုံများ ထပ်မံတိုးချဲ့ တည်ဆောက်ပြီး ဆေးဝါးထုတ်လုပ်နိုင်ကြပြီဖြစ်ပါတယ်။ ဒါကြောင့် အထက်မှာတင်ပြခဲ့တဲ့ နည်းပညာ အဆင့်အတန်းအရ ပြည်တွင်းပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များအား ဆေးဝါးထုတ်လုပ်မှုလုပ်ကိုင်ခွင့် မပြုသည့် ညွှန်ကြားချက်ဟာ ယခု ထုတ်ပြန်ထားတဲ့ စက်မှုလုပ်ငန်းဥပဒေ၊ အမျိုးသားဆေးဝါးဥပဒေ တို့နဲ့ ရှေ့နောက်ညီညွတ်မှုမရှိတဲ့အတွက် ခေတ်ကာလအခြေအနေနဲ့ ကိုက်ညီမှုမရှိတော့တာကို တွေ့ရှိခဲ့ရပါတယ်။ ခေတ်အဆက်ဆက်မှာ ဆေးဝါးထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေဟာ နောက်ကျကျန် ခဲ့တဲ့အတွက် အဲဒီရဲ့အကျိုးဆက်အဖြစ် နှစ်စဉ်ကျွန်တော်တို့ နိုင်ငံအတွင်းကို ပြည်ပကနေပြီးတော့မှ ဆေးဝါးတွေ အမေရိကန်ဒေါ်လာသန်း ၂၀၀ ကျော်ဖိုးခန့် တင်သွင်းနေရကြောင်း စာရင်းဇယားများ အရသိရှိရပါတယ်။ ပြည်ပမှတင်သွင်းရတယ်။ ဆေးဝါးတွေလည်း ဈေးနှုန်းကြီးတဲ့အတွက် ဆေးဝါးအတုတွေ အာနိသင်နည်းတဲ့ ဆေးဝါးတွေလည်း မှောင်ခိုဝင်ရောက်လာပါတယ်။ မှောင်ခို လမ်းကြောင်းက ဝင်ရောက်လာတဲ့အတွက် FDA က စစ်ဆေးအရေးယူပေမယ့် မှောင်ခိုလမ်းကြောင်း တွေက ဝင်ရောက်လာတာမို့လို့ ရာခိုင်နှုန်းပြည့်ကိုတော့ စစ်ဆေးအရေးယူ ဆောင်ရွက်ဖို့အတွက် ခက်ခဲမယ်လို့ယူဆပါတယ်။ အဲဒီလွတ်သွားတဲ့ ဆေးဝါးအတုတွေဟာ ပြည်သူလူထုဝမ်းထဲရောက်သွား တာဖြစ်ပါတယ်။ မကြာမီ ၂၀၁၅ မှာ ကျွန်တော်တို့ နိုင်ငံမှာ AFTA သဘောတူညီချက်အရ

အကောက်အခွန်အတားအဆီးလျှော့ချထားတဲ့ ၁၀ နိုင်ငံပါဝင်ပြီးလူဦးရေ သန်း ၆၀၀ ရှိတဲ့ ဈေးကွက်ကြီးပေါ်ပေါက်လာတော့မှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွင်းမှာ ဈေးကွက်ကိုကန့်သတ်ကုန်မှ အပ ကုန်ပစ္စည်းတော်တော်များများဟာ ပြည်ပကနေပြီးတော့မှ အကောက်အခွန်မဲ့ ဝင်ရောက်လာကြတော့မှာဖြစ်ပါတယ်။ AFTA မစတင်မီကပင် နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်ဖိုး ဆေးဈေးကွက်ရဲ့ ၈၀ ရာခိုင်နှုန်းကို ပြည်ပမှဆေးများ ဝင်ရောက်နေရာယူကြပြီးတော့မှ မီဒီယာတွေနဲ့ပါ ထိုးဖောက်လွှမ်းမိုးထားနိုင်တဲ့အတွက် ၂၀၁၅ မှာ ဆေးဈေးကွက်ရဲ့ ၈၀ ရာခိုင်နှုန်း အထက်ကို ပြည်ပဆေးဝါးများ လွှမ်းမိုးလာလို့ရှိရင် ကျွန်တော်တို့ရဲ့ ပြည်တွင်းဆေးဝါးထုတ်လုပ်မှုလုပ်ငန်းတွေဟာ တစ်ဖြည်းဖြည်း ပြိုလဲကျဆုံးတော့မယ့်အန္တရာယ်ရှိနေတယ်လို့ သုံးသပ်ရပါတယ်။ အခုအချိန်မှာ ကျွန်တော်တို့နိုင်ငံမှာ လက်ရှိတည်ထောင်ပြီးဖြစ်တဲ့ အနောက်တိုင်းဆေးဝါးထုတ်လုပ်မှုလုပ်ငန်းတွေ တိုင်းရင်းဆေးဝါးထုတ်လုပ်မှုလုပ်ငန်းတွေကို လိုင်စင်သက်တမ်းတိုးပေးခြင်းအတွက် စိတ်ပူပန်နေရမှုမရှိစေဖို့နဲ့ ဆေးရုံသစ်တွေအတွက် လွယ်လွယ်ကူကူ ချောချောမွေ့မွေ့လုပ်ငန်းလိုင်စင်တွေ လိုင်စင်သက်တမ်းတိုးခွင့်တွေရရှိမှသာ စက်ရုံအသစ်တွေလည်း တိုးတက်ထွန်းကားလာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အောက်ပါမေးခွန်းသုံးခုကို မေးလိုပါတယ်။ လိုင်စင်သက်တမ်းရရှိပြီးသော ဆေးဝါးစက်ရုံအချို့ အကြောင်းအရင်းမသိပဲ လိုင်စင်သက်တမ်းတိုးခွင့်မရခြင်းနှင့် လက်ရှိနည်းပညာအဆင့်အတန်းအရ ပြည်တွင်းပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များအား ဆေးဝါးထုတ်လုပ်မှု လုပ်ကိုင်ခွင့်မပြုကြောင်း မှတ်ချက်ပြုခံရပြီး ပိတ်သိမ်းစေခဲ့သော ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ ဒါကတော့ ကျွန်တော် သိသလောက်တော့ စက်မှုကြီးကြပ်ရေးနဲ့စစ်ဆေးရေးဌာန စက်မှု(၁)က ဆောင်ရွက်ရမှာဖြစ်ပါတယ်။ မေးခွန်း(၂) ကျန်းမာရေးဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာ(၃/၉၃)မှာ အမှတ်(၁)စက်မှုဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ် (၂၃/၉၁)အပိုဒ် ၁၅၊ ၂၁ တို့ကဲ့သို့ တိကျတဲ့ အချက်တွေကို ထပ်မံဖြည့်စွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ သိလိုပါတယ်။ နံပါတ်(၃)အနေနဲ့ကတော့ ကျွန်တော်တို့နိုင်ငံ ဆေးဝါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက် နောက်တစ်ခါဆေးဝါးထုတ်လုပ်သူလုပ်ငန်းရှင်နဲ့ ကြီးကြပ်ကြပ်မတ်ရသူတို့ လေးလေးစားစား တိတိကျကျ လိုက်နာဆောင်ရွက်စေရန် ရည်ရွယ်ပြီးတော့မှ မေးလိုတာကတော့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာ(၃/၉၃)၊ (၄/၉၄)၊ (၅/၉၃)၊ (၆/၉၃)၊ (၇/၉၃)နဲ့ အမှတ်(၁) စက်မှုဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာ

အမှတ်(၂၃/၉၁)တို့ကို ဥပဒေအဖြစ်ပြဋ္ဌာန်းပေးရန်အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း တတိယမေးခွန်း အနေနဲ့ မေးလိုပါတယ်ခင်ဗျား။ အားလုံးကျေးဇူး တင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းသန်းနိုင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်ရဲ့မြို့တော် ဘားအံမြို့မှာ ဆေးရုံ အဆောက်အအုံသစ်ဆောက်လုပ်ပေးနိုင်ရေးအတွက် ဆေးရုံနဲ့လူနာအခြေအနေကိုတင်ပြရင်း မေးခွန်း မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘားအံမြို့နယ်အတွင်းမှာ ကျန်းမာရေးဆိုင်ရာ ဆေးရုံ၊ ဆေးခန်းပေါင်း ၇၈ ခုရှိပြီးတော့ ဘားအံပြည်နယ် ပြည်သူ့ဆေးရုံကြီးမှာ အဆောက်အအုံပေါင်း ၁၂ ခု၊ ကုသရေးဌာန ၁၁ ခုနဲ့ အထောက်အကူပြုဌာန ၂ ခုတို့ရှိကြပါတယ်။ ပြည်နယ်ပြည်သူ့ဆေးရုံကြီးကို နေ့စဉ်ပျမ်းမျှ အတွင်းလူနာ ၁၃၂.၅၆ ဦး၊ ပျမ်းမျှအပြင်လူနာ ၇၈.၆၅ ဦးတို့ လာရောက် ဆေးကုသမှု ခံယူနေလျက်ရှိကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆေးရုံအဆောက်အအုံတွေအနက်က ထိခိုက်ဒဏ်ရာနဲ့ အရိုးလူနာကုသဆောင်၊ ကလေးလူနာဆောင်နှင့် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းလူနာဆောင် တို့ဟာ သက်တမ်းအားဖြင့် အနှစ် ၅၀ ကျော်နေပြီဖြစ်ပြီး အဆောက်အအုံနဲ့လူနာ မမျှမတဖြစ်နေပါ တယ်။ သို့ဖြစ်ပါ၍ ဘားအံမြို့မှာ ဆေးရုံအဆောက်အအုံသစ် ဆောက်လုပ်ပေးရန် လိုအပ်နေသည်ကို ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆမိပါတယ်။ ဆေးရုံအဆောက်အအုံသစ် ဆောက်လုပ်ပေးဖို့ အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ဒဂုံမြို့သစ်၊ မြောက်ပိုင်းမှ ဒေါ်တင်နွယ်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်၊ မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ ကျွန်မကတော့ မြောက်ဒဂုံ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တင်နွယ်ဦးဖြစ်ပါတယ်။ ကျွန်မမေးမယ့်မေးခွန်းကတော့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ ခပ်ဆင်ဆင်တူတဲ့ ပညာရေး ကဏ္ဍနဲ့ပတ်သက်တဲ့မေးခွန်းကို ပြီးခဲ့တဲ့ အင်္ဂါနေ့က တစ်ခါမေးခဲ့ပြီးဖြစ်ပါတယ်။ ကျွန်မမေးမယ့် ကျန်းမာရေးမေးခွန်းဖတ်ပြရင်းနဲ့ ပညာရေး

ကဏ္ဍမေးခွန်းမပါခဲ့တဲ့အကြောင်းလည်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုပါတယ်။ ကျွန်မမေးမယ့် ကျန်းမာရေးမေးခွန်းကတော့ မြန်မာနိုင်ငံမှာ လွန်ခဲ့သော ၅ နှစ်အတွင်း အသုံးပြုခဲ့သော ဘဏ္ဍာငွေများအနက်မှ ကျန်းမာရေးကဏ္ဍအတွက် မည်သို့မည်ပုံခွဲဝေသုံးစွဲခဲ့သည်ကို ရှင်းလင်းဖြေကြားပေးနိုင်ပါမည်လော။ နံပါတ်(၂)မေးခွန်း ယခု ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေး၊ ဘဏ္ဍာရေးနှစ်ရှိ ဘဏ္ဍာငွေအရသုံးဆိုင်ရာ ဥပဒေအရ ကျန်းမာရေးကဏ္ဍ ဘဏ္ဍာငွေအသုံးစရိတ်အတွက် အစိုးရအဖွဲ့တစ်ခုလုံး၏ အသုံးစရိတ်အချိုးအစား၊ Percent of Government Expenditure အရ မည်မျှရှိသည်ကို ရှင်းလင်းပြနိုင်ပါသလား။ နံပါတ်(၃)က ရေရှည်မှာ ကျန်းမာရေးကဏ္ဍနဲ့ပတ်သက်လို့ အခြားနိုင်ငံများနည်းတူ မြန်မာပြည်မှာ တိုးတက်သုံးစွဲရန် မည်သို့ အစီအမံများ ရှိသည်ကို ရှင်းလင်းပြနိုင်ပါမည်လား ဆိုတဲ့ မေးခွန်းသုံးခု ဖြစ်ပါတယ်။ မေးခွန်းသုံးခုနဲ့ပတ်သက်ပြီး မရှင်းပြခင် ကျွန်မ ပြီးခဲ့တဲ့ အင်္ဂါနေ့က ပညာရေးကဏ္ဍမေးတဲ့အခါမှာ ပထမဦးဆုံး အရေးကြီးတဲ့မေးခွန်းဖြစ်တဲ့ ဒီဘဏ္ဍာငွေထဲကနေပြီးတော့ ကျန်းမာရေးကဏ္ဍကဲ့သို့ပဲ ပညာရေးကဏ္ဍမှာ လွန်ခဲ့တဲ့ ၅ နှစ်က ဘယ်လိုသုံးခဲ့သလဲလို့မေးတဲ့မေးခွန်းကို ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဖြေကြားတဲ့အထဲမှာ မပါခဲ့ပါဘူး။ နောက်တစ်ခါ ဒီလွှတ်တော်ရဲ့ ဇယားလေးထည့်တဲ့အခါမှာလည်း အဲဒီ ၅ နှစ်စာ အသုံးစရိတ်မေးတဲ့မေးခွန်းလေးက ကျန်ရစ်ခဲ့ပါတယ်။ တစ်ပါတည်းတင်ပြပါတယ်။ အဲတော့ အခု ကျွန်မ ကျန်းမာရေးနဲ့ပတ်သက်လို့ လေးမိနစ်ခန့် ရှင်းလင်းပြောကြားလိုပါတယ်။ မြန်မာနိုင်ငံမှာ CSO ဗဟိုစာရင်းအင်းအဖွဲ့ကနေ ထုတ်ဝေတဲ့ Stastistical Year Book 2008 ကနေပြီးတော့ ပြည်သူ့ဘဏ္ဍာငွေရှင်းတမ်းမှာ ကဏ္ဍအလိုက်အသုံးစရိတ်ကိုပြန်ကြည့်မယ်ဆိုရင် ကျန်းမာရေးနဲ့ ပညာရေးအသုံးစရိတ်ကိုဖော်ပြထားတာမတွေ့ခဲ့ရပါဘူး။ နောက်အစိုးရအဖွဲ့ကလည်း ဘဏ္ဍာငွေခွဲဝေချထားရေးနဲ့ ပတ်သက်ပြီး တော့ ကမ္ဘာ့နိုင်ငံအများစုကျင့်သုံးနေတာကို လေ့လာကြည့်ရှုလို့ရှိရင်လည်း ကျန်းမာရေးနဲ့ ပညာရေးကဏ္ဍမှာ ကျွန်မတို့မြန်မာပြည်က ဦးစားပေးမှု နည်းနေတာကိုတွေ့ရပါတယ်။ အဲတော့ ကျွန်မက အုပ်စုခွဲပြီးတော့တင်ပြမှာပါ။ အုပ်စုခွဲပြီးတင်ပြတဲ့အကြောင်းရင်းက တူတဲ့အုပ်စု၊ မတူတဲ့အုပ်စု Compare and Contract ဖြစ်ချင်လို့၊ နှိုင်းယှဉ်ချင်လို့ ခွဲခြားပြီးတင်ပြခြင်းဖြစ်ပါတယ်။ ကျွန်မ အုပ်စုသုံးစုကို ပြန်ပြီးတော့ရှင်းပြပါမယ်။ ပထမအုပ်စုကကျတော့ ဝင်ငွေအနိမ့်ဆုံးနိုင်ငံဖြစ်ပြီးတော့ တစ်ဦးချင်းပျမ်းမျှ တစ်နေ့ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၀၀၀ အောက် ရှိပါတယ်။ ဒုတိယ အလယ်အလတ် အုပ်စုကကျတော့ အမေရိကန်ဝင်ငွေဒေါ်လာ ၃၀၀၀ ကနေ ၉၀၀၀ ကြားရှိပြီးတော့ တတိယအမြင့်ဆုံးအုပ်စုကတော့ အမေရိကန်ဒေါ်လာ ၁၇၀၀၀ အထက်ရှိ နိုင်ငံများဖြစ်ပါတယ်။ အဲတော့ ကျွန်မက တူတဲ့အုပ်စု၊

မတူတဲ့အုပ်စုမှာ ကျွန်မတို့မြန်မာပြည်က ဝင်ငွေအနိမ့်ဆုံးနိုင်ငံထဲမှာပါပါတယ်။ အဲဒီတော့ နိုင်ငံအသီးသီးရဲ့ အစိုးရအသုံးစရိတ်စုစုပေါင်းမှာ ကျန်းမာရေးကဏ္ဍအတွက် ဘယ်လိုသုံးစွဲထားလဲ ကြည့်မယ်ဆိုရင် ကျွန်မတို့ အနည်းဆုံး ၃ ရာခိုင်နှုန်းကနေပြီးတော့ အများဆုံးက ၁၅ ရာခိုင်နှုန်းအထိ သုံးစွဲထားတာ တွေ့ရပါတယ်။ နောက်နမူနာအနေနဲ့ ကြည့်မယ်ဆိုရင် ဝင်ငွေ အနိမ့်ဆုံးနိုင်ငံအုပ်စုမှာ လူတစ်ဦးချင်းအတွက် ကျန်းမာရေးအသုံးစရိတ်က အမေရိကန်ဒေါ်လာ ၅ ဒေါ်လာကနေ ၁၅ ဒေါ်လာ ရှိပါတယ်။ ဒုတိယအုပ်စုနိုင်ငံကကျတော့ အမေရိကန်ဒေါ်လာ ၄၀ ကနေ ၃၆၀ နဲ့အထက်ရှိတယ်။ နောက် အဆင့်သုံးနိုင်ငံများမှာကျတော့ အမေရိကန်ဒေါ်လာ ၁၈၀ ကနေပြီးတော့ ၂၅၀၀ အထိ သုံးစွဲတာကိုတွေ့ရပါတယ်။ အဲတော့မြန်မာနိုင်ငံရဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ၂၀၁၁ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်နေ့နဲ့ ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ အဲဒီဥပဒေ(၉/၂၀၁၁)အရဆိုရင် မြန်မာနိုင်ငံရဲ့ ကျန်းမာရေး ကဏ္ဍအတွက် လူတစ်ဦးကျအသုံးစရိတ်ကကျပ်ငွေ ၁၅၈၆ ကျပ်၊ အတိအကျအားဖြင့် ၁၅၈၆ ပဲရှိတာကို တွေ့ရပါတယ်။ အဲတော့ ခုန ကျွန်မနှိုင်းယှဉ်ပြခဲ့တဲ့ ဝင်ငွေအနိမ့်ဆုံးနိုင်ငံမှာ လူတစ်ဦးချင်းအတွက် ကျန်းမာရေးအသုံးစရိတ်က ၅ ဒေါ်လာ ကနေ ၁၅ ဒေါ်လာရှိတယ်။ မြန်မာပြည်က ကျောင်းသား ၁၅၈၆ ကျပ်ရှိတော့ အများကြီးကွာခြားနေပါတယ်။ Market Price နဲ့ပြန်တွက်ကြည့်မယ်ဆိုလို့ရှိရင် ၅၀၀၀ နဲ့ ၁၅၈၆ ကျပ် ကွာခြားတာတွေ့ရပါတယ်။ အဲဒီတော့ အဆိုပါအသုံးစရိတ်က တစ်ဦးချင်း ဝင်ငွေခုန ဒေါ်လာ ၂၀၀၀ ရှိတဲ့ ပထမအုပ်စုနိုင်ငံတွေရဲ့ အနိမ့်ဆုံးအသုံးစရိတ် ၅ ဒေါ်လာအောက်တောင်မှ အများကြီးနိမ့်ကျနေတာ တွေ့ရပါတယ်။ အဲဒီတော့ ပြန်ပြီးကြည့်မယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံမှာဆိုရင် ကျန်းမာရေးနဲ့ ပတ်သက်တဲ့စာရင်းအရ အမျိုးသားကျန်းမာရေးအတွက် အရေးကြီးတဲ့ညွှန်းကိန်းတွေကို ပြန်ကြည့်မယ်ဆိုရင် မွေးကင်းစကလေးဟာ တစ်သိန်းမှာ သေဆုံးသူဦးရေဟာ မြောက်ကိုရီးယားမှာ ၂၄.၈၄၊ အရှေ့တီမောမှာ ၄၇.၈၆၊ ဘင်္ဂလားဒေ့ရှ်မှာ ၆၄.၃၂၊ မြန်မာနိုင်ငံမှာ ကျတော့ ၆၈.၇၈ ဖြစ်နေပါတယ်။ တစ်ခါ အရေးကြီးတဲ့ သားဖွားမိခင်ဦးရေ တစ်သိန်းဟာဆိုရင် သေဆုံးသူဦးရေဟာ ထိုင်းမှာ ၄၄ ဦး၊ သီရိလင်္ကာမှာ ၆၀ ဦး၊ ဗီယက်နမ်မှာ ၉၅ ဦး၊ မြန်မာပြည်မှာ ကျတော့ ၂၀၀၃ ဦးတောင်ရှိပါတယ်။ အဲဒီတော့ ကျန်းမာရေးရဲ့ ဒီလို အခြေအနေများကို ကြည့်ခြင်းအားဖြင့် ကျွန်မမေးတဲ့မေးခွန်းလေးကို ပြည့်စုံအောင် ဖြေကြားပေးစေလိုပါတယ်။ အဲဒီတော့ ကျွန်မ မေးတဲ့မေးခွန်း ကျန်ခဲ့မှာစိုးလို့ ပြန်ဖတ်ပြစရာတော့ မလိုတော့ဘူးထင်ပါတယ်။ မေးခွန်းသုံးခု မေးထားပါတယ်။ ကျေးဇူးတင်ပါတယ်။

(သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဖေသက်ခင်(ပြည်ထောင်စုဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဒီနေ့မနက်မေးသွားတဲ့မေးခွန်းလေးခုကို အစဉ်လိုက် ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ နံပါတ်(၁)မေးခွန်းကတော့ ဖြူးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင်ရဲ့ ဖြူးပြည်သူ့ ဆေးရုံနဲ့စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်ဟာ စတုဂံနယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအရေးပါတဲ့ အလေးထားဆောင်ရွက်ရန် သတ်မှတ်ထားတဲ့ နယ်မြေ ခြောက်ခုမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အဲဒီ သတ်မှတ်ချက်အရ ဖြူးမြို့နယ်၊ ပြည်သူ့ဆေးရုံကို လက်ရှိခုတင် ၅၀ ဆံ့ ဆေးရုံအဆင့်မှ ခုတင် ၁၀၀ ဆံ့ ဆေးရုံအဆင့်ကို တိုးမြှင့်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒုတိယမေးခွန်းကတော့ ကျွန်တော်နားလည်တာ မှန်မယ်ဆိုရင်တော့ စက်မှု(၁)ဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ဆိုင်တဲ့အပိုင်းတွေ သီးသန့်ပါနေတာ တွေ့ပါတယ်။ ကျွန်တော်တို့ဆိုင်တဲ့အပိုင်းကို ပြန်လည်ဖြေကြားရမယ်ဆိုရင်တော့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာနဟာ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၃၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်တွေကို ကျင့်သုံးပြီးတော့ ထုတ်ပြန်ကြေညာတဲ့ အမိန့်ကြော်ငြာစာ(၄/၉၃)မှာ ဆေးဝါးထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ လိုင်စင်လျှောက်ထားရန်နှင့် ဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ရရှိသူ လိုက်နာရမယ့် အချက်များကို ပြဋ္ဌာန်းဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ တောင်ဥက္ကလာပမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းရဲ့ ဒီအဆိုကနေ မေးခွန်းပြောင်းထားတဲ့ဟာမှာ ဒီအမိန့်ကြော်ငြာစာတွေနဲ့ပတ်သက်လို့ ဥပဒေအဖြစ်ပြောင်းလဲရန် အစီအစဉ်ရှိပါသလားဆိုတာကိုတော့ ကျွန်တော်တို့ အနေနဲ့ကတော့ ဒီတတ်ကျွမ်းတဲ့ သက်ဆိုင်ရာ FDA ပညာရှင်များနဲ့ တိုင်ပင်နှီးနှောပြီးတော့မှသာ ဒီဥစ္စာဟာ ကျွန်တော်အနေနဲ့ပြန်ပြီးတော့ အစီအစဉ်ရှိ၊ မရှိ ဖြေကြားနိုင်မှာ ဖြစ်ပါတယ်။

တတိယမေးခွန်းကတော့ ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင်ရဲ့ ဘားအံမြို့မှာ ဆေးရုံအဆောက်အအုံသစ်များ တိုးချဲ့ဆောက်လုပ်ပေးနိုင်ရန်နဲ့ စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းကို ပြန်လည်ဖြေကြားရမယ်ဆိုရင်တော့ ဘားအံမြို့ ပြည်သူ့ဆေးရုံကြီးမှာ လူနာတွေများပြားတဲ့အတွက် သုံးထပ်ဆောင် အဆောက်အအုံ ထိခိုက်ဒဏ်ရာနှင့်အရိုးကတော့ တစ်ထပ်၊ ခလေးလူနာ

အတွက် တစ်ထပ်၊ မျက်စိနဲ့နား၊ နှာခေါင်းလူနာအတွက် တစ်ထပ်ဆိုပြီးတော့ ဆောက်လုပ်ရန် လိုအပ်လျက်ရှိတဲ့အကြောင်း ဘားအံပြည်သူ့ဆေးရုံအုပ်ကြီးရဲ့ တင်ပြချက် ကျွန်တော်တို့မှာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်ကစပြီးတော့ ငွေလုံးငွေရင်းရန်ပုံငွေမှာ ထည့်သွင်းလျာထားဖို့အတွက် ဦးစားပေးအစီအစဉ်အရ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုပါတယ်။

ဒဂုံမြို့သစ်၊ မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးရဲ့မေးခွန်းကတော့ ကျန်းမာရေးကဏ္ဍ ဘဏ္ဍာငွေသုံးစွဲရေးနဲ့စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။ အဲဒီမေးခွန်းကို ကျွန်တော့်ဆီမှာတော့ ဒီမေးခွန်း (၁)နဲ့(၂)လို့ နှစ်ပိုင်းတွေ့တယ်။ ဒါပေမယ့် အခု ဒေါ်တင်နွယ်ဦး မေးသွားတာကတော့ သုံးခုလို့ ပြောတယ်။ ဒါပေမယ့် ကျွန်တော် ခြုံငုံပြီးတော့ ဖြေပါ့မယ်။ အဲဒါလေးကို အဆင်ပြေမယ်ထင်ပါတယ်။ ပြီးခဲ့တဲ့ ၅ နှစ်အတွင်းမှာ ကျန်းမာရေးကဏ္ဍအတွက် ဘယ်လိုခွဲဝေသုံးစွဲခဲ့သလဲဆိုတာကို မေးခွန်းနဲ့ ပတ်သက်လို့ ဖြေရမယ်ဆိုလို့ရှိရင်တော့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ရရှိတဲ့ စာရင်းဇယားများ အရ ၂၀၀၆-၂၀၀၇ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ကျပ် ၄၂.၆၇၅ ဘီလီယံ ဖြစ်ပြီးတော့ အစိုးရတစ်ဖွဲ့လုံးရဲ့ အသုံးစရိတ်ရဲ့ 1.16 Percent သုံးခဲ့ပါတယ်။ ၂၀၀၇-၂၀၀၈ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ကျပ် ၄၃.၃၀၆ ဘီလီယံ ဖြစ်ပြီးတော့ အစိုးရတစ်ဖွဲ့လုံးရဲ့ အသုံးစရိတ်ရဲ့ 0.88 Percent ဖြစ်ပါတယ်။ ၂၀၀၈-၂၀၀၉ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ကျပ် ၄၅.၈၂၁ ဘီလီယံ ဖြစ်ပြီးတော့ အစိုးရတစ်ဖွဲ့လုံးရဲ့ အသုံးစရိတ်ရဲ့ 0.86 Percent ဖြစ်ပါတယ်။ ၂၀၀၉-၂၀၁၀ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ကျပ် ၅၅.၈၃၆ ဘီလီယံ ဖြစ်ပြီးတော့ အစိုးရတစ်ဖွဲ့လုံးရဲ့ အသုံးစရိတ်ရဲ့ 0.89 Percent ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၀-၂၀၁၁ ခုနှစ် ဘဏ္ဍာရေးနှစ်မှာတော့ ကျပ် ၇၇.၂၅၉ ဘီလီယံ သုံးစွဲခဲ့ပြီးတော့ အစိုးရတစ်ဖွဲ့လုံးအသုံးစရိတ်ရဲ့ 0.98 Percent ဖြစ်ပါတယ်။ ဒီငွေတွေကို ဘယ်လိုသုံးစွဲခဲ့သလဲဆိုရင်တော့ ကျွန်တော်တို့မှာ ဒီ ဦးစီးဌာန(၇)ခု၊ (၇)ခုကနေပြီးတော့ ကျွန်တော်တို့ ဒီ သူ့ရဲ့လုပ်ငန်းဆောင်တာအလိုက်ပေါ့လေ။ ဥပမာ- ကျန်းမာရေးဦးစီးဌာနဆိုလို့ရှိရင်လည်း ဆေးရုံကြီးများအသစ်တိုးချဲ့တယ်။ ရှိပြီးသားဆေးရုံတွေကို အဆင့်တိုးမြှင့်ပေးတယ်။ ဥပမာ-၁၆ ကနေ ၂၅ ၊ ၂၅ ကနေ ၅၀၊ ရှိပြီးသားဆေးရုံတွေကိုပဲ စံကိုက်ဖွဲ့စည်းပုံဖြစ်အောင် ပြင်ဆင်ပေးတယ်။ အထူးကုဌာနများ တိုးချဲ့ဖွင့်လှစ်တယ်။ နောက်ပြီးတော့ ဒီသက်ဆိုင်ရာဆေးရုံများကို ဒီဆေးရုံရဲ့ ကုသမှုအရည်အသွေးတိုးမြှင့်အောင် လုပ်ဆောင်ပေးတယ်။ ကျန်းမာရေးဝန်ထမ်းများကို ဆရာဝန်၊ သူနာပြု၊ သားဖွားဆရာမ စသဖြင့် ကျွန်တော်တို့က မွေးထုတ်ပေးတယ်။ ဒါတွေအတွက် ကျွန်တော်တို့ သုံးစွဲတာပဲ ဖြစ်ပါတယ်။ လက်ရှိ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ကျန်းမာရေးကဏ္ဍအတွက် ဘဏ္ဍာငွေအသုံးစရိတ်ကတော့ ဘဏ္ဍာရေးနဲ့အခွန်

ဝန်ကြီးဌာနမှ ရရှိတဲ့စာရင်းဇယားများအရ အစိုးရတစ်ဖွဲ့လုံးအသုံးစရိတ်ရဲ့ 1.14 Percent ရှိတဲ့ အကြောင်း ဖြေကြားအပ်ပါတယ်။

နောက်မေးခွန်းနဲ့ပတ်သက်လို့ တိုးတက်သုံးစွဲရန် အစီအမံများ ရှိပါသလားဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်လို့ ဖြေကြားရမယ်ဆိုရင် ရေရှည်မှာတော့ ကျွန်တော်တို့ဟာ အခြားနိုင်ငံများနည်းတူ ကျန်းမာရေးကဏ္ဍအတွက် တိုးတက်သုံးစွဲရန် အစီအမံများရှိပါတယ်။ သုံးမှာလည်းဖြစ်ပါမယ်။ အမျိုးသားကျန်းမာရေးစီမံကိန်းများ သုတေသနနဲ့ဖွံ့ဖြိုးမှုလုပ်ငန်းများ ကျေးလက်နေပြည်သူများ အတွက် တိုင်းဒေသကြီးနဲ့ပြည်နယ်များမှာ ဆေးရုံကြီးများအသစ်ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ အသစ်ဖွင့်လှစ်ခြင်း၊ ခေတ်မီဆေးရုံသုံး စက်ပစ္စည်းကိရိယာများ၊ ဆေးဝါးများဝယ်ယူဖြည့်တင်းခြင်း၊ နောက်ပြီးတော့ အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေးဝန်ထမ်းများကို အလုံအလောက် လေ့ကျင့်ဖြည့်ဆည်းခြင်းဆိုတဲ့ လုပ်ငန်းတွေကိုလုပ်ဖို့ အတွက်ကို နောင်နှစ်တွေမှာ ရန်ပုံငွေများ ပိုမိုတောင်းခံတင်ပြသုံးစွဲသွားမည်ဖြစ်တဲ့အကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ကျန်းမာရေးဝန်ကြီးဌာနနဲ့ဆိုင်တဲ့ မေးခွန်းများမေးတဲ့နေရာမှာ ဦးအောင်သိန်းလင်းရဲ့ မေးမြန်းချက်သည် မူလမေးမြန်းတဲ့ ပုဂ္ဂိုလ်ရဲ့တင်ပြချက်မှာကိုက စက်မှု(၁)ဝန်ကြီးဌာနနဲ့ဆိုင်တဲ့ မေးခွန်းပါတဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနကို ဒီမေးခွန်းကို ဖြေကြားဖို့ ထပ်ပြီးတော့ လွှတ်တော်က ဆောင်ရွက်ပါမယ်။ ထိုနည်းတူစွာပဲ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်က ဒေါ်တင်နွယ်ဦး ပြန်လည် တင်ပြချက်က ပြီးခဲ့တုန်းက ပညာရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့မေးခွန်း မေးတဲ့နေရာမှာ မိမိမေးတဲ့ မေးခွန်းကို ပြန်လည်ဖြေကြားခြင်းမရှိသေးတာကို ပြန်သတင်းပို့တဲ့အတွက် ဒီမေးခွန်းများ ပြန်ဖြေနိုင် ဖို့လည်း သက်ဆိုင်ရာဝန်ကြီးဌာနကို ပြန်အကြောင်းကြားပေးပါ။ ဆက်လက်ပြီး ကော့ကရိတ် မဲဆန္ဒနယ်မှ ဦးသူရိန်ဇော်မေးဖို့ ဖြစ်ပါတယ်။

**ဦးသူရိန်ဇော်(ကော့ကရိတ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသူရိန်ဇော်ပဲ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့ကို မဟာဓာတ်အားလိုင်း သွယ်တန်းဖြန့်ဝေရေး အစီအစဉ် ရှိ၊ မရှိ မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့ဟာ ခရိုင်ရုံးစိုက်ရာမြို့ကြီး ဖြစ်ပါတယ်။ အခု

ကော့ကရိတ်မြို့မှာ ယခု မီးပေးနေတဲ့အခြေအနေဟာ ၈၆၀ အား စက်ဒါစက်ကြီးကို ဒီဇယ်ဆီအဖြစ် လည်ပတ်ပြီးတော့ တစ်ညကို သုံးနာရီနှုန်း၊ တစ်ညခြား ကျွန်တော်တို့ မီးပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ အများပြည်သူလျှပ်စစ်မီးသုံးစွဲရန် လုံလောက်မှုမရှိပါဘူး။ ကရင်ပြည်နယ်မှာ တည်ဆောက်လျက်ရှိတဲ့ ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်းမှာလည်း အနည်းဆုံး(၇)နှစ်ကြာမှ ရမယ်လို့ သိရှိရပါတယ်။ ဒါကြောင့် ကော့ကရိတ်မြို့ကို မဟာဓာတ်အားလိုင်း National Power Grid ကနေပြီးတော့ လျှပ်စစ်မီးသွယ်တန်းဖြန့်ဝေပေးနိုင်မယ်ဆိုလို့ရှိရင် စက်ရုံ၊ အလုပ်ရုံတွေ တည်ထောင်နိုင်ပြီးတော့ အလုပ်အကိုင်ရှားပါးမှုနှင့် အလုပ်လက်မဲ့ပြဿနာများကို တစ်နည်းတစ်ဖုံ ထိန်းညှိဖြေရှင်းပေးနိုင်မယ့်အပြင် ကော့ကရိတ်မြို့မှတစ်ဆင့်နောင်မှာ မြဝတီမြို့ကိုလည်း ဆက်လက်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှာ ဖြစ်ပါတယ်။ အကယ်၍ လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဝေပေးပါက သထုံ၊ ဘားအံ၊ မော်လမြိုင်သို့ သွယ်တန်းဖြန့်ဝေထားသော မဟာဓာတ်အားလိုင်းမှ ဓာတ်အားဖြန့်ယူ၍ အသုံးပြုရနိုင်ကြောင်း လေ့လာသိရှိရပါတယ်။ သို့ဖြစ်ပါ၍ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့တွင် စက်ရုံ၊ အလုပ်ရုံများ တည်ထောင်နိုင်ရန်နှင့် အများပြည်သူ လျှပ်စစ်ဓာတ်အား သုံးစွဲရန်အတွက် မဟာဓာတ်အားလိုင်း National Power Grid သွယ်တန်းဖြန့်ဝေရေးအစီအစဉ် ရှိ၊ မရှိ သိရှိလိုပါတယ်။ အစီအစဉ်မရှိသေးပါကလည်း ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မြင့်(နောင်ချိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ မင်္ဂလာပါလို့ ဆုတောင်းရင်းနဲ့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်မှ ဓာတ်အားခွဲစက်ရုံတပ်ဆင်ပေးရေး မေးမြန်းခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်၊ နောင်ချိုမြို့ဟာ အဝင်တံခါးမြို့ဖြစ်ပါတယ်။ လက်ရှိသုံးစွဲနေတဲ့ ကျွန်တော်တို့ လျှပ်စစ်ဓာတ်အားကတော့ ပြင်ဦးလွင်ဓာတ်အားခွဲရုံမှတစ်ဆင့် မဟာဓာတ်အားလိုင်းမှ ရရှိပါတယ်။ ရရှိမှုအနေအထားကို တစ်ကဏ္ဍစီဖော်ပြသွားပါမယ်။ ရရှိမှုအနေအထားကတော့ ကျွန်တော်တို့ ပြည်နယ်အဝင် ကားလမ်းပေါ်မှာရှိတဲ့ ကျေးရွာငါးရွာ၊ ဆင်ဖြူတောင်သကြားစက်ရုံ၊ ဆင်းရွှေလီသကြားစက်ရုံနှစ်ရုံ၊ ခြေမြန်တပ်ရင်းသုံးရင်းနဲ့ မြို့ပေါ်သာ ရရှိပါတယ်။ လျှပ်စစ်ဓာတ်အားမရရှိသေးတဲ့ ကဏ္ဍကတော့

ရတနာသိင်္ဂီသတ္တုတွင်း၊ ယခုတည်ဆဲဆောက်လုပ်နေလျက်ရှိတဲ့ဘိလပ်မြေစက်ရုံအမြောက်စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်အပါအဝင် တပ်ရင်းလေးရင်းနဲ့အတူ ကျန်ကျေးရွာအုပ်စု ၃၀၊ ကျေးရွာပေါင်း၂၄၁ ရွာတို့က လုပ်သားပြည်သူများဟာ လျှပ်စစ်ဓာတ်အားကို သုံးစွဲဖို့မရရှိသေးပါဘူး။ နောင်ချိုအနေနဲ့ ဓာတ်အားခွဲရုံတစ်ခုတည်ဆောက်ပေးမယ်ဆိုပါက စက်ရုံ၊အလုပ်ရုံများ၊တပ်ရင်းတပ်ဖွဲ့များ၊မိသားစုများ၊ ဆင်းရဲနွမ်းပါးတဲ့ ကျေးလက်ဒေသများအား လျှပ်စစ်ဓာတ်အားရရှိပြီး နယ်မြေဒေသဖွံ့ဖြိုး တိုးတက်မှာလည်း အထောက်အကူပြုပါတယ်။ ဒါကြောင့်မို့ ပထမအချက်အနေနဲ့ နောင်ချိုမြို့တွင် ဓာတ်အားခွဲရုံတည်ဆောက်ပေးရန် အစီအစဉ်ရှိပါသလား။ နံပါတ်နှစ် တည်ဆောက်ပေးမည်ဆိုပါက မည်သည့် **အချိန်ကာလတွင် ပြုလုပ်မည်ဖြစ်ပါကြောင်း မေးမြန်းရင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)**

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်စိုး(ပြည်ထောင်စုဝန်ကြီး၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာကြသော ဧည့်သည်အားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဝန်ကြီးဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပထမဦးစွာ ကရင်ပြည်နယ်၊ ကော့ကရိတ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသူရိန်ဇော်ရဲ့ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကော့ကရိတ်မြို့နယ်တွင် စက်ရုံ၊ အလုပ်ရုံများတည်ထောင်နိုင်ရန်နှင့် အများပြည်သူ လျှပ်စစ်ဓာတ်အားလုံလောက်စွာ သုံးစွဲနိုင်ရန် မဟာဓာတ်အားလိုင်း သွယ်တန်းဖြန့်ဝေပေးရေး အစီအစဉ် ရှိ၊ မရှိ သိလိုပါသည်ဆိုတဲ့မေးခွန်းကို ပထမဦးစွာ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ လက်ရှိ ကော့ကရိတ်မြို့ဟာ မီးသုံးသူ ၁၄၆၃ ဦးရှိပြီးတော့ ၈၆၀ ကေဗွီအေ၊ စကိုဒါ မီးစက်နှစ်လုံးနဲ့ ၁၀၀ကေဗွီအေ စကိုဒါ မီးစက်တစ်လုံးတို့ဖြင့် ဓာတ်အားပေးလျက်ရှိပါတယ်။ လျှပ်စစ်ဓာတ်အား ပိုမိုထွက်ရှိလာမည့် အခြေအနေပေါ် မူတည်၍လည်းကောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှု ရည်မှန်း၍လည်းကောင်း ကရင်ပြည်နယ်အတွင်းတိုးချဲ့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်ရည်ရွယ်ပြီး သထုံမြို့သို့ရောက်ရှိပြီးဖြစ်သော ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းကိုကော့ကရိတ်မြို့အထိ ဓာတ်အားပို့လွှတ်ရန် စီမံကိန်းသတ်မှတ်ထားပြီး ဖြစ်ပါတယ်။ ယင်းစီမံကိန်းတွင် သထုံ၊ ကော့ကရိတ် ၂၃၀ ကေဗွီမဟာဓာတ်အားလိုင်း ၈၅ မိုင်၊ ကော့ကရိတ်မြို့မှာ ၂၃၀/၆၆ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ခု တည်ဆောက်ခြင်းလုပ်ငန်း

များပါဝင်မှာ ဖြစ်ပါတယ်။ ၎င်းအပြင် ကော့ကရိတ်မှတစ်ဆင့် မြဝတီမြို့ကို ဆက်လက် ဓာတ်အား ပို့လွှတ်နိုင်ရေး စီမံကိန်းလည်း သတ်မှတ်ထားပြီးဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဦးသူရိန်ဇော် မေးမြန်းထားသောမေးခွန်းဖြစ်တဲ့ ကရင်ပြည်နယ်၊ ကော့ကရိတ်၊ မြဝတီဒေသမီးရရှိရေးမှာ လာမယ့် ကျွန်တော်တို့ သထုံ၊ မော်လမြိုင် ဓာတ်အားလိုင်းဆွဲတဲ့ အချိန်ပြီးတာနဲ့ တစ်ပြိုင်တည်း ဆက်လက်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ကျွန်တော့်ရဲ့တင်ပြချက်ကို နိဂုံးချုပ် တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ ရှမ်းပြည်နယ်၊ နောင်ချိုမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၏ နောင်ချိုမြို့တွင် ဓာတ်အားခွဲရုံ တည်ဆောက်ပေးနိုင်မည်လား။ တည်ဆောက်မည်ဆိုပါက မည်သည့်အချိန်တွင် လုပ်ငန်း စတင်နိုင်မည်ကို သိရှိလိုပါကြောင်း မေးမြန်းလာသောမေးခွန်းနဲ့ပတ်သက်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ နောင်ချိုမြို့ကို လက်ရှိအခြေအနေအားဖြင့် ပြင်ဦးလွင်မှာရှိသော ဓာတ်အားခွဲရုံမှတစ်ဆင့် ၃၃ ကေဗွီဓာတ်အားလိုင်းနဲ့ ဓာတ်အားပေးထားတဲ့ ၃၃/၁၁၊ ၅ အမ်ဗွီအေ ကျွန်းတပင် ဓာတ်အားခွဲရုံ မှတစ်ဆင့် ၁၁ကေဗွီဓာတ်အားလိုင်း ၂၀.၅ မိုင်ဆွဲပြီး ဓာတ်အားပေးထားပါတယ်။ ဓာတ်အားပေးထား တဲ့ ၁၀.၀၄ ကေဗွီ ထရန်စဖော်မာပေါင်း ၂၅ လုံးရှိပြီး တပ်ဆင်ဝန်အားဟာ ၃၆၈၀ အမ်ဗွီအေ ဖြစ်ပါတယ်။ နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ပိုမိုထွက်ရှိလာမည့် ဓာတ်အားပမာဏနဲ့ လိုက်လျော ညီထွေမှုရှိတဲ့ ဓာတ်အားစနစ်တိုးချဲ့ပို့လွှတ်နိုင်ရေး အထူးစီမံကိန်းများ ချမှတ်ဆောင်ရွက်ရင်း ဒေသအသီးသီးကိုလည်း လျှပ်စစ်ဓာတ်အားများ တိုးချဲ့ဖြန့်ဖြူးရန် စီမံလျာထားပြီး ဆောင်ရွက်လျက် ရှိပါတယ်။ နောင်ချိုမြို့နယ်အတွင်း အများပြည်သူများအတွက် ဓာတ်အားပိုမိုအသုံးပြုနိုင်ရန် လာမည့် ဘဏ္ဍာရေးနှစ်မှာ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး ဓာတ်အားခွဲရုံ ဆောက်လုပ်ပြီးပါက ဓာတ်အားလိုင်းနဲ့ ဆက်သွယ်ပြီးတော့ နောင်ချိုမြို့နှင့် နောင်ချိုမြို့ပတ်ဝန်းကျင် ဓာတ်အားရရှိရေးများ ဆက်လက်ဆောင်ရွက်ပေးသွားနိုင်မှာ ဖြစ်ပါကြောင်း တင်ပြရင်း ကျွန်တော့်၏တင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ ယခုအစည်းအဝေးကို ၁၅ မိနစ်ခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ အစည်းအဝေးကို ၁၁း၄၅ မိနစ်တွင် ပြန်လည်စတင်ပါ့မယ်။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၅ မိနစ်ခန့် ရပ်နားပါသည်။]

**အခမ်းအနားမှူး** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး** ။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အမျိုးသားလွှတ်တော်မှာအတည်ပြုချက် ဖြင့်ပေးပို့သော အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည့်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၇၊ နည်းဥပဒေခွဲ(ခ)အရ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ တင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌအား ဖိတ်ခေါ်ပါတယ်။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)** ။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း နှုတ်ခွန်းဆက်ဂါရဝပြုရင်း ကျွန်တော်ရဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ် စိစစ်တွေ့ရှိချက်များကို တင်သွင်းမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ရွေးကောက်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းအား စိစစ်တွေ့ရှိချက်များကို အစီရင်ခံတင်သွင်းခြင်း၊ အပိုဒ် ၁၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ရုံးက ပေးပို့လာသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့ရာ ၁-၉-၂၀၁၁ ရက်နေ့တွင် အဆိုပါဥပဒေကြမ်းအား ပြင်ဆင်ချက်နှင့်အတူ အမျိုးသားလွှတ်တော်က အတည်ပြုခဲ့သော ဥပဒေကြမ်းဖြစ်ပါတယ်။ အပိုဒ် ၂၊ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ဥပဒေကြမ်းကော်မတီသို့ စိစစ်ရန် ပေးပို့ခဲ့ပါသည်။ ဥပဒေကြမ်းကော်မတီမှ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ ဖြင့် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ အပိုဒ်ခွဲ(က) ပထမပြင်ဆင်ချက်ဖြစ် သည့် ပုဒ်မ ၄၉(က)ပါ ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုခဲ့ပါသည်။ ယင်းပြင်ဆင် ချက်သည် ပုဒ်မ ၄၉(ခ)ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ပိုင်ခွင့်နှင့်

ရောထွေးမသွားစေရန် မလိုအပ်သည်များ ပယ်ဖျက်ပြင်ဆင်ခြင်းဖြစ်သည်ကို တွေ့ရှိရပါတယ်။ မူလဥပဒေပြဋ္ဌာန်းထားသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲဆန္ဒနယ်တစ်နယ်တွင် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ရှိခဲ့လျှင် ယင်းလွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ခိုင်လုံသောဆန္ဒမဲအရေအတွက်ကို ကြေညာရမည်ဟူသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ပိုင်ခွင့်ဆုံးရှုံးသွားမည်ဖြစ်သဖြင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများမှာ ရွေးကောက်ပွဲရလဒ်ကို အခြေခံကြသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှသိရှိခွင့်မရရှိ၍ ရွေးကောက်ပွဲပေါ်တွင် သံသယဝင်လာဖွယ်ရှိသဖြင့် လက်ရှိပြဋ္ဌာန်းချက်ကို ပြင်ဆင်ရန်မလိုအပ်ကြောင်း စိစစ်သုံးသပ်တွေ့ရှိရပါသည်။ အပိုဒ်ခွဲ(ခ) ဒုတိယ ပြင်ဆင်ချက်ဖြစ်သည့်ပုဒ်မ ၇၄ (က)သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၂(ခ)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၉(ခ)တို့နှင့် ညီညွတ်စေရန် ပြင်ဆင်ရေးသားထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဥပဒေအကြောင်းအရာမှားယွင်းသဖြင့် ပြင်ဆင်ပေးရန်ဟူသည့် မူလဥပဒေမှာ ဥပဒေရေးရာအရ ပြဿနာပေါ်မှသာလျှင် ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် လျှောက်ထားနိုင်ခြင်းဖြစ်ပြီး အခုပြင်ဆင်ချက်မှာ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုများကို သတ်မှတ်နည်းလမ်းအတိုင်း လျှောက်ထားနိုင်ကြောင်းတွေ့ရှိရသဖြင့် ပိုမိုပြည့်စုံစွာပြဋ္ဌာန်းထားရှိကြောင်း တွေ့ရှိရပါသည်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ ယင်းအပိုဒ်ကို ထောက်ခံသဘောတူသည့်နည်းတူ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်တွင်လည်း ပြင်ဆင်ရန် တင်ပြထားသည့်ပြဋ္ဌာန်းချက်ကို အယူခံမှုလျှောက်ထားနိုင်သည်ဟူသော စကားရပ်ကိုဖြည့်စွက်ပြီး သဘောတူထားသည်ကို တွေ့ရှိရပါသည်။ အပိုဒ်ခွဲ(ဂ)တတိယပြင်ဆင်ချက်ဖြစ်သည့် ပုဒ်မ ၈၈၊ (က)၊ (ခ)နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်များသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ခြင်းခံရသည့် ပြစ်မှု၏အတိမ်အနက်များမတူညီမှုကြောင့် ရွေးကောက်ပွဲဝင်ခွင့်ပိတ်ပင်ကာလကိုသုံးမျိုးခွဲ၍ အစားထိုးထားခြင်းဖြစ်ပါသည်။ ထိုသို့ရှင်းလင်းစွာခွဲခြားဖော်ပြရာတွင် အပိုဒ်(က)၊ (ခ)နှင့် (ဂ)ဖြင့် ဖော်ပြထားပြီး ပိုမိုပြည့်စုံစေရန်ပုဒ်မ ၈၈၊ အပိုဒ် (ဂ)၏ရှေ့တွင် အထက်အပိုဒ်(က)နှင့် (ခ)မှ အပဟု ဖြည့်စွက်သင့်ပါကြောင်း စိစစ်တွေ့ရှိရပါသည်။

အပိုဒ်(၃) ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းများကို စိစစ်ရာတွင် အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်ရပါသည်။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည်အချက် ၁၂ ချက်နှင့် ကိုက်ညီနေသည်ကို တွေ့ရှိရပါသည်။ သို့ပါ၍

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ အတည်ပြုခဲ့သည့်နည်းတူ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှလည်း ပြင်ဆင်ချက်နှင့်သဘော တူပါကြောင်းကို အစီရင်ခံတင်ပြအပ်ပါသည်။အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှ အတည်ပြု ချက်ဖြင့်ပေးပို့သော အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ အစည်းအဝေး ၁၂ ရက်မြောက်နေ့ကတည်းက ဝေငှပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုများ တောင်းခံခဲ့သော်လည်း တင်သွင်းသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာပါ ပြင်ဆင်ချက်ကို အဆိုတင်သွင်းပြီး လွှတ်တော်ရဲ့သဘောတူညီ ချက်ရယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဇယားကိုလည်း ကိုယ်စားလှယ်များထံ ဝေငှထားပါတယ်။ ဒါ့ကြောင့် ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၅၉၊ နည်းဥပဒေခွဲ(ဃ)အရ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ချက်ဖြင့် အတည်ပြုနိုင်ရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါမယ်။ အဆိုမှာ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော အမျိုးသား လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကြမ်းကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှအတည်ပြုချက် ဖြင့်ပေးပို့သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၆၇၊ နည်းဥပဒေခွဲ(ခ)အရ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌအား ဖိတ်ခေါ်ပါတယ်။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီး

များအားလုံးကို ကိုယ်စိတ်နှလုံး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် စိစစ်တွေ့ရှိချက်များကို တင်သွင်းသွားမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအားစိစစ်တွေ့ရှိချက်ကို အစီရင်ခံစာတင်သွင်းခြင်း။ အပိုဒ်(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ရုံးက ပေးပို့လာသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့ပါသည်။ ၁-၉-၂၀၁၁ ရက်နေ့တွင် အဆိုပါဥပဒေကြမ်းအား ပြင်ဆင်ချက်များနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုခဲ့ကြောင်းသိရှိရပါသည်။ အပိုဒ်(၂) အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး ဥပဒေကြမ်းကော်မတီသို့ စိစစ်ရန်ပေးပို့ခဲ့ပါသည်။ ဥပဒေကြမ်းကော်မတီမှ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ ဖြင့် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ အပိုဒ်ခွဲ(က) ပထမပြင်ဆင်ချက်ဖြစ်သည့် ပုဒ်မ ၄၉(က) ပါပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုခဲ့ပါသည်။ ယင်းပြင်ဆင်ချက်သည် ပုဒ်မ ၄၉ (ခ)ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ပိုင်ခွင့်နှင့် ရောထွေးမသွားစေရန် မလိုအပ်သည်များကို ပယ်ဖျက်ပြင်ဆင်ခြင်းဖြစ်သည်ကို တွေ့ရှိရပါသည်။ မူလဥပဒေတွင် ပြဋ္ဌာန်းထားသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲဆန္ဒနယ်တစ်နယ်တွင် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ရှိခဲ့လျှင် ယင်းလွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ခိုင်လုံသောမဲ၊ ဆန္ဒမဲအရေအတွက်ကို ကြေညာရမည်ဟူသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ပိုင်ခွင့်ဆုံးရှုံးသွားမည်ဖြစ်သဖြင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြရမည့် လွှတ်တော်ကိုယ်စားလှယ်များမှ ရွေးကောက်ပွဲရလဒ်ကို အခြေခံကြသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှ သိရှိခွင့်မရရှိ၍ရွေးကောက်ပွဲကို သံသယဝင်လာဖွယ်ရှိသဖြင့် လက်ရှိပြဋ္ဌာန်းချက်ကို ပြင်ဆင်ရန်မလိုအပ်ကြောင်း စိစစ်သုံးသပ်တွေ့ရှိရပါသည်။ အပိုဒ်ခွဲ(ခ) ဒုတိယပြင်ဆင်ချက်ဖြစ်သည့် ပုဒ်မ ၇၄ (က)သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၂(ခ)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၉(ခ)တို့ နှင့်ညီညွတ်စေရန် ပြင်ဆင်ရေးသားထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဥပဒေအကြောင်းအရာများယွင်းသဖြင့် ပြင်ဆင်ပေးရန်ဟူသည့် မူလဥပဒေမှာ ဥပဒေရေးရာပြဿနာပေါ်ပေါက်မှသာလျှင် ရွေးကောက်ပွဲခုံရုံးအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် လျှောက်ထားနိုင်ခြင်းဖြစ်ပြီး ယခုပြင်ဆင်ချက်မှာ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုများ

ကို သတ်မှတ်နည်းလမ်းအတိုင်း လျှောက်ထားနိုင်ကြောင်းတွေ့ရှိရသဖြင့် ပိုမိုပြည့်စုံစွာပြဋ္ဌာန်းထားရှိကြောင်းတွေ့ရှိရပါသည်။ အပိုဒ်ခွဲ(ဂ) တတိယပြင်ဆင်ချက်ဖြစ်သည့် ပုဒ်မ ၈၈၊ (က)(ခ)နှင့် (ဂ)တို့ပါ ပြဋ္ဌာန်းချက်သည် ရွေးကောက်ပွဲဝင်ခွင့် ပိတ်ပင်မှုကာလကို သုံးမျိုးခွဲ၍ အစားထိုးထားခြင်းဖြစ်ပါသည်။ ယင်းသို့ရှင်းလင်းစွာ ခွဲခြားဖော်ပြရာတွင် အပိုဒ် (က)၊ (ခ)၊ (ဂ)နှင့် ဖော်ပြထားပြီးပိုမို ပြည့်စုံစေရန်ပုဒ်မ ၈၈ အပိုဒ်(ဂ)၏ရှေ့တွင် အထက်အပိုဒ်(က)နှင့် (ခ)မှအပဟု ဖြည့်စွက်သင့်ကြောင်း စိစစ်တွေ့ရှိရပါသည်။ အပိုဒ်(၃) ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းများစိစစ်ရာတွင် အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်ရပါသည်။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းသည်အခြေခံမူ ၁၂ ချက်နှင့်ကိုက်ညီသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ အတည်ပြုခဲ့သည့်နည်းတူ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှလည်း ပြင်ဆင်ချက်နှင့်သဘောတူကြောင်းကို အစီရင်ခံတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို လေးစားပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှအတည်ပြုချက်ဖြင့်ပေးပို့သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံအစည်းအဝေး ၁၂ ရက်မြောက်နေ့ကတည်းကဝေငှပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးပြင်ဆင်ချက်အဆိုများ တောင်းခံခဲ့သော်လည်း တင်သွင်းသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာပါပြင်ဆင်ချက်ကို အဆိုတင်သွင်းပြီး လွှတ်တော်ရဲ့သဘောတူညီချက် ရယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဇယားကိုလည်း ကိုယ်စားလှယ်များထံ ဝေငှထားပါတယ်။ ဒါ့ကြောင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၉၊ နည်းဥပဒေခွဲ(ဃ)အရဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ချက်ဖြင့်အတည်ပြုနိုင်ရန်လွှတ်တော်ရဲ့အဆုံးအဖြတ်ရယူပါမယ်။ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ချက်ဖြင့် အတည်ပြုနိုင်ရန် လွှတ်တော်ရဲ့အဆုံးအဖြတ် ရယူပါမယ်။ အဆိုမှာ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန်ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ၁၅ ရက်မြောက်နေ့မှာ တင်သွင်းခဲ့တဲ့ ချင်းပြည်နယ်၊ ဆင်းရဲနွမ်းပါးမှုလျော့ပါးရေးအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင်အား ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဦးပုမ်ခန့်အင်( တီးတိန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ တီးတိန်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးပုမ်ခန့်အင်ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ကန်ပက်လက်မဲဆန္ဒနယ်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို တင်သွင်းသွားသော ချင်းပြည်နယ်၊ ဆင်းရဲနွမ်းပါးမှု လျော့ပါးရေးအဆိုအပေါ် ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်၏ ဆွေးနွေးတင်ပြချက်အား စာဖြင့်ဖတ်ကြားခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ် သည် ရေမြေတောတောင်သဘာဝအလှတရားများနှင့် ပြည့်စုံသော်လည်း တောင်ကုန်း၊ တောင်တန်း ထူထပ်ပေါများသောကြောင့် လမ်းပန်းဆက်သွယ်ရေးသွားလာမှုခက်ခဲ၍ဒေသတွင်းလူမှုစီးပွားရေးများ ဖွံ့ဖြိုးမှုနည်းပါးသည်ကို သိရှိရပါသည်။ ဤကဲ့သို့ဆင်းရဲနွမ်းပါးမှုဖြစ်ပေါ်စေရသောအဓိကအချက်များ မှာဒေသတွင်းသယံဇာတထွက်ရှိမှုရှားပါးခြင်း၊ စီးပွားရေးလုပ်ငန်းများမရှိခြင်းတို့ကြောင့် ချင်းပြည်နယ် ရှိ ကျေးလက်ပြည်သူများ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်လာစေရန် အဆိုရှင်၏တင်သွင်းသွားခဲ့ သော စက်မှုလုပ်ငန်းများ၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူခြင်း လုပ်ငန်းများစသည်တို့ကို တိုးမြှင့်ဆောင်ရွက်ပေးခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုကိုလျော့ပါးစေနိုင်မည်ဖြစ် ပါတယ်။ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရာတွင် ကျေးရွာတိုင်းလျှပ်စစ်မီးလင်းရေးသည် အထူးအရေးပါလှပါတယ်။ လျှပ်စစ်ဓာတ်အား လုံလောက်မှုရှိမှသာ ကျေးလက်နေပြည်သူများ လူနေမှု အဆင့်အတန်းမြင့်မားပြီး စက်မှုလုပ်ငန်းများထွန်းကားလာ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လူသားများအပါအဝင် သက်ရှိသတ္တဝါများသည် စားဝတ်နေရေးဟူသော အခြေခံလိုအပ်ချက်များအတွက် သဘာဝပတ်ဝန်းကျင်ပေါ်တွင် လုံးဝတည်မှီ

နေကြပါတယ်။ လူသားတိုင်းအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရန် မြေထု၊ ရေထု၊ လေထု၊ သဘာဝသယံဇာတများကို တစ်နေ့ထက် တစ်နေ့ပမာဏအလုံးအရင်းဖြင့် ထုတ်ယူသုံးစွဲခဲ့သောကြောင့် ဂေဟစနစ်များ ဘက်ညီမှုမရှိတော့ဘဲ ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်နေပါတယ်။ အကျိုးဆက်များအနေဖြင့် မြေလျှော်လှုပ်ခြင်း၊ တောမီးလောင်ခြင်း၊ မြေပြိုခြင်း၊ ရေလွှမ်းမိုးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ အပူလှိုင်းအန္တရာယ်ကျရောက်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်ပြဿနာများဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါတယ်။ ဒါကြောင့် သဘာဝသယံဇာတများကို ပြန်လည်ဖြည့်တင်းရန် ပျက်စီးစေမယ့်တောင်ယာခုတ်ထွင် စိုက်ပျိုးခြင်းများကို လျှော့နည်းပပျောက်စေရန် နှစ်လတ်၊ နှစ်ရှည်ပင်များစိုက်ပျိုးစေခြင်း၊ သစ်အစားထိုးပစ္စည်းများဖြင့် အစားထိုးပေးခြင်း၊ လောင်စာတောင့်များ စီးပွားဖြစ်ထုတ်လုပ်ခြင်းတို့ဖြင့် သစ်တောပြုန်းတီးမှုကို ကာကွယ်ပေးသည့်အပြင် ဂေဟစနစ်များလည်းကောင်းမွန်လာမှာဖြစ်ပါတယ်။ ထို့အပြင် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများအား တိုးမြှင့်လုပ်ဆောင်သွားခြင်းဖြင့်လည်း နိုင်ငံခြားဝင်ငွေရရှိမည့်အပြင် ဒေသခံများစိတ်လက်အပန်းဖြေမှုပေးစွမ်းနိုင်ခြင်း သစ်တောကိုမှီခိုနေကြသော ဇီဝမျိုးစုံကိုထိန်းသိမ်းရာရောက်ပြီး ဒေသခံပြည်သူများသည်လည်း အလုပ်အကိုင်၊ အခွင့်အလမ်းများ ရရှိကြပါလိမ့်မည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ လက်ရှိနိုင်ငံတော်အစိုးရ၏ တိုင်းရင်းသားလူမျိုးများအတွင်း လူမှုစီးပွားရေးအဆင့်အတန်း ကွာဟမှုများ လျှော့နည်းစေရန်အတွက် ဒေသဖွံ့ဖြိုးရေးစီမံကိန်းကြီးများ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေချိန်တွင် ပြည်ထောင်စုကြီး၏ တစ်စိတ်တစ်ဒေသဖြစ်သော ကျွန်တော်တို့ ချင်းပြည်နယ်၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေမည့် လုပ်ငန်းများပါဝင်သောကန်ပက်လက်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို တင်သွင်းသွားသည့် ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဆိုအား လေးလေးနက်နက်ကြိုဆိုပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မင်းတပ်မြို့နယ်မှ ဦးထန်းလိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထန်းလိန်း (မင်းတပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာပထမဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်းဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

သူရဦးအောင်ကို အဆိုတင်သွင်းခဲ့တဲ့ ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်အနေနဲ့ ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးနှင့်ပတ်သက်လို့ ကဏ္ဍကြီးငါးခုခွဲပြီးတော့ ပြည့်ပြည့်စုံစုံအဆိုပြုတင်ပြထားတာကိုတွေ့ရှိရပါတယ်။ ဒါ့ကြောင့်ကျွန်တော့်အနေနဲ့လည်း အဲဒီကဏ္ဍတစ်ခုချင်းစီကို အကျဉ်းချုံးပြီးတော့ ဆွေးနွေးတင်ပြမှာဖြစ်တဲ့အတွက် ကျွန်တော်ရဲ့ ဆွေးနွေးချက်ကို စာသားနဲ့ဖတ်ကြားဆွေးနွေးခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြတဲ့ ပထမကဏ္ဍဖြစ်တဲ့ သဘာဝအခြေခံခရီးသွားလုပ်ငန်း Eco-Tourism ကို တစ်ပြည်နယ်လုံးအတိုင်းအတာဖြင့်ဖွံ့ဖြိုးအောင် စီမံဆောင်ရွက်ပေးသင့်ကြောင်း အဆိုဖြစ်ပါတယ်။ ချင်းပြည်နယ်ဟာ ယခင်က လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲခဲ့သော်လည်းပဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ လမ်းမကြီးလေးသွယ် စီမံကိန်းချမှတ်ဖော်ဆောင်ပေးခဲ့မှုကြောင့် ပလက်ဝမြို့နယ်ကလွဲပြီး ခရိုင်ချင်းဆက်လမ်းများနှင့် မြို့နယ်ချင်းဆက်လမ်းများ ကောင်းမွန်တိုးတက်လာခဲ့ပါတယ်။ တချို့မှာကျောက်ခင်းအမာခံလမ်းများ၊ တချို့မှာ ကတ္တရာလမ်းအဆင့်အထိ ဖောက်လုပ်ပေးနေတာကို တွေ့မြင်နေကြရပြီဖြစ်ပါတယ်။ သာဓကတစ်ခုအနေဖြင့်တင်ပြရရင် ယခု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးဦးဆောင်ပြီးနိုင်ငံတော်မှာတာဝန်ရှိတဲ့ခေါင်းဆောင်အချို့ ချင်းပြည်နယ်မှာခရီးလှည့်လည်စဉ်မင်းတပ်မှမတူပီသို့ ရဟတ်ယာဉ်ဖြင့်သွားရောက်ရန်ဖြစ်သော်လည်း ရာသီဥတုအခြေအနေကြောင့် ကုန်းလမ်းမှမော်တော်ယာဉ်များဖြင့် သွားရောက်ခဲ့ကြတာကို မှတ်မိနေအုံးမယ်ထင်ပါတယ်ခင်ဗျား။ အဲဒီခရီးစဉ်ပြီးဆုံးပြီး မကြာမီကာလမှာပဲစတင်ပြီးတော့ နိုင်ငံတော်အကြီးအကဲရဲ့ ခွင့်ပြုချက်ဖြင့် တစ်နှစ်၊ နှစ် နှစ်အတွင်းမှာ ကတ္တရာလမ်းအဆင့်အထိ အဆင့်မြှင့်တင်ဖောက်လုပ်ပေးခဲ့မှုကြောင့် ယခု ကျွန်တော်တို့ ဒီကားလမ်းကို လက်တွေ့ခံစားနေကြရပြီ ဖြစ်ပါတယ်။ ယခင်က မင်းတပ်နဲ့ မတူပီအကြားခရီးလမ်းဟာ နှစ်ရက်ကနေ တစ်ပတ်ခန့်အထိ ကြန့်ကြာတတ်တဲ့ခရီးဟာ အခုဆိုရင် ခြောက်နာရီကနေပြီးတော့ ရှစ်နာရီအတွင်း အဆင်ပြေစွာရာသီမရွေးသွားလာနိုင်ပြီဖြစ်ပါတယ်။ အဆင့်မြင့်ဇိမ်ခံကားများဖြင့်လည်း ရာသီမရွေးသွားလာကြပြီဖြစ်ပါတယ်။ မင်းတပ်နဲ့မတူပီအကြားမှာတည်ရှိတဲ့ ပေ ၁၀၀၀၀ နီးပါး ခန့်မြင့်တဲ့တောင်များနှင့် တောင်ခါးပန်းများဖြတ်သန်းဖောက်လုပ်ထားတာဖြစ်တဲ့အတွက် အဲဒီတောင်ထိပ်ထိ အလွယ်တကူတက်ပြီး လေ့လာနိုင်ပြီဖြစ်ပါတယ်။ သဘာဝအလျောက်ပေါက်ရောက်တဲ့ တောင်ဇလပ်ပန်းအနီ၊ အဖြူ တောင်ကြာပန်းများ သစ်ခွပန်းအမျိုးမျိုးကို လေ့လာကြည့်ရှုခံစားနိုင်ပြီ ဖြစ်ပါတယ်။ ချင်းပြည်နယ်မှ ဝိတိုရိယတောင်ခေါ် နတ်မတောင်၊ မောပီတောင်၊ ကနေဒီတောင်၊ ရိဒ်ရေကန်၊ ဘုံတလာရေတံခွန်စတဲ့ အလွန်စိတ်ဝင်စားဖွယ်ကောင်းတဲ့ နေရာများရှိပါ

တယ်။ ချင်းပြည်နယ်ဟာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည်ဆိုသော်လည်း နယ်မြေတည်ငြိမ် အေးချမ်းသာယာတဲ့ဒေသဖြစ်တဲ့အတွက် လူတိုင်းအနားယူ အပန်းဖြေစရာကောင်းတဲ့ နေရာလည်းဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရက ချင်းပြည်နယ်မှာနေထိုင်ကြတဲ့ တိုင်းရင်းသားများ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ပြီး နတ်မတောင်အမျိုးသားဥယျာဉ်ကိုအခြေပြုလျက် မင်းတပ်နဲ့ ကန်ပက်လက်မြို့နယ်မှာ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ စည်းကမ်းဥပဒေနှင့်အညီ သွားလာလည်ပတ်ခွင့်ပြုခဲ့ပါတယ်။ ဒါကြောင့် မတူပီမြို့နယ်အပါအဝင် ချင်းပြည်နယ်တစ်ခုလုံးမှာ ပြည်တွင်း၊ ပြည်ပခရီးသည်၊ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်နိုင်ရန်အတွက် ခရီးသွားလုပ်ငန်း Eco-Tourism အား တိုးချဲ့ခွင့်ပြုပေးပါရန်အဆိုကို ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်။ ဒါမှသာလျှင် ချင်းပြည် နယ်မှာရှိတဲ့ တိုင်းရင်းသားများ ဝင်ငွေရရှိလာပြီးဆင်းရဲနွမ်းပါးမှုအား တစ်ဖက်တစ်လမ်းမှ ဖြေရှင်းပေး နိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က ဒုတိယတင်ပြသွားတဲ့ ကဏ္ဍကတော့ ချင်းပြည်နယ်မှာ အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် လျှပ်စစ်ဓာတ်အားဖူလုံမှု ရှိစေရန် စီမံပံ့ပိုးပေးရန်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ချင်းပြည်နယ်မှာရှိတဲ့ မြို့များတွင်သာမကပဲ ကျေးလက်တောရွာများအထိ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ရည်ရွယ်ပြီးကူညီပံ့ပိုးမှုများရှိခဲ့ပါတယ်။ အစိုးရနှင့်ကျေးလက်ပြည်သူလူထု ပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့် ကျေးရွာအချို့မှာ လျှပ်စစ်မီးများအထိုက်အလျောက် သုံးစွဲခံစားနေကြရပြီးဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရမှ ဆက်လက်ကူညီပံ့ပိုးပေးနိုင်ပါရန် ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ အဆိုရှင်အနေနဲ့ တတိယအဆိုပြုတင်ပြချက်ဖြစ်တဲ့ မွေးမြူရေးကိုအခြေခံသော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် လက်ရှိအခြေအနေထက် ပိုမိုထောက်ပံ့ပေးပါရန်ဆိုတဲ့ အဆိုပြုချက်ပဲဖြစ်ပါတယ်။ ချင်းပြည်နယ်ရဲ့ အကျယ်အဝန်းဟာ ဧရိယာစတုရန်းမိုင် ၁၃၉၀၆ မိုင်ကျော်ရှိပြီး လူဦးရေငါးသိန်းခန့်သာနေထိုင်လျက်ရှိတဲ့အတွက် မွေးမြူရေးလုပ်ကိုင်ရန် စားကျက်မြေအလုံအလောက်ရှိပါတယ်။ ကမ္ဘာမှာရှားပါးနေပြီဖြစ်တဲ့ နွားနောက်ကိုချင်းပြည်နယ်မှာသာ တွေ့ရှိနေရသေးတဲ့အတွက် စီးပွားဖြစ်တိုးချဲ့ မွေးမြူရန် နိုင်ငံတော်အကြီးအကဲကလမ်းညွှန်ခဲ့ပါတယ်။ နိုင်ငံတော်ကရန်ပုံငွေ ခွဲဝေခွင့်ပြုပြီးချေးငွေများဖြင့်ဆောင်ရွက်စေခဲ့ရာ အထိုက်အလျောက် အောင်မြင်လျက်ရှိပါတယ်။ တိုးချဲ့မွေးမြူနိုင်ရန်အတွက် ဆက်လက်စီမံဆောင်ရွက်ပေးသင့်ပါကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။ ဒါ့အပြင် မွေးမြူရေးအတွက် အဓိကလိုအပ်ချက်များဖြစ်တဲ့ စားကျက်၊ သန့်ရှင်းတဲ့ လေဝင်လေထွက် သန့်ရှင်းတဲ့သောက်သုံးရေများ ပြင်ဆင်ဆောင်ရွက်ပေးနိုင်ရန်လွယ်ကူတဲ့အတွက် ဆိတ်မွေးမြူရေးလုပ်ငန်း၊ ဝက်မွေးမြူ

ရေးလုပ်ငန်း၊ ယုန်မွေးမြူရေးလုပ်ငန်းနှင့် လိပ်ပြာမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရန်သင့်လျော်သောဒေသဖြစ်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ စတုတ္ထတင်ပြချက်ဖြစ်တဲ့ ပြင်ပသို့ တရားမဝင် ရောင်းချမှုများကြောင့် ရှားပါးပျောက်ကွယ်သွားတော့မည့် ချင်းတောင်သစ်ခွပန်းများကို ပြန်လည်ပြုစုပျိုးထောင်ပြီး တရားဝင်စီးပွားဖြစ်ထုတ်လုပ်ရောင်းချနိုင်ရန် နတ်မတောင်အမျိုးသားဥယျာဉ်တွင် မျိုးပွားစခန်း Tissue Culture တစ်ခုဖွဲ့စည်းဆောင်ရွက်ပေးရန်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ Dendrobium ခေါ်တဲ့ ဆေးဘက်ဝင်သစ်ခွများရှိပြီး ချင်းပြည်နယ်မှာလည်း အဲဒီဆေးဘက်ဝင် သဘာဝသစ်ခွ Dendrobium အမျိုးအစား ၁၀ မျိုး ထက်မက သဘာဝအလျောက်ပေါက်ရောက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ အဲဒီသစ်ခွများကို ဒေသခံတိုင်းရင်းသားတို့က ရိုးကြမ်း၊ ရိုးရှည်၊ နီလုံး၊ ပုစွန်၊ ခရုရှည်စသည်အားဖြင့် ခေါ်ကြပါတယ်။ ရိုးကြမ်းသစ်ခွအစိတစ်ပိဿာဟာ လက်ရှိကာလဒေသပေါက်ဈေး ၁၅၀၀၀ ရှိပြီး၊ ရိုးရှည်သစ်ခွ တစ်ပိဿာကျပ် ၅၀၀၀၀ ရှိပါတယ်။ နီလုံး၊ ပုစွန်၊ ခရုရှည်သစ်ခွများဟာ အစိုတစ်ပိဿာ ကာလဒေသပေါက်ဈေး ကျပ် ၂၀၀၀၀ အသီးသီးရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဖော်ပြခဲ့တဲ့သစ်ခွများမှာ လွန်ခဲ့သောလေး၊ ငါးနှစ်က အစိုတစ်ပိဿာမှာ ထောင်ဂဏန်းအထိသာ တန်ဖိုးရှိခဲ့ပေမယ့် တစ်နှစ်ထက်တစ်နှစ် ဈေးနှုန်းမြင့်တက်လာကြောင်းတွေ့ရှိရပါတယ်။ မင်းတပ်မြို့နယ်၊ မတူပီမြို့နယ်၊ ကန်ပက်လက်မြို့နယ်နဲ့ ပလက်ဝမြို့နယ်လေးခုနဲ့ပါဝင်ဖွဲ့စည်းထားတဲ့ မင်းတပ်ခရိုင်အတွင်းမှာ ဆေးဖက်ဝင်သစ်ခွအစို ပိဿာတစ်သိန်းကျော်နှစ်စဉ်ထွက်ရှိတဲ့အတွက် မင်းတပ်ခရိုင်မှသစ်ခွမှာ မြန်မာကျပ်ငွေဖြင့် သန်းပေါင်း ၁၀၀၀ မှ ၂၀၀၀ အတွင်းနှစ်စဉ် ဝင်ငွေရှိကြောင်းလေ့လာတွေ့ ရှိရပါတယ်။ တရားဝင်ထုတ်ယူခွင့်မပြုတဲ့အတွက် နိုင်ငံတော်နှင့်ဒေသအတွက် ဝင်ငွေဆုံးရှုံးနေတယ် လို့ဆိုနိုင်ပါတယ်။ ဆေးဖက်ဝင်သဘာဝသစ်ခွများဟာ သစ်တောထူထပ်ပေါမျာမှ ဖြစ်ထွန်းအောင်မြင်တိုးပွားပြန့်ပွားနိုင်တဲ့ အပင်အမျိုးအစားဖြစ်ပါတယ်။ သစ်ခွစိုက်မယ်ဆိုရင် သဘာဝပတ်ဝန်းကျင်နှင့်သစ်တောများ မလွဲမသွေထိန်းသိမ်းကာကွယ်နိုင်ရန် အထူးလိုအပ်သကဲ့သို့ သစ်တောကောင်းမှ သစ်ခွများဖြစ်ထွန်းအောင်မြင်တိုးပွားပြီး အကျိုးအမြတ်ခံစားနိုင်မှာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းဟာ ဆေးဖက်ဝင်သဘာဝသစ်ခွစိုက်ပျိုးရေးလုပ်ငန်းနဲ့ အပြန်အလှန်အကျိုးပြုလျက်ရှိပါတယ်။ ချင်းပြည်နယ်မှာ တစ်ချိန်က သစ်တောပေါများခဲ့တဲ့အတွက် သစ်ခွများနေရာတိုင်း၌ ပေါများခဲ့သော်လည်း တန်ဖိုးရှိမှန်းမသိကြတဲ့အတွက် သစ်တောများပြုန်းတီးခဲ့ရပါတယ်။ သစ်ပင်၊ သစ်တောများရှိနေသေးတဲ့ဒေသမှာသာ သစ်ခွများအလိုလျောက်ဖြစ်ထွန်းနေတာဖြစ်ပါတယ်။ ချင်းပြည်နယ်တစ်ခု

လုံးဟာ ဆေးဖက်ဝင်သစ်ခွများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်တဲ့ ရေ၊ မြေရာသီဥတုရှိပါတယ်။ ချင်းပြည်နယ်မှာ သစ်တောနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်လိုရင် ဆေးဖက်ဝင်သစ်ခွ စိုက်ပျိုးရန်လိုအပ်မည်ဖြစ်ပြီး သစ်ခွအထွက်နှုန်းကောင်းစေလိုရင်လည်းသစ်တောထိန်းသိမ်းကာကွယ် ရန်လိုအပ်နေကြောင်း သိရှိနားလည်ကြမှာဖြစ်ပါတယ်။ သစ်ခွပင်တစ်ဇကေ စိုက်ပျိုးထိန်းသိမ်းခြင်း အားဖြင့်ရရှိတဲ့ တစ်နှစ်ဝင်ငွေဟာ တောင်ယာတစ်ဇကေစိုက်ပြီးရရှိတဲ့ တစ်နှစ်ဝင်ငွေထက် ဝင်ငွေ များစွာကွာခြားတာကိုလည်း လက်တွေ့ခံစားလေ့လာသိရှိနိုင်ပါတယ်။ ဆေးဖက်ဝင်သဘာဝသစ်ခွများ ဟာ ပင်လယ်ရေမျက်နှာပြင်ပေ ၃၀၀၀ အထက်တွင်သာ ဖြစ်ထွန်းရှင်သန် တိုးပွားပြန့်ပွားနိုင်တဲ့ အတွက် ချင်းပြည်နယ်မှာ နေရာတိုင်းမှာ ဖြစ်ထွန်းအောင်မြင်နိုင်ပါတယ်။ ချင်းပြည်နယ်တစ်ခုလုံး အတွက်လုံလောက်သောပျိုးပင်ရရှိနိုင်ရန်အတွက် နတ်မတောင်အမျိုးသားဥယျာဉ်မှာ သစ်ခွမျိုးပွား စခန်းတစ်ခု ဖွဲ့စည်းဆောင်ရွက်ပေးပါရန်အဆိုကို ကျွန်တော်အနေနဲ့ ထောက်ခံဆွေးနွေးတင်ပြအပ်ပါ တယ်။

နောက်ဆုံးကဏ္ဍဖြစ်တဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန် သစ်တောပြုန်းတီးသွားခဲ့တဲ့နေရာ များမှာ နှစ်လတ်နှင့်နှစ်ရှည်သီးပင်များ စိုက်ပျိုးနိုင်ရေးလိုအပ်ချက်အား ပံ့ပိုးပေးခြင်းအားဖြင့် ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်အောင် စီမံဆောင်ရွက်ပေးရေးဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်ဟာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၀၀ ကျော်မှ ၁၀၀၀၀ ကျော်အတွင်းတည်ရှိတဲ့ဒေသဖြစ်ပါတယ်။ လိုရင်းဆွေးနွေးရရင် ပင်လယ် ရေမျက်နှာပြင်အထက်ပေ ၄၀၀၀ အထက်ပိုင်းအား ထာဝရအမြဲစိမ်းတော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်တောအဖြစ်သတ်မှတ်ပြီး ဆေးဖက်ဝင်သဘာဝသစ်ခွပင်များ စိုက်ပျိုးစေခြင်းအား ဖြင့် နှစ်စဉ်ဝင်ငွေပုံမှန်ရရှိနိုင်မှာဖြစ်ပါတယ်။ အခြားသောသစ်တောထွက် သဘာဝသယံဇာတများကို လည်းစနစ်တကျစီမံဆောင်ရွက်ပေးခြင်းအားဖြင့် အပိုဝင်ငွေများရရှိခံစားစေနိုင်ပါတယ်။ ပင်လယ်ရေ မျက်နှာပြင်အထက် ပေ ၄၀၀၀ အောက်ပိုင်းကိုတော့ တိုင်းရင်းသားများ ဝမ်းစာဖူလုံရေးအတွက် ရာသီသီးနှံပင်များ၊ နှစ်လတ်နှင့် နှစ်ရှည်သီးပင်များ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးမြေအဖြစ် သတ်မှတ်ပေးပြီး စနစ်ကျသောမြေအသုံးချမှုများ စီမံဆောင်ရွက်ပေးသင့်ပါတယ်။ လက်ရှိချင်းပြည်နယ်မှာ အရောင်းအဝယ် ကောင်းပြီး စီးပွားဖြစ်နေတာကတော့ ဝဥနှင့်ကွမ်းစားဂမုန်းဖြစ်ပါတယ်။ ဝဥနှင့်ကွမ်းစားဂမုန်းဟာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၀၀ အောက်ပိုင်း အပူသမပိုင်းဒေသမှာ အောင်မြင်ဖြစ် ထွန်းတဲ့ အပင်မျိုးဖြစ်ပါတယ်။ ဝဥဟာ သစ်ပင်၊ သစ်တောများအောက် အရိပ်အောက်မှာ စိုက်ပျိုး နိုင်ပြီး အလင်းရောင် ၆၀ ရာခိုင်နှုန်းနှင့် အရိပ် ၄၀ ရာခိုင်နှုန်းခန့် ရရှိသည့်နေရာ ပွသောမြေ၊

ကျောက်မွမြေမျိုးတွင် ဖြစ်ထွန်းအောင်မြင်ပါတယ်။ ဝဥတစ်ဧက စနစ်တကျစိုက်မယ်ဆိုရင် နှစ်စဉ်ဝင်ငွေ ၁၀ သိန်းအထက် ပုံမှန်ရရှိနိုင်ပါတယ်။ ချင်းပြည်နယ်မှာထွက်တဲ့ဝဥဟာ အရည်အသွေးနှင့် အရသာပြည့်ဝတဲ့အတွက်ဈေးကွက်မှာ ရေပန်းစားနေကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဓာတုဆေးဝါး အကူအညီမပါသော Chemical Free ထွက်ကုန်ဖြစ်တဲ့အတွက် ဝဥအခြောက်တစ်ပိဿာ ကာလဒေသပေါက်ဈေးကျပ် ၅၀၀၀ ရှိကြောင်းသိရှိလေ့လာရပါတယ်။ ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်ရေး အတွက် အစားထိုးနိုင်ရန် မိသားစုတိုင်းက ဝဥအနည်းဆုံး တစ်ဧကစိုက်နိုင်ရန် လိုအပ်နေတဲ့မျိုး ဝယ်ယူရန်အတွက် လိုအပ်ချက်အား ကူညီစီမံဆောင်ရွက်ပေးနိုင်ပါရန် ဆွေးနွေးတင်ပြအပ်ပါတယ်။

ဒါကြောင့် ချင်းပြည်နယ် ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုတင်သွင်းသွားတဲ့ အချက်ငါးချက်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် တင်ပြအဆိုပြုခဲ့တဲ့ ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဆိုကို ကျွန်တော့်အနေနဲ့ လေးလေးနက်နက် ကြိုဆိုထောက်ခံအပ်ပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ စားသုံးရန်အတွက် အစည်းအဝေးကို ၁ နာရီခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အစည်းအဝေးကို နေ့လယ် ၁၃း၃၀ မိနစ်တွင် ပြန်လည်စတင်ပါမယ်။ အားလုံးပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[ အစည်းအဝေးကို တစ်နာရီခန့် ရပ်နားပါသည်။]**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၏ခွင့်ပြုချက်အရ အစည်းအဝေးပြန်လည်မစတင်မီမှာ အသိပေးတင်ပြလိုပါတယ်။ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ၂၀၁၁ ခုနှစ်၊ အခမ်းအနားဖိတ်ကြားလွှာကို ဖတ်ကြားတင်ပြပါမယ်။ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ၂၀၁၁ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ ကျင်းပမည့်နေ့ရက် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်ကြာသပတေးနေ့၊ ကျင်းပမည့်အချိန် ၁၀၀၀ နာရီ၊ နံနက် ၁၀ နာရီဖြစ်ပါတယ်။ ကျင်းပမည့်နေရာ လွှတ်တော်အဆောက်အအုံ၊ သဘင်ဆောင်ကျင်းပရေးဗဟိုကော်မတီလို့ပါရှိပါတယ်။ လွှတ်တော်အဆောက်အအုံသဘင်ဆောင်သို့ နံနက် ၉း၃၀ အရောက်နေရာယူပေးကြရန် ဖြစ်ပါတယ်။ ဝတ်စုံကတော့ လွှတ်တော်အစည်းအဝေးတက်ရောက်တဲ့ ဝတ်စုံအတိုင်းပဲဖြစ်ပါတယ်။ ၁၀ နာရီမှာ အစည်း

အဝေးစတင်ပြီး နေ့ခင်းပိုင်းမှာ လွှတ်တော်အစည်းအဝေးကို ဆက်လက်ကျင်းပပြုလုပ်မှာ ဖြစ်ပါတယ်။ ဝတ်စုံကတော့ လက်ရှိလွှတ်တော်အစည်းအဝေးတက်တဲ့ ဝတ်စုံ၊ ခေါင်းပေါင်းအပါ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ရွေ့ဆွေးနွေးမယ့်အစီအစဉ် မဆက်ခင် လွှတ်တော်ကိုတင်ပြစရာရှိပါတယ်။ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်လုပ်ပိုင်ခွင့်အနေနဲ့ တန်းတူရည်တူဖြစ်ပါတယ်။ သို့ရာတွင် ပြည်သူ့လွှတ်တော်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်အင်အားက အမျိုးသားလွှတ်တော်ထက်များတဲ့ အတွက် လွှတ်တော်ကိုတင်ပြတဲ့ မေးခွန်းတွေ၊ အဆိုတွေ၊ ဥပဒေကြမ်းကတော့ သိပ်မထူးပါဘူး။ မေးခွန်းတွေ၊ အဆိုတွေက တော်တော်လေးများပါတယ်။ ကျွန်တော်တို့ဆီတင်တဲ့ မေးခွန်းတိုင်း၊ အဆို တိုင်းလည်း တစ်ခုမှချန်မထားပဲနဲ့ သက်ဆိုင်ရာပြည်ထောင်စုအဆင့်များ၊ အစိုးရအဖွဲ့များကို ပေးပို့ခဲ့ ပါတယ်။ လွှတ်တော်နဲ့မဆိုင်တဲ့ တချို့တင်ပြတဲ့ကိစ္စများကိုပင်လျှင် သီးခြားကျွန်တော်တို့အနေနဲ့ စီစဉ် ပြီးတော့ လိုအပ်တာများဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ အချို့မေးခွန်းများ၊ အဆိုများဟာ အခြားအခြားသောပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ ဖြေကြားရမှာမဟုတ်ဘဲနဲ့ ကျွန်တော်တို့လွှတ်တော်က ဖြေကြားရမယ့်မေးခွန်းများ၊ အဆိုများလည်းရှိပါတယ်။ အဲဒီအထဲမှာ ကျွန်တော်တို့လွှတ်တော်အနေနဲ့ ဖြေကြားရမယ့်၊ ဆောင်ရွက်မယ့်မေးခွန်းများကို သီးခြားချန်ထားပြီး တော့ ကျန်တဲ့မေးခွန်းများကိုဆောင်ရွက်တဲ့နေရာမှာ ချန်ထားတဲ့မေးခွန်းများဟာလည်း ဒီနေ့၊ ဒီကာလ မှာ လွှတ်တော်အနေနဲ့ ဖြေစရာမလိုဘဲနဲ့ အားလုံးပြီးမြောက်သွားတာတွေလည်းရှိပါတယ်။ ဒီနေရာမှာ ဥပမာအားဖြင့် ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့အဆိုမျိုး၊ ပြီးတဲ့အခါမှာ ကော်မတီများဖွဲ့စည်းဖို့ နောက် ကော်မရှင်ဖွဲ့စည်းဖို့အဆိုမျိုးဒါတွေဟာ အားလုံးပြီးမြောက်သွားတဲ့အတွက် လွှတ်တော်အနေနဲ့ သီးခြား ဖြေစရာမလိုပါဘူး။ သို့ရာတွင် ဒီကြားထဲမှာ ကိစ္စလေးတစ်ခုပေါ်လာပါတယ်။ ဒီအပေါ်မူတည်ပြီးတော့ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ် ကာယကံရှင်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌ တိုင်ကြားပါတယ်။ တိုင်ကြားတာနဲ့ပတ်သက်လို့ ကျွန်တော်တို့ဘက်ကလည်း ဒါကိုကြိုဆိုပါတယ်။ ဒီတိုင်ကြားချက်ပေါ်မူတည်ပြီးတော့ လိုအပ်တာစုံစမ်းစစ်ဆေးပြီးတဲ့အခါမှာပြစ်မှုကျူးလွန်တယ်ဆိုရင် ကျူးလွန်တဲ့အပေါ်မူတည်ပြီးတော့ လိုအပ်သလိုအရေးယူသွားဖို့ရှိတယ်ဆိုတာကိုလည်း သက်ဆိုင်ရာ ပြောကြားပြီးဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တင်ပြတာအခြားမဟုတ်ပါဘူး။ ဘယ်သူမှ Perfect

မဖြစ်ပါဘူး။ ဘယ်သူမှ မပြည့်စုံပါဘူး။ မနေ့က ကချင်ပြည်နယ်က လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဖြစ်တဲ့ ဒေါ်ဒွဲဘူပြောသွားတဲ့ မြိုင်ရာဇာတွတ်ပီ သူဖြစ်သွားတယ်။ အဲဒီမှာ ကံဆိုးချင်တော့ ပြင်ခိုင်းတဲ့ နေရာလည်း မူလအတိုင်းပဲ ကချင်ပြည်နယ်ဆိုတာပါသွားပါတယ်ဆိုတဲ့ဟာမျိုးပါပဲ ကျွန်တော်တို့ဘက် မှာလည်း လွှတ်တော်၊ လွှတ်တော်လို့ပြောတဲ့အတွက် လွှတ်တော်မှာရှိကြတဲ့ တာဝန်ထမ်းဆောင်နေကြ တဲ့ အရာရှိများနဲ့ အခြားအဆင့်များဟာလည်း လွှတ်တော်နဲ့ပတ်သက်လို့ အတွေ့အကြုံတွေလည်း နည်းပါသေးတယ်။ ပြောမယ်ဆိုလို့ရှိရင် ဒီနေ့ဖွဲ့စည်းတာဝန်ပေးထားတဲ့ အင်အားအရေအတွက် ကလည်း ဒီနေ့လုပ်ရတဲ့အလုပ်နဲ့ တော်တော်လေးပြောမယ်ဆိုလို့ရှိရင် မမျှမတလုပ်နေရတဲ့သဘော ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်သူတို့ကိုလည်း မိမိတို့တာဝန်ကျေအောင်၊ ပြီးတဲ့အခါမှာ ဒီကိုလာရောက် ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ဆိုတာက အတွေ့အကြုံအားဖြင့်ရော၊ အသက်အရွယ်အားဖြင့်ရော၊ ဂုဏ်ဒြပ်အားဖြင့်ရော ကြီးမြင့်တဲ့သူများ ဖြစ်တဲ့အတွက်ကိုယ့်ဘက်က အမှားအယွင်းမရှိအောင်နေဖို့ ပြောထားသော်လည်း တချို့ကိစ္စများကတော့ အနည်းအကျဉ်းခုနကကဲ့သို့ ကိစ္စများဖြစ်ပေါ်လာနိုင်ပါ တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ဘက်ကတော့ လိုအပ်ချက်များရှိလာလို့ရှိရင် အချိန်မရွေး ညှိနှိုင်းတင်ပြဆောင်ရွက်ဖို့ အသင့်ရှိပါတယ်ဆိုတဲ့ အကြောင်းလွှတ်တော်ကို တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီနည်းတူပဲ ခုနက ကျွန်တော်ပြောခဲ့တဲ့မေးခွန်းများ၊ အဆိုများ ပြည်သူ့လွှတ်တော်ကို တင်ပြတဲ့နေရာ မှာ ဒီနေ့အထိတော့ မေးခွန်းပေါင်းမနေ့ကအထိပေါ့လေ ၁၃၀ ဖြေကြားပြီးဖြစ်ပါပြီ။ အဆိုကတော့ ၃၈ ခု တင်သွင်းထားတဲ့နေရာမှာ ၃၂ ခု ဖြေပြီးပါပြီ။ ဆက်လက်ပြီးတော့လည်း ဒီကြားထဲမှာ မေးခွန်းတွေ လာတဲ့အပေါ်မူတည်ပြီးတော့ လွှတ်တော်ဘယ်ရက်မှာ ပြီးဆုံးမလဲဆိုတာကို တွက်ဆပြီးတဲ့အခါမှာ ဒီမေးခွန်းများကိုလည်း သက်ဆိုင်ရာတာဝန်ရှိတဲ့ ပြည်ထောင်စုအဆင့်ဌာနများကိုလည်း အခုအချိန်ထိ လည်း ကျွန်တော်တို့ ပေးပို့နေတာဖြစ်ပါတယ်ခင်ဗျား။ အဆိုများလည်း အခုအချိန်အထိ ပေးပို့နေတာ ဖြစ်ပါတယ်။ အဲဒီလို ပေးပို့လိုက်တဲ့မေးခွန်းတွေ၊ အဆိုတွေကို သက်ဆိုင်ရာပြည်ထောင်စုအဆင့် သို့မဟုတ် အထူးသဖြင့်တော့ အစိုးရအဖွဲ့ကနေပြီးတော့ ဒီမေးခွန်းတော့ဖြေနိုင်ပြီ၊ ဒီအဆိုတော့ ဖြေနိုင်ပြီလို့ဆိုတဲ့အကြောင်း ပြန်ကြားချက်အပေါ်မူတည်ပြီးတော့ အခုကျွန်တော်တို့ရှေ့မှာချထားတဲ့ အစီအစဉ်တွေကို ရေးဆွဲရတာဖြစ်ပါတယ်။ အဲဒီလိုရေးဆွဲတဲ့အခါမှာလည်း တစ်ရက်စာတစ်ရက် အချိန် မီအောင် စဉ်းစားသုံးသပ်ပြီး ဆောင်ရွက်တဲ့အခါမှာလည်း အနည်းနဲ့အများတော့ အခက်အခဲရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ မေးတဲ့လူအားလုံးမေးခွင့် ဖြေကြားခွင့်ကိုလည်းရစေ ချင်ပါတယ်။ အဆိုတင်သွင်းတဲ့သူများအားလုံး အဆိုတင်သွင်းခွင့်နဲ့ ဒါကိုလည်း ဆွေးနွေးခွင့်ကိုရစေ ချင်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်မနေ့တုန်းက ဒီမေးခွန်းမေးတဲ့နေရာမှာ လိုတာထက်ပိုပြီး

တော့ အချိန်မသုံးပါနဲ့ ဥပဒေအရ ပြောမယ်ဆိုလို့ရှိရင် မေးခွန်းမေးတဲ့သူဟာ ဒီမေးခွန်းကိုကျွန်တော်တို့ ဒီအစီအစဉ်ဇယားထဲမှာ ထည့်ရိုက်ရိုက်ပြီးတဲ့အခါမှာ မေးခွန်းနံပါတ်ကို ဘယ်သူမေးတာဆိုတာပဲ ပြောလိုက်တဲ့အခါမှာ အဲဒီအတိုင်းပဲ သူကဖတ်ကြား၊ မေးရတဲ့သဘောရှိပါတယ်။ သို့ရာတွင် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ လွှတ်တော်နဲ့ပတ်သက်လို့ အတွေ့အကြုံလည်းနည်းခဲ့တယ်။ ပြီးတဲ့အခါမှာ ကိုယ့်ဒေသကိုယ်စားလှယ်များဟာ လွှတ်တော်ရောက်တဲ့အခါမှာ ကိုယ့်ရဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ ဘာမှမလုပ်ဘဲနဲ့ပြန်လာရတဲ့အဖြစ်မျိုး၊ အမြင်မျိုးမဖြစ်ရအောင်ဆိုပြီးတော့ မေးခွန်းများမေးတဲ့ပုဂ္ဂိုလ်များကိုလည်း ကျွန်တော်တို့ခွင့်ပြုပြီးတော့ ပေးထားတာဖြစ်ပါတယ်။ ကျွန်တော် အဓိကပြောချင်တာကတော့ မေးခွန်းများကို ဥပဒေကဘယ်လိုပဲဆိုဆို ကျွန်တော်တို့ကတော့ မေးခွန်းများဟာ အခုပုံစံအတိုင်းပဲ မေးခွင့်ပြုပါမယ်။ တင်ပြခွင့်ပြုပါမယ်။ သို့ရာတွင် လိုတာထက်အချိန်ပိုပြီး သုံးမယ်ဆိုလို့ရှိရင် ဒီကျန်တဲ့မေးခွန်းမေးထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေးဟာ ဆုံးရှုံးသွားနိုင်ပါတယ်။ နောင်ကျန်တဲ့ရက်တွေမှာ ဆက်လုပ်မယ့်အစည်းအဝေးကလည်းဘာကို အဓိကထားလုပ်မလဲဆိုတော့ ဥပဒေကြမ်းဖြစ်ရေးကိစ္စပဲဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းနဲ့ပတ်သက်ပြီးတော့ လွှတ်တော်မှာရောက်ရှိနေတဲ့ဥပဒေကြမ်းနှစ်ခုဟာ အများစိတ်ဝင်စားပြီးတော့ ဒီအပေါ်မူတည်ပြီးတော့ ဆွေးနွေးလိုတဲ့ အရေအတွက်ကလည်းများပါတယ်။

ဥပမာအားဖြင့် ကျေးရွာအုပ်ချုပ်ရေးနှင့် ရပ်ကွက်အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေကြမ်းနဲ့ပတ်သက်ပြီးတော့ စာကိုပြင်ဆင်မယ်။ ပြီးတဲ့အခါမှာ ဆွေးနွေးမယ့်ပုဂ္ဂိုလ်စာရင်းတက်လာတာ အားလုံး ၆၄ ဦး ရှိပါတယ်။ ဒီ ၆၄ ဦးက ဒီထဲမှာဆွေးနွေးမယ့် လွှတ်တော်ထဲမှာဆွေးနွေးမယ်ဆိုလို့ရှိရင် အချိန်တွေ အများကြီးပေးရပြီးတော့ ဆုံးဖြတ်ဆောင်ရွက်တဲ့နေရာမှာလည်း အခက်အခဲတွေဖြစ်နိုင်တဲ့အတွက် မနေ့ကတော့ ဥပဒေကြမ်းကော်မတီကို တာဝန်ပေးပြီးတော့ ဒီပုဂ္ဂိုလ်များနဲ့စုစည်းပါ။ ပြီးတဲ့အခါမှာ တူရာတူရာမေးခွန်းများ၊ တူရာတူရာဆွေးနွေးချက်များ စုစည်းပါဆိုတဲ့အခါ အားလုံး ၆၄ ဦးထဲက ၅၅ ဦး ထွက်လာပါတယ်။ အဲဒီ ၅၅ ဦးကလည်း တူရာတူရာပြန်စဉ်ပါဆိုတဲ့အခါကျတော့ အရေအတွက် တော့နည်းသွားပါပြီ။ သို့ရာတွင်ဘာပဲဖြစ်ဖြစ် ဒီဥပဒေကြမ်းတစ်ခုပြုစုတဲ့နေရာမှာ သူရဲ့ရပိုင်ခွင့်တွေကိုလည်း အသုံးချရကြပါလိမ့်မယ်။ အသုံးချတဲ့အခါ အချိန်ပေးရပါလိမ့်မယ်။ အဲဒီအချိန်ပေးနိုင်ဖို့အတွက်လည်း ကျွန်တော်တို့ ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်များ နားလည်ပေးဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ရှေ့ဆက်ပြီးတော့သွားမယ့် အစည်းအဝေးတွေမှာ မေးခွန်းများအပိုင်းနဲ့ပတ်သက်ပြီးတော့ လိုသလောက်ပဲအချိန် အသုံးပြုဖို့ ကျွန်တော်မနေ့က ပန်ကြားခြင်း ဖြစ်ပါတယ်။ အဲဒီနည်းတူပဲ ဒီနေ့အဆိုများနဲ့ပတ်သက်ပြီး ဆွေးနွေးတဲ့နေရာမှာ နည်းနည်းလေး အရေအတွက်များပါတယ်။

တချို့လည်း ဆွေးနွေးပြီးပါပြီ။ ဆွေးနွေးပြီးတဲ့နေရာမှာ ဒီရှေ့ကဆွေးနွေးသွားတဲ့ အဆိုအတိုင်း သဘောတူတယ် သဘောတရားအားဖြင့် ဒီလိုညီမျှတယ်ဆိုလို့ရှိရင် နောက်အဆိုတွေကျတဲ့ အခါကျတော့ အချိန်ကိုငဲ့ကွက်သောအနေဖြင့် ခုနကရှေ့ကတော့ ဒီလိုပဲဆွေးနွေးသွားပါတယ်။ ဒါနဲ့ ပတ်သက်လို့ ကျွန်တော်လည်းထောက်ခံပါတယ်။ အဲဒီအရှေ့ကအဆိုနဲ့ အကြောင်းအရာနဲ့လွဲတဲ့ကိစ္စများကျတော့ ဒါလွှတ်တော်ကိုယ်စားလှယ်များ အချိန်ငဲ့ကွက်စရာမလိုပါဘူး။ ဒါတင်ပြကြပါ။ တူညီတဲ့ဆွေးနွေးချက်များကတော့ မိမိတို့အလှည့်ရောက်လို့ရှိရင် ဒီတူညီတဲ့ဆွေးနွေးချက်များကို ရှေ့မှာဆွေးနွေးပြီးဖြစ်တဲ့အတွက် ဆက်လက်မဆွေးနွေးဖို့ ကျွန်တော် ပန်ကြားမေတ္တာရပ်ခံတာဖြစ်ပါတယ်။ အခု ဆက်လက်ပြီး တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဗိုလ်မှူးထွန်းထွန်းဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးထွန်းထွန်းဦး(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကြွရောက်လာသော ဧည့်သည်တော်များအား မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း-၂၆၈၈၁ ဗိုလ်မှူးထွန်းထွန်းဦးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ သူရဦးအောင်ကိုတင်သွင်းခဲ့တဲ့ ချင်းပြည်နယ်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအဆိုနဲ့ စပ်လျဉ်းပြီး ထောက်ခံကြောင်းကို ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ဆွေးနွေးချက်ကို ဖတ်ကြားတင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်ဟာ ရှမ်းပြည်နယ်လိုကုန်းပြင်မြင့်မဟုတ်ဘဲ Mountainous လို့ခေါ်တဲ့ တောင်ထူထပ်တဲ့ ဒေသဖြစ်တာကို သိရှိကြမှာဖြစ်ပါတယ်။ ပြီးရင်သူ့ရဲ့မြေသားဟာလည်း Geology သဘောအရ သက်တမ်းအားဖြင့်နုကြောင်းကို လေ့လာမှတ်သားတွေ့ရှိရပါတယ်။ အဲဒါတွေအကြောင်းကြောင်းကြောင့် ဖြစ်ပေါ်လာရတာကတော့ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ မြို့ရွာတွေဟာ အမြင်မှာနီးနီးလေးဖြစ်ပေမယ့် မြေပြင်မှာတကယ်သွားရင်တော့ ခက်ခက်ခဲခဲသွားလာရပါတယ်။ မြို့ကြီးများဖြစ်တဲ့ ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်မြို့တွေကိုတော့ မော်တော်ယာဉ်တွေနဲ့ ရာသီမရွေးသွားလာနိုင်သော်လည်းပဲ ကျန်ဒေသများမှာကတော့ ကန့်သက်ချက်များရှိပါတယ်။ အချို့ကျေးရွာတွေမှာ အခုအချိန်အထိ ကျဉ်းမြောင်းတဲ့လူသွားလမ်းတွေနဲ့ ကျင်လည်သွားလာလုပ်ရှားနေရပါတယ်။ ကိုယ်စားဖို့ဆန်ကို ကိုယ်စိုက်ထားတဲ့ လယ်/တောင်ယာကနေ ပင်ပန်းကြီးစွာ လူ၊ လား၊ မြင်းတွေကို အသုံးပြုပြီးတော့ ကိုယ့်အိမ်အရောက် သယ်ဆောင်ရပါတယ်။ လမ်းပန်းဆက်သွယ်မှုခက်ခဲတဲ့အတွက် ဒေသထွက်ကုန်ကို ပို့ဖို့နေနေသာသာ အိမ်သုံးကုန်ပစ္စည်းတွေကို အဆင့်ဆင့်သယ်

ဆောင်လာရတဲ့အတွက် ကုန်ပစ္စည်းဈေးနှုန်းကြီးမြင့်မှုဒဏ်ကိုလည်းခံကြရပါတယ်။ ယခင်က တောင်ပိုင်း မင်းတပ်၊ မတူပီမြို့တွေက တာဝန်ကျရွှေ့ပြောင်းတဲ့ဝန်ထမ်းတွေဟာ ဟားခါးကနေ မတူပီကိုခြေလျင်နဲ့သွားလာကြတာကို ကျွန်တော်ကိုယ်တိုင် တွေ့မြင်ခဲ့ရပါတယ်။ အထူးသဖြင့် ပညာရေးဝန်ထမ်းတွေဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းရဲ့အကျိုးဆက်ကြောင့် ချင်းတိုင်းရင်းသားတွေဟာ ယခုအချိန်အထိ တိရစ္ဆာန် သို့မဟုတ် မိမိခွန်အားကိုအသုံးပြုပြီး ခရီးသွားလာခြင်းတွေနဲ့ ရင်ဆိုင်နေရဆဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးအနေနဲ့ ကြည့်မယ်ဆိုရင်လည်း ယခင်ရက်များမှာ ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးကြသလိုပဲ ဒေသခံပညာရေးဝန်ထမ်းရှားပါးမှုကြောင့် မြေပြန့်က ဆရာ/ဆရာမတွေဟာ တောင်ပေါ်ကိုလာရောက်အမှုထမ်းကြပါတယ်။ အဲဒီမှာဘာသွားတွေ့လဲဆိုတော့ Language Barrier ဘာသာစကား အခက်အခဲပါ။ အဲဒါရဲ့အကျိုးဆက်အနေနဲ့ ချင်းပြည်နယ်မှာ တက္ကသိုလ်ဝန်ထမ်းအောင်ချက်ရာခိုင်နှုန်းနည်းပါးပြီး တချို့ဆိုရင်ဆယ်တန်းသာအောင်တယ် မြန်မာစာကို သတ်ပုံမှန်အောင် မပေါင်းတတ်တဲ့အပြင် မြန်မာစာစာစီစာကုံးတွေကို အလွတ်ကျက်ပြီးဖြေဆိုနေတာတွေကို မြင်ခဲ့၊ သိခဲ့၊ ကြားခဲ့ရပါတယ်။ ကျန်းမာရေးအနေနဲ့ တင်ပြရမယ်ဆိုရင်လည်း လမ်းပန်းဆက်သွယ်မှုခက်ခဲပြီး ဝေးလံတဲ့ဒေသဖြစ်တဲ့အတွက် မြို့ကြီးတွေကလွဲပြီး ကျန်ကျေးလက်တွေမှာ ဆရာဝန်/ဆရာမချို့တဲ့မှုဟာ ယခုအချိန်အထိ ကြုံတွေ့နေရသေးကြောင်း ကြားသိရပါတယ်။ ကျွန်တော့်အတွေ့အကြုံအရ အချို့နေရာတွေမှာ ဘာမှမဟုတ်တဲ့ရောဂါလေးကနေ မဖြစ်သင့်မဖြစ်ထိုက်တဲ့အနေအထားအထိ ဖြစ်သွားခဲ့တာကိုလည်း မြင်ခဲ့ရပါတယ်။ ဝေဒနာခံစားနေရသူတစ်ယောက်ကိုစောင်ပုခက်ထဲထည့်ပြီး အဲဒီရွာမှာရှိတဲ့ကာလသားများဟာ တစ်ရွာပြီးတစ်ရွာလက်ဆင့်ကမ်းသယ်ဆောင်ပြီး မြို့ဆေးရုံသို့ပို့ပေးခဲ့တာကိုလည်းမြင်ခဲ့ရပါတယ်။

ဒါ့အပြင် အဓိကအချက်ကတော့ Human Resources ဖြစ်တဲ့လူငယ်များ ပြည်ပနိုင်ငံတွေကို တရားဝင်၊ တရားမဝင်လမ်းကြောင်းတွေကနေ ထွက်ခွာနေခြင်းပဲ ဖြစ်ပါတယ်။ ချင်းတောင်မှာ မိရိုးဖလာတောင်ယာလုပ်ငန်းနဲ့ အခြားလုပ်ငန်းတချို့ကလွဲလို့ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးတာကြောင့် လူငယ် ကျား၊ မတွေဟာ ပြည်ပနိုင်ငံတွေကို လမ်းကြောင်းအသီးသီးက ထွက်ခွာသွားကြတာကြောင့် ရွာတွေမှာလူငယ်၊ လူရွယ်တွေ နည်းပါးစွာမြင်တွေ့ခဲ့ရပါတယ်။ အဲဒါကြောင့် ချင်းပြည်နယ်မှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်များလာမှသာ ဦးနှောက်ယိုစီးမှု Brain drain ကနေ Brain gain ဖြစ်အောင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်ဟာ Natural Resources သဘာဝအရင်းအမြစ်အနေနဲ့ များများစားစားထွက်ရှိမှုမရှိပါ။ စိုက်ပျိုးမွေးမြူမှုအနေနဲ့

လည်း တောင်ထူထပ်တဲ့ဒေသဖြစ်တာကြောင့် စီးပွားဖြစ်ထုတ်လုပ်ရာမှာ Infrastructure အားနည်းမှု ကြောင့် အခက်အခဲတချို့နဲ့ ရင်ဆိုင်ရပါတယ်။ သို့သော်လည်း ချင်းပြည်နယ်မှ ဒေသခံများလက်ဆင့် ကမ်းထိန်းသိမ်းလာတဲ့ သဘာဝပတ်ဝန်းကျင် အမွေအနှစ်နဲ့ များပြားလှတဲ့ မြင်ကွင်းကျယ်ရှုမျှော်ခင်း အလှများရှိနေဆဲဖြစ်ပါတယ်။ အဲဒီအလှတရားများဟာ အဆိုရှင်တင်ပြခဲ့သလို တောင်ယာခုတ်ထွင်မှု လျှော့ချခြင်း၊ ရေအရင်းအမြစ်ထိန်းသိမ်းခြင်းတို့ဖြင့် ချင်းတောင်ကိုလက်ရှိ အလှအတိုင်းထားပြီး အဲဒီအလှတရားကတစ်ဆင့်ငွေရအောင် ဝန်ဆောင်မှုလုပ်ငန်းတွေနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်ပေါက်အောင် ဆောင်ရွက်သင့်ပါတယ်လို့ ထင်မြင်မိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ခရီးသွား လာရေးလုပ်ငန်းအဖွဲ့အစည်းကြီးက ထုတ်ပြန်တဲ့စာရင်းများအရ ၁၉၉၈ ခုနှစ်အတွင်း ကမ္ဘာကြီးတစ်ခု လုံးမှာ လူပေါင်း ၆၂၅ သန်းဟာ နိုင်ငံရပ်ခြားတွေကို ခရီးသွားလာခဲ့ပါတယ်။ ၁၉၅၀ ပြည့်နှစ်က ကမ္ဘာ့ ခရီးသွားများအားလုံးရဲ့ သုံးစွဲငွေဟာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ ရှိခဲ့ရာက ၁၉၉၈ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၄၄၄ ဘီလီယံအထိ တိုးမြှင့်လာခဲ့ပါတယ်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းက ဝင်ငွေ တိုးတက်မှုနှုန်းဟာ နှစ်စဉ်မြင့်တက်လာခဲ့ပြီး အနာဂတ်အတွက် ခန့်မှန်းတွက်ချက်မှုအနေနဲ့ ၂၀၂၀ ပြည့်နှစ်အထိ နှစ်စဉ်ပျမ်းမျှ ၄.၁ ရာခိုင်နှုန်း တိုးတက်လာလိမ့်မယ်လို့ ဆိုထားပါတယ်။ ဒ့ါအပြင် ခရီးသွားလုပ်ငန်းကြီးက လူသားသန်းပေါင်း ၂၁၀ ခန့်ကို အလုပ်အကိုင်ရှာဖွေပေးထားပါသေးတယ်။ ခရီးသွားလုပ်ငန်းကြီးတွေရဲ့ ခရီးစဉ်ဒေသများထဲမှာ မြို့တော်နဲ့မြို့ကြီးဒေသတွေ၊ ပင်လယ်ကမ်းခြေ တွေနဲ့ တောင်တန်းဒေသတွေဟာ အရေးကြီးဆုံးခရီးစဉ်ဒေသတွေအဖြစ် ရှေ့ဆုံးတန်းကပါဝင်နေတာ ကို တွေ့ရှိကြရမှာ ဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းတွေက ရရှိခဲ့တဲ့ဝင်ငွေပေါင်း ၄၄၄ ဘီလီယံဒေါ်လာရဲ့ ၁၅ ရာခိုင်နှုန်းကလည်း ၂၀ ရာခိုင်နှုန်းဖြစ်တဲ့ ဝင်ငွေဟာ Mountain Tourism လို့ခေါ်တဲ့ တောင်တန်း ဒေသအခြေခံခရီးသွားလုပ်ငန်းက ဖြစ်တယ်လို့လေ့လာသိရှိရပါတယ်။ အာဆီယံနိုင်ငံများဆိုရင်လည်း ခရီးသွားလာရေးမြှင့်တင်မှုတွေကို ကြံဆဆောင်ရွက်နေကြပြီး တောင်တန်းများရှိတဲ့နိုင်ငံတွေက တစ်ပန်း သာတယ်လို့ဆိုနိုင်ပါတယ်။ မြို့ပြလူနေမှုစနစ်တွေ ဖွံ့ဖြိုးတိုးတက်နေတဲ့ကမ္ဘာကြီးမှာ တောတောင်တွေ ရဲ့ ပင်ကိုယ်သဘာဝအလှတရားတွေကြောင့်တစ်ကြောင်း၊ အမျိုးမျိုးအဖုံဖုံသော ယဉ်ကျေးမှုဓလေ့ ထုံးစံတွေစုံလင်ကွဲပြားများပြားလှတာတွေကြောင့်တစ်ကြောင်း ခေတ်သစ်လူနေမှုစရိုက်နဲ့ပတ်ဝန်းကျင် ကြောင့်စိတ်ကျဉ်းကျပ်နှောင်ဖွဲ့ပြီး ပင်ပန်းနောက်ကျိတာတွေကို ရုန်းထွက်နိုင်ဖို့အခွင့်အလမ်းဖြစ်ပေါ် နိုင်မှုတွေကြောင့် တောင်တန်းဒေသတွေဟာ ကမ္ဘာလှည့်တွေရဲ့ခရီးစဉ်တွေထဲမှာ အခြေခံနဲ့လက်တွေ့ အကျဆုံးဆွဲဆောင်မှုဖြစ်လာပါတယ်။ ဒ့ါအပြင် Eco-Tourism လို့ခေါ်တဲ့ သဘာဝပတ်ဝန်းကျင်ကို

ထိန်းသိမ်းပြီး ဝင်ငွေရှာတဲ့လုပ်ငန်းတွေကို လုပ်ဆောင်နိုင်သလို အခုခေတ်စားလာတဲ့ Carbon Credit လိုပုံစံမျိုးကနေငွေရအောင်လုပ်ဆောင်နိုင်တယ်လို့ ထင်မြင်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ချင်းပြည်နယ်ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ချင်းပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ လုပ်ငန်းတွေကို တိုးတက်မြင့်မားစေရေးအတွက် အကြံပြုဆွေးနွေးတင်ပြရင်း ချင်းတောင်မှာရှိတဲ့ ဘိုးဘွားတွေပြောခဲ့သလို ငါတို့ငယ်ငယ်က တစ်ဘက်အိမ်နီးချင်းနိုင်ငံကလူတွေ ငါတို့ဆီမှာအလုပ်လာလုပ်ခဲ့ကြတယ်လို့ ပြောခဲ့တာကို ပြန်လည်အောက်မေ့သတိရတာကြောင့် အဲဒီအခြေနေမျိုး ပြန်လည်ရောက်ရှိနိုင်မည်ဟူသော ယုံကြည်ချက်ဖြင့် ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုရဲ့ ချင်းပြည်နယ်ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအဆိုအား ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်လိန်း(ဖလမ်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ သူရဦးအောင်ကိုရဲ့ ချင်းပြည်နယ်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမယ့် ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်းဖြစ်ပါတယ်။ ကျွန်တော့်ကို စာဖြင့်ဖတ်ကြားခွင့်ပြုပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်ဟာ ပြည်ထောင်စုတိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုမှာ အဆင်းရဲဆုံးပြည်နယ်ဆိုတာကို UNDP နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှာထုတ်ပြန်တဲ့ စီးပွားရေးစစ်တမ်းမှာဖော်ပြထားတယ်ဆိုတာ အားလုံးသိပြီးဖြစ်လိမ့်မယ်လို့ယုံကြည်ပါတယ်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေးစသည်ဖြင့် အဘက်ဘက်မှဆင်းရဲပြီးလူနေမှု အဆင့်အတန်းအနိမ့်ဆုံးဖြစ်နေတဲ့ ပြည်ထောင်စုရဲ့ပြည်နယ်တစ်နယ်ဖြစ်တဲ့ ချင်းပြည်နယ်ကို ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအစိုးရနှင့် လွှတ်တော်တစ်ခုလုံးကပါ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများနည်းတူ တိုးတက်ဖွံ့ဖြိုးလာစေချင်ကြလိမ့်မည်လို့လည်း ယုံကြည်ပါတယ်။ အဆင်းရဲဆုံးနဲ့ ဖွံ့ဖြိုးမှုအနည်းဆုံးဖြစ်တဲ့ ချင်းပြည်နယ်အပေါ်မှာ စာနာထောက်ထား စေတနာထားကြမယ်လို့လည်း ယုံကြည်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်ဟာ ဆင်းရဲနွမ်းပါးဆုံး ပြည်နယ်ဖြစ်သော်လည်းပဲ ဒေါ်ဒွဲဘူရဲ့စကားကို ပြန်ပြီးတော့ချေးငှားမယ်ဆိုရင် ခေသောပြည်နယ်မဟုတ်ပါဘူးလို့ တင်စားလိုပါတယ်။ ဘာကြောင့်လည်းဆိုတော့ ပြည်ထောင်စုရဲ့သမိုင်းကို လေ့လာသူတိုင်းသိရှိပြီး ဖြစ်မယ်လို့ယုံကြည်ပါတယ်။ ဒါကတော့ ၁၉၄၇ ခုနှစ်လောက်က ပြည်ထောင်စုပြိုကွဲမည့်အခြေအနေ ရန်ကုန်အစိုးရဟုခေါ်ဆိုနေသည့်အခြေအနေမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် မပြိုကွဲအောင်ထိန်းသိမ်း

ကာကွယ်ရာမှာ ချင်းရဲဘော်တွေက သွေးမြေကျတဲ့အထိ ပေးဆပ်ပါဝင်ခဲ့တယ်ဆိုတာ သမိုင်းဖြစ်ရပ်မှန်ကို လက်ခံသူတိုင်းကသိကြမှာဖြစ်ပါတယ်။ သို့သော်လည်း ယနေ့အချိန်အခါမှာ ပြည်ထောင်စုတည်မြဲစေဖို့ အသက်သွေးချွေးများစွာ ရင်းနှီးခဲ့တဲ့ ပြည်ထောင်စုသားချင်း ချင်းလူမျိုးတွေဟာ ပြည်ထောင်စုအတွင်း အဆင်းရဲဆုံးနှင့် ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးဖြစ်နေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပြည်နယ်ကို ပြည်ထောင်စုအတွင်းရှိ အခြားပြည်နယ်နဲ့ တိုင်းဒေသကြီးများနည်းတူ ဖွံ့ဖြိုးတိုးတက်လာအောင် ပြည်ထောင်စုအစိုးရက ပံ့ပိုးကူညီတာဝန်ယူဆောင်ရွက်ပေးရန် အလေးအနက်တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်တိုးတက်ဖွံ့ဖြိုးရန် ပြည်ထောင်စုအစိုးရက ဘာတွေလုပ်ပေးရမလဲ၊ ဘာတွေပေးရမလဲဆိုတဲ့ မေးခွန်းကိုမေးစရာဖြစ်လာပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အချက်တစ်ခုချင်းစီ နည်းနည်း တင်ပြလိုပါတယ်။ နံပါတ်တစ်က လမ်းပန်းဆက်သွယ်ရေး ဖြစ်ပါတယ်။ ချင်းပြည်နယ်သို့ ပြည်မမှဝင်ပေါက်၊ ထွက်ပေါက်လေးခုရှိပါတယ်။ အဲဒါကတော့ -

(၁) မြောက်ပိုင်း ချင်းပြည်နယ် အတွက်မုံရွာ-ယာကြီး-ကလေး-တီးတိန်-တွန်းဇံ-ဖလမ်း-ဟားခါးလမ်း

(၂) မန္တလေး-ဂန့်ဂေါ- ဟားခါးလမ်း

(၃) ပခုက္ကူ-ပေါက်-ကျောက်ထု-ကန်ပက်လက်နှင့်မင်းတပ်-မတူပီလမ်းမှ(ဟားခါးလမ်းဖောက်လုပ်ဆဲ)

(၄) ပလက်ဝမှ ရေကြောင်းဖြင့် စစ်တွေသို့သွားရာလမ်းတို့ ဖြစ်ကြပါတယ်။

အထက်မှာဖော်ပြခဲ့တဲ့ ကားလမ်းမကြီးသုံးခုကို အနည်းဆုံးဆယ်ဘီးကားများသွားနိုင်တဲ့ ရာသီမရွေးလမ်းဖြစ်အောင် ပြုပြင်ပေးစေလိုပါတယ်။

(၂) ပြည်နယ်အတွင်းလမ်းဖြစ်တဲ့ ဖလမ်း-ရိဒ်လမ်းကို အိန္ဒိယမှဖောက်လုပ်ပေးမည့် ယခင်အစိုးရလက်ထက်ကအစီအစဉ်ကို ပြန်လည်ပြီးတော့ အကောင်အထည်ဖော်ပေးစေလိုပါတယ်။

(၃) ပြည်နယ်အတွင်းလမ်းမကြီးမှ သက်ဆိုင်ရာကျေးရွာများသို့ မြန်မြန်ဆက်သွယ်ရန်ဆိုင်ကယ်လမ်းများကို သက်ဆိုင်ရာကျေးရွာများဖြင့်ပူးပေါင်းဆောင်ရွက်ရာတွင် ဦးဆောင်မှုပေးစေလိုပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသောအခါ ချင်းပြည်နယ်တွင်ကမ္ဘာလှည့်ခရီးသည်များလွတ်လပ်စွာ သွားလာနိုင်ရန်၊ လည်ပတ်နိုင်ရန်စောစောကတင်ပြခဲ့တဲ့အတိုင်း Eco-Tourism ကဲ့သို့သော ကမ္ဘာလှည့်ခရီးသည်များ လာရောက်နိုင်ဖို့ရန်အတွက် ချင်းပြည်နယ်ကို ကန့်သတ်နယ်မြေကနေပြီးတော့ လွတ်မြောက်နယ်မြေပေါ့ Unrestricted Area အဖြစ်သတ်မှတ်ပေးဖို့အလေးအနက်တင်ပြလိုပါတယ်။ နောက်တစ်ချက်အနေနဲ့ သစ်တောထိန်းသိမ်းရေးဖြစ်ပါတယ်။ ချင်းပြည်နယ်မှာမြို့နယ်ကိုးမြို့နယ်၊ ရုံးစိုက်ရာမြို့ကိုးမြို့ရှိပါတယ်။ အဲဒီကိုးမြို့ကို ကျွန်တော်တို့ ပြန်ကြည့်မယ်ဆိုရင်

သူ့ပတ်ဝန်းကျင်မှာရှိတဲ့ ထင်းတွေကို အနည်းဆုံးမိုင် ၂၀ ပတ်ဝန်းကျင်အထိ လောင်စာအဖြစ်နဲ့ အသုံးပြုဖို့ရန် ခုတ်ထားတဲ့အတွက်ကြောင့် ကတုံးပြောင်တွေဖြစ်နေပါပြီ။ အဲဒီနေရာမှာ ထင်းကို အစားမထိုးဘဲ ဒီအတိုင်းသာလုပ်မယ်ဆိုရင် ဆက်လက်ပြီးတော့ ခွင့်ပြုထားမယ်ဆိုရင် ချင်းပြည်နယ် တစ်ခုလုံးဟာ လောင်စာထင်းအဖြစ်နဲ့ ခုတ်ရမယ့်သဘောမျိုးဖြစ်နေပါတယ်။ ဒါကိုဘာနဲ့ အစားထိုး ပေးမလဲ ပြည်ထောင်စုအနေနဲ့ အစားထိုးပေးနိုင်ဖို့အတွက် လျှပ်စစ်ဓါတ်အားဖြင့်သော်လည်းကောင်း၊ ဓါတ်ငွေ့အားဖြင့်သော်လည်းကောင်း အစားထိုးပေးစေလိုပါတယ်။ အခုလည်း လက်ရှိအခြေအနေနဲ့ ဂန့်ဂေါဘက်ကနေပြီးတော့ ၆၆ ကေဗွီ ဓါတ်အားလိုင်းကို ဟားခါး-ဖလမ်း-တီးတိန်ဘက်ကိုသော်လည်း ကောင်း၊ မင်းတပ်-မတူပီဘက်ကိုသော်လည်းကောင်း သွယ်တန်းပေးမယ်လို့ ပြည်ထောင်စုအစိုးရက စီမံထားတာကိုသိရှိရတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်ပြည်သူလူထုကိုယ်စား အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်ကြောင်းကိုလည်းဖော်ပြလိုပါတယ်။

နောက်တစ်ခါချင်းပြည်နယ်မှာ သဘာဝပေါက်ပင်ဖြစ်တဲ့ ထင်းရှူးပင်ကို မေ့ထားလို့မရပါဘူး။ ထင်းရှူးပင်ဟာဆိုရင် အထူးသဖြင့် ထိန်းသိမ်းဖို့လိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လောဘသား များဖြစ်တဲ့ ကျွန်တော်အပြောမှားရင် ခွင့်လွှတ်ပေးစေလိုပါတယ်။ သစ်ကန်ထရိုက်တာကို အကွက်လိုက် များပေးမယ်ဆိုလို့ရှိရင် တစ်လနဲ့ပြောင်သွားမှာဖြစ်ပါတယ်။ အဲဒီလိုမဖြစ်အောင် ထင်းရှူးတောတွေကို ထိန်းထိန်းသိမ်းသိမ်း အစိုးရအနေနဲ့က ကြပ်မတ်ပြီးတော့မှ ယနေ့ကမ္ဘာမှာ ရတနာတစ်ပါးလို တန်ဖိုးရှိလှတဲ့ ထင်းရှူးဆီထုတ်လုပ်ရေးလုပ်ငန်းကိုလည်း ပြန်လည်ပြီးတော့မှ ပြည်ထောင်စုအစိုးရနေနဲ့ သင့်တော်တယ်ထင်တဲ့နည်းလမ်းနဲ့ ထုတ်နိုင်ဖို့ရန်အတွက် စီမံဆောင်ရွက်ပေးစေလိုပါတယ်။ နောက် ပြီးတော့ သဘာဝအလျောက်ပေါက်တဲ့ သစ်ခွမျိုးပေါင်းစုံရှိပါတယ်။ ဒါကိုတင်ပြပြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ထပ်ဖြည့်ချင်တာကတော့ မြို့နယ်တစ်မြို့နယ်တိုင်းမှာ Tissue Culture လို့ခေါ်တဲ့ သစ်ခွပင်ပျိုးထုတ်လုပ်တဲ့ ပန်းခြံတွေဖြစ်နိုင်ဖို့ရန်အတွက် အဲဒါလေးကိုလည်း စီမံဆောင်ရွက်ပေးဖို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ နောက်ပြီးတော့ သဘာဝအလျောက်ပေါက်ရောက်နေတဲ့ ဝဥတို့၊ ဂမုန်းဥတို့ နောက်တခြားဆေးဘက်ဝင်အပင်တွေ အများကြီးရှိပါတယ်။ ဒါတွေကိုလည်း ဆက်လက်ပြီး တော့ဖွံ့ဖြိုးအောင်၊ ပိုမိုပြီးတော့ဖြစ်မြောက်အောင် အစိုးရအနေနဲ့ တွန်းအားပေးစိုက်ပျိုးစေလိုပါတယ်။ နောက်တစ်ခါ အဲဒါတွေအားလုံးကို လုပ်နိုင်ဖို့ရန်အတွက် တောင်ယာစနစ်ကိုပယ်ဖျက်ပေးဖို့လိုပါမယ်။ တောင်ယာစိုက်ခြင်းအားဖြင့် တစ်နေကုန်၊ တစ်နှစ်ပတ်လုံး အလုပ်ကြမ်းလုပ်သော်လည်းပဲ ထွက်လာတဲ့ သီးနှံနဲ့ တစ်နှစ်စာမလုံလောက်ပါဘူး။ ဒါကြောင့် တစ်ဦးချင်းရဲ့တင်ပြချက်အရ ချင်းပြည်နယ်မှာ သူတို့ရဲ့ဝင်ငွေအားလုံးရဲ့ ၇၅ ရာခိုင်နှုန်းကျော်ကို ဆန်အတွက်အသုံးပြုတယ်။ ကျန်တဲ့ဟာလေးနဲ့

ဘယ်လိုလုပ် သားသမီးများရဲ့ ပညာရေး၊ ကျန်းမာရေးဘယ်လိုမှ ဆောင်ရွက်လို့မရတော့ပါဘူး။ ဒါကြောင့်မို့လို့ ဒီတောင်ယာစနစ်ဟာ ရှေးဘိုးဘွားအစဉ်အဆက်က လုပ်ခဲ့တဲ့လုပ်ငန်းဖြစ်သော်လည်းပဲ ကျွန်တော်တို့ချင်းလူထုကို အကျိုးမပေးဘူးဆိုတာကို မျက်ဝါးထင်ထင်မြင်ရတာဖြစ်တဲ့အတွက်ကြောင့် ဒါကို ပြုပြင်ပြောင်းလဲဖို့ရန်အတွက် ဒီတောင်ယာတွေမှာ ကျွန်တော့်အနေနဲ့ ပြည်နယ်သားဖြစ်တဲ့အတွက်ကြောင့် တင်ပြလိုတာကတော့ တောင်ယာမှာ နေ့စဉ်စားတဲ့စားသုံးသီးနှံထက်ပိုပြီးတော့ တန်ဖိုးကြီးတဲ့၊ ဈေးနှုန်းမြင့်မားတဲ့ ပဲအမျိုးမျိုးစသည်ဖြင့်ပေါ့ နောက်ပြီးတော့ အာလူး၊ ပြောင်း ပြီးရင်ဝဥတို့ ဂမုန်းဥတို့နဲ့ အစားထိုးပြီးစိုက်ပျိုးမယ်ဆိုရင် အဲဒီကနေထွက်ရှိလာတဲ့ငွေနဲ့ ဆန်ကိုပြန်ပြီးတော့ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ဒါကို ကျွန်တော့်အနေနဲ့ ဝန်ခံရမယ်ဆိုရင် ကျွန်တော်တို့ ချင်းတောသားတွေက အစိုးရအာဏာကို သိပ်ပြီးတော့လေးစားတယ်။ နာခံတယ်။ ဒါကြောင့်မို့လို့ အစိုးရကဒီလိုလုပ်ရအောင်လို့ မပြောမချင်းက သူတို့ပြောင်းမှာမဟုတ်ဘူး။ ဒါကြောင့် ပြောင်းနိုင်အောင်လည်း ကျွန်တော်တို့ တွန်းအားပေးဖို့လိုအပ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ အသိပညာက သိပ်မရှိသေးဘူး။ အဲဒါလေးကိုလည်း ကျွန်တော့်အနေနဲ့ မရှက်မကြောက်ဘဲနဲ့ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်ဟာ စောစောတုန်းက ဟိုခေတ်တုန်းက လွန်ခဲ့တဲ့ခေတ်တုန်းက လှေခါးထစ်တွေတိုးတယ်။ စိတ်က လှေခါးထစ်ဆိုတာကတော့ ကြားတောင်မကြားချင်တော့ပါဘူး။ ဘာကြောင့်လည်းဆိုတော့ မြေသြဇာကောင်းတဲ့ဟာတွေ အကုန်လုံးဖျက်ဆီးပစ်ပြီးတော့ ဘာမှမဖြစ်ထွန်းနိုင်တဲ့ လှေခါးထစ်တွေအများအပြားကြီးပါ။ တချို့နေရာတွေမှာ အောင်မြင်သော်လည်း များသောနေရာမှာ မအောင်မြင်နိုင်ပါဘူး။ ဘာ့ကြောင့်လည်းဆိုတော့ တောင်စောင်းက စောက်လွန်းလို့ပေါ့ မြေပြန့်တာလက်ဖဝါးစာလောက်တောင်မရှိပါဘူး။ ခုန ဗိုလ်မှူးကလည်းတင်ပြပြီးပြီ။ ကျေးရွာတိုင်း သူရောက်တယ်။ အဲဒီကျေးရွာတွေမှာ ဘောလုံးကန်ဖို့ဆိုရင် တောင်ကမ်းပါးကိုတိုးပြီးတော့မှ အဲဒီမှာမှ ပေတစ်ရာလောက်ရှိတဲ့ကွင်းလေးကို မရရအောင်တူးဖော်နေရတာဖြစ်ပါတယ်။ ဒါကြောင့် ဒီနေရာမှာ လှေခါးထစ်တူးဖော်ခြင်းအားဖြင့် မအောင်မြင်ခဲ့ပါဘူး။ ယခုစာရင်းဇယားအရဆိုရင် ကျွန်တော်တို့ ချင်းပြည်နယ်မှာရှိတဲ့ လှေခါးထစ်ဧကဟာ ချင်းပြည်နယ်ရဲ့ ဧရိယာထက်တောင်ပိုများတယ်လို့ အဆိုကြားဖူးပါတယ်။ ဒါဟာတိတိကျကျ စာရင်းဇယားနဲ့ မတင်ပြနိုင်ပါဘူးခင်ဗျား။ ခွင့်လွှတ်စေလိုပါတယ်။ အဲဒီတော့ အဲဒီနေရာတွေမှာ South Season လို့ခေါ်တဲ့စိုက်ပျိုးနည်းကိုလည်း စမ်းသပ်ရင်လည်း မအောင်မြင်နိုင်ဘူးခင်ဗျား။ ဒါကြောင့် တောင်သူတွေက သူတို့ဒေသအလျောက် သူတို့ကြိုက်နှစ်သက်တဲ့အပင်တွေကို လွတ်လွတ်လပ်လပ်နဲ့ စိုက်ပျိုးနိုင်အောင် ကျွန်တော်တို့အနေနဲ့ ဦးဆောင်မှုပေးရန်အတွက် ကျွန်တော့်အနေနဲ့ တင်ပြလို ပါတယ်။ အဲဒီမှာဒေသအလိုက် လိမ္မော်သီး

အရမ်းကောင်းပါတယ်။ ဘယ်လိုကောင်းသလဲဆိုတော့ သူ့အောက်ခံမြေကို နယ်မှာဖြစ်နေတဲ့ သူ့ဒေသအလိုက်မှာဖြစ်နေတဲ့ အောက်ခံမြေကောင်းနဲ့ ကျွန်တော်တို့ စိုက်နိုင်လို့ရှိရင် အင်မတန်ကောင်းပါတယ်။ ချိုလည်းချိုတယ်။ အရည်လည်းရွှမ်းတယ်။ ချင်းပြည်နယ်လိမ္မော်သီးဟာ ကမ္ဘာမှာတောင်ပြိုင်ပွဲဝင်ရဲတယ်လို့ ကျွန်တော်ထင်ပါတယ်။ အဲဒီလောက်ထိကောင်းပါတယ်။ ဒါပေမယ့်လို့ ကျွန်တော်တို့ စိုက်ပျိုးနေရတာ တစ်ပင်နှစ်ပင်လောက်ပဲဖြစ်တဲ့အတွက်ကြောင့် လူတိုင်းစားသုံးနိုင်ဖို့ရန်အတွက် မတင်ပို့နိုင်သေးပါဘူး။ အဲဒါလည်း ကျွန်တော်တို့ မှတ်သားသင့်တယ်လို့ ပြည်ထောင်စုအစိုးရအနေနဲ့ ကျွန်တော်တို့ကို ပံ့ပိုးကူညီပေးနိုင်ဖို့ ဒါလေးကိုလည်း စဉ်းစားပေးဖို့လိုအပ်တယ်ဆိုတာ ပြောပြချင်ပါတယ်။ လိမ္မော်နဲ့အကျွမ်းဝင်တဲ့အပြင် အားလုံးဟာ နေရာဒေသအလိုက် ဖြစ်ထွန်းနိုင်တဲ့ဟာ ဖြစ်ပါတယ်။ အခုဆိုလို့ရှိရင် စပျစ်သီး၊ စပျစ်သီးကအရမ်းကောင်းတဲ့အတွက်ကြောင့် တစ်ပင်မှာပိဿာ ၅၀၀ ကျော်ရနိုင်ပါတယ်။ အဲဒီ စပျစ်သီးကနေထုတ်လုပ်တဲ့ စပျစ်ဝိုင်လုပ်ငန်းသော်လည်းကောင်း၊ နောက်ပြီးတော့ ယိုအမျိုးမျိုးသော်လည်းကောင်း လုပ်နိုင်ဖို့အတွက် ကျွန်တော်တို့မှာအတတ်ပညာလိုနေပါတယ်။ ဒါမရှိပါဘူး။ ဒါလေးကိုလည်း ပံ့ပိုးကူညီမှုပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့ပြည်နယ်ဟာ တော်တော်လေးကို တိုးတက်လာမယ်လို့ ထင်ပါတယ်။ မွေးမြူရေးကတော့ ရှေးဘိုးဘွားခေတ်ကတည်းက မွေးမြူလာခဲ့တဲ့ နွားနောက်မွေးမြူရေးကို မွေးမြူဖို့ရန်အတွက် စားကျက်မြေလိုတဲ့အတွက်ကြောင့် စားကျက်မြေရရှိနိုင်ဖို့ရန် စောစောကတင်ပြခဲ့တဲ့အတိုင်းပဲ တောင်ယာစနစ်ကို ပြုပြင်ပြီးတော့အစားထိုးမှ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ နောက်တစ်ခုအနေနဲ့တော့ ပညာရေးပိုင်း၊ ဆက်လက်ပြီးတော့ တင်ပြခွင့်ပြုပါခင်ဗျား။ ပညာရေးမှာလည်း ကျွန်တော်တို့ပြည်နယ်က နောက်အကျဆုံးပြည်နယ်ဖြစ်ကြောင်းကို ၁၀ တန်း Result မှာသိပြီးသား ဖြစ်ပါတယ်။ ၁၃.၆ ပဲရှိပါတယ်။ ၁၃.၆ မှာမှလေးဘာသာဂုဏ်ထူးရှင်ရဲ့ ရမှတ်ဟာ ၄၅၀ တောင်မရှိပါဘူး။ ဆိုလိုတာက ဒီနေရာမှာ Distinction ဘယ်လောက်ပဲရရ သူတို့ရဲ့စုစုပေါင်းရမှတ်ဟာ ဘယ်လိုနဲ့မှ ၅၀၀ မပြည့်နိုင်ဘူး။ ၄၆၀ လောက်နဲ့အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တွေ တက်နိုင်ဖို့ဆိုတာ မဖြစ်နိုင်တဲ့အရာဖြစ်ပါတယ်။ ဒါလေးကိုလည်း စဉ်းစားပေးစေလိုပါတယ်။

နောက်တစ်ခု အဲဒီလိုဖြစ်လာရခြင်းရဲ့ အကြောင်းရင်းဟာ သူငယ်တန်းကလေးတွေကအစ၊ မူလတန်းကလေးတွေကအစ၊ အခြေခံပညာကအစ ဖြစ်မယ်လို့ယူဆတဲ့အတွက်ကြောင့် အနည်းငယ်တင်ပြချင်ပါတယ်။ ကျွန်တော်တို့ချင်း ကလေးတွေဟာဆိုလို့ရှိရင် မူကြိုကစပြီးတော့ သူငယ်တန်းတစ်လျှောက်လုံးမှာ ဘာသာခြားနှစ်ခုသင်ရပါတယ်။ အင်္ဂလိပ်ဘာသာနဲ့ မြန်မာဖြစ်ပါတယ်။ မြန်မာဟာအခုတိုင်းပြည်မှာပြောတဲ့ ဘာသာဖြစ်သော်လည်းပဲ ချင်းကလေးတွေက မတတ်ကျွမ်းပါဘူး။ သူတို့

စကားပဲတတ်ပါတယ်။ ဒါကြောင့် ဒီကလေးတွေအတွက် ဖိအားနည်းနိုင်သမျှနည်းဖို့ရန်အတွက် မြန်မာစာနဲ့ သူတို့မြို့နယ်မှာ အသုံးပြုတဲ့စာပေကို သင်ကြားခွင့်ပြုပြီးတော့ စတုတ္ထတန်းအောင်မြင်ပြီး ပဥ္စမတန်း၊ အလယ်တန်းရောက်မှပဲ အင်္ဂလိပ်စာကိုထပ်ပြီးတော့ပြဋ္ဌာန်းပေးမယ်။ တိုင်းရင်းဘာသာကို ချန်ထားခဲ့ပြီးတော့ အဲဒီဟာကို ထပ်ပေးမယ်ဆိုလို့ရှိရင် သူတို့ရဲ့ဉာဏ်ရည်ဟာ အများနည်းတူဖွံ့ဖြိုး လာနိုင်စရာအကြောင်းရှိမယ်လို့ ယုံကြည်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအနေနဲ့ တင်ပြချင် တာကတော့ သယံဇာတပစ္စည်းဖြစ်ပါတယ်။ လူတွေကချင်းပြည်နယ်မှာ သယံဇာတပစ္စည်းမရှိဘူးလို့ ပြောနေကြပါတယ်။ ကျွန်တော်လက်မခံပါဘူးခင်ဗျား။ ကျွန်တော်က Geologist တော့ မဟုတ်ပါဘူး။ သို့သော်လည်းပဲ ကျွန်တော်ကြားဖူးနားဝရှိသလောက် တင်ပြရမယ်ဆိုလို့ရှိရင် အခု ကျွန်တော်တို့ တီးတိန်မြို့နယ်မှာရှိတဲ့ မွေတောင်ဆိုတာ အင်မတန်ကြီးကျယ်တဲ့တောင်ဖြစ်တယ်။ သူက Cromium အကောင်းစားထွက်ရှိတယ်လို့ ကျွန်တော်တို့သိရပါတယ်။ ကန်ဘိုကုမ္ပဏီနဲ့လည်း လွန်ခဲ့တဲ့နှစ်တွေမှာ တူးဖော်နေတာလည်း ကျွန်တော်တို့မြင်တွေ့ရပါတယ်။ အခုထိ အဲဒီအောက်မှာရှိတဲ့ ရွာမှာဆိုလို့ရှိရင် အတုံးတွေ၊ အဲဒီအတုံး အတုံးလိုက်တွေကိုယူပြီးတော့ မုံရွာဖက်မှာသော်လည်းကောင်း သံရည်ကျိုတဲ့ နေရာမှာရောင်းချကြတယ်လို့လည်း ကျွန်တော်တို့ကြားရပါတယ်။ ဒီဟာကြီးကို အကောင်အထည် ဖော်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ချင်းပြည်နယ်သားတွေအနေနဲ့ အများကြီးအလုပ်လည်းရလာ နိုင်မယ်။ ဝင်ငွေလည်းတိုးလာမယ်လို့ ထင်ပါတယ်။ နောက်ပြီးတော့ ဝေဘူလတောင်ဘက်မှာလည်း ထိုနည်းလည်းကောင်းပဲရှိနေပါတယ်။ နောက်ပြီးတော့ ဖလမ်းမြို့နားမှာရှိတဲ့ လုံပီးဆိုတဲ့ရွာမှာ ရွာကထွက်တဲ့ ထုံးကျောက်တွေဟာ ဆိုလို့ရှိရင်လည်းပဲ ဘိလပ်မြေထုတ်လုပ်ဖို့ရန် အခြေခံအတွက် အသုံးပြုတဲ့ဟာ ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့သိရှိရပါတယ်။ ဒါတွေအားလုံး ဖြစ်လာနိုင်ဖို့ရန် အတွက်တော့ လမ်းနဲ့ပါဝါလိုနေတဲ့အတွက်ကြောင့် ဒါလေးတွေကို တဖြည်းဖြည်းချင်းဖြည့်စွက်ပေးခြင်း အားဖြင့် ကျွန်တော်တို့ရဲ့ ချင်းပြည်နယ်လေးဟာလည်းပဲ တိုင်းနဲ့ပြည်နယ် ၁၄ ခုထဲမှာရှိတဲ့ အလယ် အလတ်တန်းစားလောက်တော့ ရောက်ရှိလာနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဘာကြောင့်လည်း ဆိုတော့ ကျွန်တော်တို့နိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှုကို ၃၂ ကနေပြီးတော့ ၂၆ ရာခိုင်နှုန်းသို့လျှော့ချရရန် ၂၀၁၅ ခုလို့ရည်မှန်းထားပါတယ်။ ၂၀၁၅ ခုနှစ်မှာ ၁၆ ရာခိုင်နှုန်းအထိ လျှော့ချမယ်လို့ တင်ပြထားကြ ပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်ရဲ့ စီးပွားရေးကိုကြည့်လိုက်လို့ရှိရင် ၂၀၀၅ မှာ ၂၃.၃ ရာခိုင်နှုန်း ဆင်းရဲမှုနှုန်းထား နောက် ၆ နှစ်အကြာ ၂၀၁၁ မှာလည်းပြောင်းလဲမှုမရှိ။ ဒီအတိုင်း ဒီအတိုင်းပဲ ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စကို ကျွန်တော်တို့ ပြည်ထောင်စုအနေနဲ့သော်လည်းကောင်း၊

လွှတ်တော်ကြီးအနေနဲ့သော်လည်းကောင်း စဉ်းစားဆင်ခြင်ပေးကြပြီးတော့ ကျွန်တော်တို့အတွက် ဘာကောင်းမလဲ အကောင်းဆုံးနည်းကို စီစဉ်ဆောင်ရွက်ပေးနိုင်ရန်အတွက် ကန်ပက်လက်မဲဆန္ဒနယ်၊ လွှတ်တော်ကိုယ်စားလှယ်ကြီး သူရဦးအောင်ကိုရဲ့ ချင်းပြည်နယ်မှာဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်အဆိုတင်သွင်းချက်ကို ကျွန်တော့်အနေနဲ့ အလေးအနက်ထောက်ခံကြောင်း တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခွန်လိန်းတင်ပြသွားတဲ့အခါမှာ ခါတိုင်း ခါတိုင်း နည်းနည်းအနားယူတဲ့ ပုဂ္ဂိုလ်များတောင် ဒီနေ့တော့အနားမယူဘဲနဲ့ ဝိုင်းပြီးတော့နားထောင်နေကြတယ်။ ဒါကြောင့်မို့လို့ ဦးခွန်လိန်းလည်း ခေသူမဟုတ်ပါဘူး။ ဒါကြောင့် ဖထီးကရင်ကြီးလည်းဒီနေ့တော့ ခေါင်းတွေထောင် ကြည့်တယ်။ ဒူးဝါးကချင်ကြီးကလည်း ဒီအတိုင်းပါပဲ။ အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ကျွန်တော်ကတော့ အလုံမဲဆန္ဒနယ်မှ ခိုင်မောင်ရည်ဖြစ်ပါတယ်။ ပထမအကြိမ်၊ ပထမအစည်းအဝေးမှာ အဆိုတင်သွင်းခဲ့တဲ့ ဦးငွန်မောင်း၊ ဟားခါးတင်သွင်းခဲ့တဲ့ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကိစ္စနှင့် ချင်းပြည်နယ်အတွင်း နိုင်ငံခြားသားများ၊ ခရီးသည်များဝင်ရောက်သွားလာခွင့်ရရှိရေးဆိုတဲ့အဆို ဒီအဆိုကို ကျွန်တော် ထောက်ခံခဲ့ပါတယ်။ အဲဒါနဲ့ဆက်စပ်နေတဲ့ အခုအဆိုကို ကျွန်တော်ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စောစောကဆွေးနွေးသွားတဲ့ ကျွန်တော်တို့ရဲ့ ရဲဘော်ကြီးဦးခွန်လိန်း အင်မတန်မှ လေးစားချစ်ခင်ရတဲ့သူ ဆွေးနွေးတဲ့အထဲမှာလည်း ကျွန်တော်တို့ ပြောလိုတဲ့အကြောင်း အရာအများကြီးလည်း ပါသွားပါတယ်။ ကျွန်တော်အနေနဲ့ အကျဉ်းလောက်ပဲ ဆွေးနွေးသွားမှာဖြစ်ပါ တယ်။ စာဖြင့်ဖတ်ကြား ဆွေးနွေးခွင့်ပြုပါ။ ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရဲ့ အဓိက ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကျပါတယ်။ ဆင်းရဲနွမ်းပါးမှုလျှော့ချတဲ့ အစီအစဉ်များ ဆောင်ရွက်ရေး တစ်ဖက်ကလည်း ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို တွဲဖက်ဆောင်ရွက်သွားဖို့ လိုပါ တယ်။ အပြန်အလှန်ဆက်စပ်လျက်ရှိတဲ့ ကဏ္ဍများဖြစ်ကြပါတယ်။ ချင်းပြည်နယ်ရဲ့ ပြည်သူများ အလုပ် အကိုင်အခွင့်အလမ်းများကိုရရှိလာစေမယ့် စီးပွားရေးအဆောက်အအုံများကို နိုင်ငံတော်မှ ရင်းနှီး မြှုပ်နှံဖော်ဆောင်ပေးရန်လိုအပ်ပါမယ်။ ချင်းပြည်နယ်ဟာ အိန္ဒိယနိုင်ငံနဲ့တစ်ဆက်တစ်စပ်တည်း၊ နယ်နိမိတ်ချင်းထိစပ်လျက်ရှိနေတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ဖြစ်သည့်အလျောက်လည်း နယ်စပ်

ကုန်သွယ်မှုစခန်းအဖြစ် Trade Center များမှ အဆင့်မြင့် မြှင့်တင်ဖွင့်လှစ်ပေးခြင်းဖြင့် ချင်းပြည်နယ်ရဲ့ဝင်ငွေမြင့်တက်လာနိုင်မှုရရှိနိုင်မှာပါ။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနဲ့ အခြားရင်းနှီးမြှုပ်နှံမှုများကိုလည်း လုပ်ငန်းရှင်များမှလာရောက်ပြီးတော့မှ လုပ်ကိုင်လာမှာဖြစ်ပါတယ်။ ချင်းပြည်နယ်ဟာ အင်ဂျင်စက်များနှင့် ဓာတ်အားသုံးစွဲနေရပြီးတော့ ပြည်ထောင်စုအစိုးရရဲ့ နိုင်ငံတော်ဓာတ်အားပေးစနစ်မှ ဓာတ်အားမရရှိသေးသော်လည်း အထူးစီမံကိန်းများ ဆောင်ရွက်ရန်ရှိကြောင်းလည်း ကြားသိရပါတယ်။ အဆင့်ဆင့် တစ်ဖြည်းဖြည်းချင်း ရောက်လာမယ်။ လျှပ်စစ်စွမ်းအားကို စောင့်မျှော်ရင်းနဲ့ အဆင့်မြင့်မွေးမြူရေးဇုန်များ၊ စိုက်ပျိုးရေးဇုန်များ စနစ်တကျပေါ်ထွက်လာနိုင်စေရန် ပြည်ထောင်စုအစိုးရမှ နည်းပညာများ၊ လိုအပ်သော စက်ကိရိယာများနှင့် ပညာရှင်များပံ့ပိုးကူညီပေးပြီး ဆောင်ရွက်ပေးသင့်ပါတယ်။ အလားတူသင့်တော်မယ့် ချင်းပြည်နယ်က တောင်တန်းတွေပေါ်မှာဆိုတော့ ကျွန်တော် တောင်းတာများ များနေမလား။ သင့်တော်မယ့် အဆင့်မီစက်မှုဇုန်များ တည်ထောင်ရေးအတွက်လည်း ပြည်ထောင်စုအစိုးရမှ အကူအညီများ လိုအပ်မည်ဖြစ်ပါတယ်။ အဆိုတင်သွင်းသွားတဲ့ ပုဂ္ဂိုလ်ကလည်းအများကြီးအချက် အလက်တွေထည့်ပြီးတော့မှ တင်သွင်းသွားတာကို တွေ့ရပါတယ်။ ဆွေးနွေးသွားချက်တွေလည်း အတော်ပြည့်စုံပါတယ်။ ဆွေးနွေးသွားတဲ့ သူတွေကလည်း ပြည့်ပြည့်စုံစုံ ဆွေးနွေးသွားတာတွေ့ပါတယ်။ စောစောက ကျွန်တော်တို့ရဲ့ ရဲဘော်ကြီး၊ ချစ်ခင်လေးစားရတဲ့ ဦးခွန်လိန်းကလည်း ချင်းသံနဲ့ပြောသွားတာမှာ အင်မတန်မှ ကျွန်တော်တို့ဟာ ချင်းပြည်နယ်အတွက် တကယ်လုပ်ပေးသင့်ပါလားဆိုတဲ့စိတ်၊ ပြီးတော့ ချင်းပြည်နယ်မှာ တကယ့်သဘာဝသယံဇာတတွေ ကာကွယ်သင့်ပါလား။ စောစောကပြောသွားတဲ့ သစ်ပင်တွေခုတ်တဲ့ကိစ္စမျိုး၊ ထင်းရှူးပင်ကိစ္စမျိုး တကယ်တော့ ဘယ်သူမှဂရုမစိုက်မိတာလေးတွေကို တကယ်ထောက်ပြသွားနိုင်ပါတယ်။ ရင်ထဲမှာ တကယ်စူးစူးနစ်နစ်ခံစားရပါတယ်။ ဘာကြောင့်ပဲဖြစ်ဖြစ် ကျွန်တော်တို့ဟာ ချင်းပြည်နယ်အတွက် အကောင်းဆုံးအကူအညီပေးနိုင်မယ်။ လွှတ်တော်ကိုယ်စားလှယ်လည်း ဖြစ်ရမယ့်အတူ နိုင်ငံတော်အစိုးရကိုလည်း အကြံဉာဏ်အကောင်းဆုံးပေးနိုင်တဲ့ ကိုယ်စားလှယ်တွေဖြစ်ဖို့ ကျွန်တော်တို့က အဲဒီလိုဆန္ဒပေါ်လာပါတယ်။ နိဂုံးချုပ်ပဲ ကျွန်တော်ပြောပါတော့မယ်။ ချင်းပြည်နယ်ရဲ့ အခြေခံလိုအပ်ချက်များဖြစ်တဲ့ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး ဒါကတော့ ကြံ့ခိုင်ကောင်းမွန်တဲ့ ၁၂ ရာသီလုံး သွားလို့ရတဲ့လမ်း၊ ချင်းပြည်နယ်က မြေကြီးတွေပျော့တဲ့အတွက် စီမံကိန်းတွေနဲ့လုပ်နေရပါတယ်လို့ ဝန်ကြီးတချို့ ဖြေသွားတာကို ကြားလိုက်ရပါတယ်။ အဲဒီတော့ အဲဒီလမ်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးနဲ့ နောက် အထူးကုဆရာဝန်ကြီးများဖြင့် အင်္ဂါရပ်နဲ့အညီ ဆေးရုံတွေဖြစ်ပေါ်လာရေး၊

နောက် မသင်မနေရအခမဲ့ပညာရေးကို အတိအကျဖော်ဆောင်နိုင်ရေး၊ ချင်းပြည်နယ်အတွက် လိုအပ်တဲ့ တက္ကသိုလ်၊ သင့်တော်မယ့်အချိန်မှာ ဖွင့်လှစ်နိုင်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးမှုကို အလေးပေးဆောင်ရွက်နိုင်ရေးတို့အတွက် တစ်ဆင့်ချင်းမြင့်တက်လာနိုင်အောင် ဆောင်ရွက်နိုင်မှသာ ချင်းပြည်နယ်ရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ကျစေနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ယခုတင်သွင်းသွားတဲ့ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုရဲ့ ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအဆိုကို ထောက်ခံကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းမြင့်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံး ရွှင်လန်းချမ်းမြေ့ပါစေကြောင်းဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုတင်သွင်းခဲ့တဲ့ ချင်းပြည်နယ်ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်ရဲ့ဆွေးနွေး ချက်ကို ဥက္ကဋ္ဌကြီးကိုယ်တိုင်ပြောတဲ့အတွက် လိုရင်းတိုရှင်းပြောဖို့ ဆိုသော်လည်းပဲ ကျွန်တော်ရှေ့မှာ ဦးခွန်လိန်းက ဆင်းရဲနွမ်းပါးမှု အနည်းပါးဆုံးပြည်နယ်ဖြစ်တဲ့အတွက် ဆောင်ရွက်ပေးပါဆိုတာ တသသ ပြောတာဖြစ်တဲ့အတွက် ကျွန်တော်ဆောင်ရွက်ထားမှု အခြေအနေနဲ့ ယှဉ်ပြီးတော့တင်ပြသွားမှာဖြစ်ပါ တယ်။ ကျွန်တော်ရဲ့ဆွေးနွေးချက်ကို စာဖြင့်ဖတ်ကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ချင်းပြည်နယ် ဟာ ကျွန်တော်တို့ သွေးချင်းများနေထိုင်ရာဖြစ်ပါတယ်။ အဲဒီတော့ ချင်းပြည်နယ်ရဲ့ အကျယ်အဝန်းဟာ စတုရန်းမိုင် ၁၃၉၀၆ မိုင်ရှိတဲ့အတွက် မြန်မာနိုင်ငံအကျယ်အဝန်းရဲ့ ၅.၃၂ ရာခိုင်နှုန်းသာရှိတဲ့ ပြည်နယ်ဖြစ်ပါတယ်။ လူဦးရေကလည်း ၅၄၅၄၃၁ ဦးနေထိုင်တဲ့အတွက် မြန်မာနိုင်ငံလူဦးရေ ၅၉.၇၈ သန်းရဲ့ တစ် ရာခိုင်နှုန်းခန့်သာရှိကြောင်း တွေ့ရှိရပါတယ်။ ချင်းပြည်နယ်ဟာ ပေ ၅၀၀၀ ကျော်မြင့်မားမတ်စောက်တဲ့ တောင်တန်း၊ တောင်ကြောပေါ်မှာ မြို့၊ ရွာများ တည်ဆောက်နေထိုင်တဲ့အတွက် တစ်ရွာနဲ့တစ်ရွာ၊ တစ်နယ်နဲ့တစ်နယ်၊ တစ်မြို့နဲ့တစ်မြို့ ဆက်သွယ်သွားလာရေးခက်ခဲသည်ကို တွေ့ရပါတယ်။ ဆက်သွယ်မှုခက်ခဲတာနဲ့အမျှ ပြောဆိုဆက်သွယ်မယ့် ဘာသာစကားမတူညီတာလည်း တွေ့ရမှာဖြစ်ပါတယ်။ ချင်းပြည်နယ်မှာ နေထိုင်ကြတဲ့ တိုင်းရင်းသားညီအကိုများရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေး

အတွက် ခေတ်အဆက်ဆက်အစိုးရတွေဟာ ကဏ္ဍအလိုက်ဖွံ့ဖြိုးအောင်ဆောင်ရွက်ပေးခဲ့တာလည်း ရှိပါတယ်။ လက်ရှိဆောင်ရွက်ပေးခဲ့တဲ့ အခြေအနေအားလုံးကို ပြန်လည်သုံးသပ်တင်ပြသွားမှာဖြစ်ပါတယ်။ နံပါတ်တစ် သစ်တောကဏ္ဍနဲ့ ပတ်သက်ပြီးတော့ ပြုစုပျိုးထောင်ထားတဲ့အခြေအနေက ရွှေ့ပြောင်းတောင်ယာခုတ်ထွင်မှုကြောင့် သဘာဝပတ်ဝန်းကျင်မပျက်စီးရေးနဲ့ ထိန်းသိမ်းရေးကို ရှေ့ရှုပြီးတော့ ကြိုးဝိုင်းတော ၆၆၀.၅ စတုရန်းမိုင်၊ ကြိုးပြင်တော ၁၃၃၅ စတုရန်းမိုင် သစ်တောစိုက်ခင်း တည်ထောင်ခြင်း ၃၇၅၈၀ ဧက ဆောင်ရွက်ပေးထားတဲ့အပြင် လူထုရဲ့လုပ်ရှားမှုအသွင်ဖြင့် သစ်ပင် ၅.၇၅ သန်း စိုက်ပျိုးလျက်ရှိကြောင်းတွေ့ရှိရပါတယ်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍအနေနဲ့ ဖလမ်းမြို့နယ်အတွင်းမှာ စိုက်ပျိုးဧက ၅၀၀ကျော် အကျိုးပြုမယ့်လိုင်ဘားရေလှောင်တမံတည်ဆောက်ပေး၍ မိုးစပါး ၁၃၈၇၇၄ ဧက စိုက်ပျိုးနိုင်ရန်ဆောင်ရွက်ပေးတဲ့အတွက် ဝမ်းစာစပါးဖူလုံပြီး ၆၉ ရာခိုင်နှုန်း ရရှိတယ်လို့ သိရပါတယ်။ ကုန်းမြင့်လယ်ယာအနေနဲ့ ၁၁ သိန်းကျော်ဖော်ထုတ်ရန် စီမံချက်ချပြီး လက်ရှိ ၆၇၁၀ ဧက ဖော်ထုတ်ပြီးဖြစ်ပါတယ်။ ပဲမျိုးစုံအနေနဲ့ ၄၈၅၁၀ ဧက၊ အစေ့ထုတ်ပြောင်း ၉၁၇၁၉ ဧက၊ ဆီထွက် သီးနှံဖြစ်တဲ့မြေပဲ၊ နှမ်း၊ နေကြာ၊ မုံညှင်း၊ ပန်းနှမ်းစိုက်ပျိုးနိုင်ရန် ဆောင်ရွက်ပေးတဲ့အပြင် လက်ဖက် ၂၀၄၀၀ ဧက စိုက်ပျိုးနိုင်ရန်ဆောင်ရွက်ပေးထားကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ မွေးမြူရေးနဲ့ ရေ လုပ်ငန်းကဏ္ဍမှာ ကျွဲ ၄၄၃၆၃ ကောင်၊ နွား ၁၅၅၇၂၂ ကောင်၊ သိုး၊ ဆိတ် ၈၀၀၀၀ ကျော်၊ ဝက် ၂၉၀၀၀၀ ကျော်၊ ကြက်က ၃၄၀၀၀၀၀ ကျော်၊ ငါးကန် ၁၀၁ ကန်တူးဖော် မွေးမြူထားကြောင်းတွေ့ရှိရပါတယ်။ လျှပ်စစ်စွမ်းအားရရှိမှုအနေနဲ့ကတော့ အသေးစားရေအား လျှပ်စစ်စက်ရုံ ၂၃၂ ရုံ၊ ဒီဇယ်သုံး ဓာတ်အားပေးစက် ၂၁ လုံးဖြင့် ဓာတ်အားဖြန့်ဖြူးနေတာလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ပို့ဆောင်ရေးကဏ္ဍနဲ့ လမ်းပန်းဆက်သွယ်ရေးအနေနဲ့ဆိုလို့ရှိရင် ဂန့်ဂေါ- ဖလမ်းလမ်း၊ ဂန့်ဂေါ-ဟားခါးလမ်း၊ မင်းတပ်-မတူပီလမ်း၊ ဟားခါး-မတူပီလမ်း၊ ကလေး-ဖလမ်း- ဟားခါးလမ်းစုစုပေါင်း ဒီကားလမ်းများအပြင်ကို ကားလမ်းရှည် ၁၀၆၇ မိုင် ၃ ဖာလုံ ဖောက်လုပ်သုံးစွဲ နေကြောင်းတွေ့ရှိရပါတယ်။ ဒါ့အပြင် ချင်းပြည်နယ်ရဲ့ ဝင်ပေါက်ထွက်ပေါက်တွေဖြစ်တဲ့ မန္တလေး- စစ်ကိုင်း-မုံရွာ-ဂန့်ဂေါ-ဟားခါးလမ်းနဲ့ ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်လမ်း အဆင့်မြင့်ပေးလျက် ရှိပြီးတော့ ကျောက်ထုလေဆိပ်ကိုလည်း ဖွင့်လှစ်ပေးထားပြီးဖြစ်ပါတယ်။ ဆက်သွယ်ရေးကဏ္ဍအနေနဲ့ အဝေးဆက်သွယ်ရေးဆက်ကြောင်းလိုင်း၊ တယ်လီဖုန်းလိုင်း၊ မိုဘိုင်းတယ်လီဖုန်းများ၊ Email, Internet များအသုံးပြုနိုင်ရန်ဆောင်ရွက်ပေးထားတဲ့အပြင် ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးမြေပြင်စခန်းများ၊ စာတိုက်၊ ဖက်စ်၊ ကြေးနန်းရုံများအသုံးပြုပြီး ပြည်တွင်းပြည်ပဆက်သွယ်ရေးများ ဆောင်ရွက်လျက်

ရှိနေပါတယ်။ ပညာရေးနဲ့ သိပ္ပံနည်းပညာ ဖွံ့ဖြိုးရေးကဏ္ဍအနေနဲ့ အဆင့်မြင့်တက္ကသိုလ်တစ်ခု၊ အစိုးရနည်းပညာတက္ကသိုလ်တစ်ခု၊ အစိုးရနည်းပညာအထက်တန်းကျောင်း သုံးကျောင်း၊ အလယ်တန်း၊ မူလတန်း၊ အထက်တန်းကျောင်း ၁၁၈၃ ကျောင်း၊ ဆရာ၊ ဆရာမ ၄၇၃၃ ဦး၊ ကျောင်းသား တစ်သိန်းကျော်၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်းတွေ့ရှိရပါတယ်။ ကျန်းမာရေးကဏ္ဍအနေနဲ့ ချင်းပြည်နယ်မှာ တိုက်နယ်ဆေးရုံခုတင် ၁၆ ခုတင်ကနေပြီးတော့ ၂၀၀ အထိဆေးရုံ ၂၄ ရုံ ဖွင့်လှစ်ပြီးတော့ ဆရာဝန် ၃၁၉ ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၇၁၃ ဦး၊ သားဖွားဆရာမ ၃၁၉ ဦး၊ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေတာလည်း တွေ့ရပါတယ်။ နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ပြန်ကြားရေးနဲ့ပြည်သူ့ဆက်ဆံရေးကဏ္ဍအနေနဲ့ အထောက်အကူပြုလုပ်ငန်းဆောင်ရွက်ပေးနေကြောင်းလည်းတွေ့ရပါတယ်။ ဒီလိုကဏ္ဍ ၉ ရပ်နဲ့ အဖက်ဖက်မှဆောင်ရွက်နေသော်လည်း ချင်းပြည်နယ်ရဲ့ဆင်းရဲနွမ်းပါးမှုရှိနေခြင်းဟာ အောက်ပါအချက်များကြောင့် ဖြစ်နိုင်ပါကြောင်းသုံးသပ်တင်ပြအပ်ပါတယ်။ နံပါတ်တစ်ကတော့ နိုင်ငံတော်မှ ဆက်သွယ်ရေးလမ်းကြောင်း နွေ၊ မိုး၊ ဆောင်း ကောင်းမွန်ရန် ဆောင်ရွက်ပေးသော်လည်း တောင်ကုန်းတောင်တန်းမတ်စောက်ပြီး ရာသီဥတုဒဏ်ကြောင့် ဆက်သွယ်ရေးလမ်းကြောင်းများပြည့်ပြည့်ဝဝ ၁၂ ရာသီအသုံးမပြုနိုင်ခြင်း၊ နိုင်ငံတော်ရဲ့နှစ် ၃၀ ရေအားလျှပ်စစ်စီမံကိန်းတွင်၊ စီမံကိန်းကာလမပြီးသေးတဲ့အတွက် စီမံကိန်းမှာ ရေအရင်းအမြစ် ၃၀၂ ကနေပြီး လျှပ်စစ်ဓာတ်အား ၄၆၀၀၀ ကျော် မဂ္ဂဝပ်ပြည့်ဝဝထုတ်လုပ်နိုင်ခြင်း မရှိတဲ့အတွက်ချင်းပြည်နယ်သို့ မဟာဓာတ်အားလိုင်း National Gird နဲ့ ဆက်သွယ်ပေးနိုင်မှုမရှိသေးခြင်း၊ လက်ရှိလျှပ်စစ်ဓာတ်အားရရှိမှုဟာလည်း အလင်းရောင်အတွက်သာ အသုံးပြုနိုင်ပြီး အသေးစား၊ အလတ်စား၊ အကြီးစားစက်မှုလုပ်ငန်းများအတွက် အသုံးမပြုနိုင်သေးခြင်း၊ အလားတူ မြန်မာနိုင်ငံမှာ ကျောက်မီးသွေးထုတ်လုပ်နိုင်မယ့်နေရာ ၁၆ နေရာကနေပြီးတော့ ကျောက်မီးသွေး တန်ချိန်သန်းပေါင်း ၈၉.၉၄ သန်းထုတ်လုပ်နိုင်တဲ့အခြေအနေရှိသော်လည်းပဲ ချင်းပြည်နယ်နဲ့ အနီးဆုံး တည်ရှိတဲ့ ကျောက်မီးသွေးသိုက်ဖြစ်တဲ့ ကလေးဝကျောက်မီးသွေးကနေပြီးတော့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်ခြင်းမရှိသေးခြင်း၊ နည်းပညာမရရှိသေးခြင်း၊ ပညာရေးကဏ္ဍမှာလည်း အဟောသိကံများရှိသော်လည်း ဒီအဆိုပါ အဟောသိကံများကို စိုက်ပျိုးမွေးမြူရေးတစ်နိုင်တစ်ပိုင် အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းလုပ်ကိုင်တဲ့အခွင့်အရေးရရှိအောင်ဆောင်ရွက်ပေးနိုင်မှုအားနည်းနေသေးခြင်း၊ ရေမြေ တောတောင်သဘာဝနှင့်ကိုက်ညီမယ့် စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ ထုတ်ကုန်များထုတ်လုပ်မှုအားနည်း နေသေးခြင်း၊ ဒါတွေကို ပန်းသီး၊ လိမ္မော်သီး၊ စပျစ်သီး၊ အခြားသီးနှံများနှင့်သစ်ခွပန်း၊ တောင်ဇလပ်

ပန်းအပါအဝင်၊ အခြားပန်းအလှများ၊ အရည်အသွေးကောင်းသည့် လက်ဖက်များ၊ ဝိုင်ထုတ်လုပ်ရေး လုပ်ငန်းများ၊ ထင်းရှူးဆီထုတ်လုပ်ရေးလုပ်ငန်းများ၊ ဈေးကွက်ဝင်ပစ္စည်းများကို ခေတ်မီနည်းပညာဖြင့် တာရှည်ခံအောင်ထုတ်လုပ်နိုင်တဲ့လုပ်ငန်းမရှိသေးခြင်း၊ ရာသီဥတုနဲ့ကိုက်ညီတဲ့ မွေးမြူထားတဲ့ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ကြက်၊ ဝက်၊ ငါး အပြင်ဈေးကွက်ဝင်တဲ့ နွားနောက်များကို စီးပွားဖြစ်မွေးမြူပြီး တာရှည်ခံမယ့် အသားစားထုတ်လုပ်နိုင်မှုလုပ်ငန်းမရှိသေးခြင်း၊ အထူးသဖြင့် ချင်းပြည်နယ်ရဲ့ သဘာဝအလှအပနဲ့ တောင်ပေါ်စခန်းမှာရှိတဲ့ ရိဒ်ရေကန်လုပ်ငန်း၊ ပေ ၁၀၂၀၀ ရှိတဲ့ ဝိတိုရိယတောင် သဘာဝစိမ့်စမ်းရေတံခွန်များရှိတဲ့ မဏိပူရမြစ်၊ သဘာဝသစ်ခွပျိုးဥယျာဉ်အဖြစ် ပြုစုပျိုးထောင်နိုင်တဲ့ နတ်မတောင်အမျိုးသားဥယျာဉ်၊ သန့်ရှင်းသည့် လေထု၊ မြေ၊ ရေထုနဲ့ တည်ရှိနေသေးတဲ့ သဘာဝပတ်ဝန်းကျင် မပျက်စီးသေးတဲ့ဒေသကို အခြေခံဆွဲဆောင်ပြီးတော့ ယနေ့ကမ္ဘာပေါ်မှာ မီးခိုးမထွက်တဲ့ စက်ရုံလို့တင်စားနေတဲ့ သဘာဝအခြေခံခရီးသွားလုပ်ငန်း Eco-tourism မှာ ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားအောင် ဆောင်ရွက်ပေးနိုင်လို့ရှိရင် ချင်းပြည်နယ်အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်ပေါက်လာမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ယခုနှစ် နိုဝင်ဘာလမှာ ရှေးဟောင်းယဉ်ကျေးမှု မြို့တော်ပုဂံမြို့မှာ မဟာမဲခေါင်ခရီးသွားပြပွဲနဲ့ GMS ခြောက်နိုင်ငံ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ တရုတ်၊ မြန်မာခရီးသွားလုပ်ငန်းဆွေးနွေးပွဲကို ပြုလုပ်မှာဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲမှာ အာဆီယံနိုင်ငံထဲမှာ Snow Cap Mountain တစ်နိုင်ငံပဲရှိတဲ့နိုင်ငံဟာ မြန်မာနိုင်ငံ ဖြစ်ပါတယ်။ ဒီမြန်မာနိုင်ငံရဲ့ သဘာဝအလှအပ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေ၊ မြန်မာ့ပင်လယ်ပြင်ရဲ့ အလှအပတွေနဲ့ဆက်စပ်ပြီးတော့ ချင်းပြည်နယ်ရဲ့ ရေ၊ မြေ၊ တော၊ တောင် သဘာဝအလှအပများကို လာရောက်ပြီးအပန်းဖြေခံစားနိုင်ရန်အတွက် ခရီးသွားလုပ်ငန်းဝန်ဆောင်မှုကို စီးပွားရေးဦးတည်ချက်(၄)ရပ်မှာ ဖော်ပြထားတဲ့ ပြည်တွင်းပြည်ပမှ အတတ်ပညာများနဲ့ အရင်းအနှီးများ ဖိတ်ခေါ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ရန်အချက်အား အလေးထားဆွေးနွေးရန် သင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံ၊ ထောင့်စုံ၊ ဘက်စုံမှ ဆောင်ရွက်ပေးခဲ့မှုများကို ပြန်လည်စိစစ်သုံးသပ်ရန်လည်းသင့်ပါတယ်။ အားနည်းချက်များ တွေ့ရှိလို့ရှိရင်လည်း ပြုပြင်ခြင်း၊ ဒေသတွင်းနေထိုင်တဲ့ တိုင်းရင်းသားများနဲ့ ပြည်နယ်အစိုးရ ဗဟိုအစိုးရမှ ဦးဆောင်ပြီး ပူးပေါင်းလက်တွဲဖွံ့ဖြိုးရေးလုပ်ငန်းများ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပြည်နယ်အတွင်း အဓိကဆက်သွယ်ရေးလမ်းကြောင်းများ အဆင့်မြင့်နည်းပညာများ အသုံးပြုပြီးတော့

အဆင့်မြှင့်တင်ပေးရန်ဆောင်ရွက်ခြင်း၊ စီးပွားရေးကိုအထောက်အကူပြုမယ့် လျှပ်စစ်စွမ်းအား ပြည့်ပြည့်ဝဝ ရရှိရေးဆောင်ရွက်ပေးနိုင်ပါက အသေးစား၊ အလတ်စား၊ အကြီးစားစက်မှုလုပ်ငန်းများ ပေါ်ထွန်းလာနိုင်ခြင်း၊ လျှပ်စစ်စွမ်းအားနှင့် ဆက်သွယ်ရေးလမ်းကြောင်းများ ပြည့်ပြည့်ဝဝအသုံးပြုနိုင်ပါက ပြည်တွင်းပြည်ပပို့ကုန်များအဖြစ် ဒေသထွက်သီးနှံများ၊ တာရှည်ခံ အသားငါးများ လျင်လျင်မြန်မြန်၊ သွက်သွက်လက်လက် ပို့ဆောင်နိုင်မည်ဖြစ်သဖြင့် ချင်းပြည်နယ် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးမှ စီးပွားဖြစ်စိုက်ပျိုးမွေးမြူးရေးလုပ်ငန်းများ ဖော်ဆောင်ပေးခြင်း၊ ကမ္ဘာလှည့်ခရီးသွားများအားနေရေး၊ ထိုင်ရေး၊ စားသောက်ရေး၊ လုံခြုံရေးပြည့်ပြည့်ဝဝ ဆောင်ရွက်ပေးနိုင်ပါက အဆိုပါဝန်ဆောင်မှုလုပ်ငန်းမှ ဝင်ငွေများရရှိနိုင်မည့်အပြင် ဒေသခံတိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုတင်သွင်းတဲ့ ချင်းပြည်နယ်ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအတွက် ပြည်ထောင်စုအဆင့်မှ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဖော်ဆောင်ပေးနိုင်ရန် အဆိုအား လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ရှင်းလင်းဆွေးနွေးသွားကြရန် ဖြစ်ပါတယ်။ ဦးစွာ လယ်ယာနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုမှ ချင်းပြည်နယ်အနေဖြင့် တောင်တန်းဒေသပေါ်တွင် တည်ရှိပြီး ဝေးလံခေါင်းပါးသည့်အရပ်ဖြစ်ခြင်း သယံဇာတအရင်းအမြစ် ရှားပါးခြင်းတို့ကြောင့် စီးပွားရေးလုပ်ငန်းများမရှိပဲ ချင်းတိုင်းရင်းသားအများစုမှာ စားနပ်ရိက္ခာအတွက် ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် အသက်မွေးလျက်ရှိသည့်အတွက် သဘာဝသစ်တောများ ပြုန်းတီးနေရကြောင်းနဲ့ ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပြည်ထောင်စုအဆင့်မှ စီမံဆောင်ရွက်ပေးပါရန် အဆိုပြုချက်အပေါ် ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးအုန်းသန်းမှ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်ဟာ မြို့နယ်ပေါင်း

၁၂ မြို့နယ်၊ ကွင်းပေါင်း ၁၂၉၂ ကွင်း၊ ကျေးရွာအုပ်စုပေါင်း ၅၀၈ အုပ်စုနှင့် တောင်သူပေါင်း ၆၅၂၃၀ ဧက၊ လယ် ၂၈၈၆၆ ဧက၊ တောင်ယာ ၁၈၈၇၉၄ ဧကနှင့် စုစုပေါင်း ၂၁၇၆၆၀ ဧကပေါ်မှာ စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြပါတယ်။ ရွှေ့ပြောင်းတောင်ယာစနစ်ကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှု၊ တောပြုန်းတီးမှု၊ ရာသီဥတုဖောက်ပြန်မှု၊ လူမှုစီးပွားမဖွံ့ဖြိုးမှုများ ကွယ်ပျောက်စေရန်အတွက် ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်လယ်ယာမြေများအဖြစ် ပြောင်းလဲမည့်ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေးအစီအစဉ်ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နိုင်ငံတော် စီမံကိန်းအဖြစ် ၂၀၀၃-၂၀၀၄ ခုနှစ်က စပြီးအကောင်အထည်ဖော်လာခဲ့ပါတယ်။ တစ်နိုင်ငံလုံးမှာ ရွှေ့ပြောင်းတောင်ယာဧက ၃.၆ သိန်းကျော်ရှိရာမှ ၂၀၀၃-၂၀၀၄ ခုနှစ်မှစ၍ ၁၀ နှစ်စီမံကိန်းဖြင့် ပြည်နယ်တိုင်းဒေသကြီးများအလိုက် ကြီးကြပ်မှုအဖွဲ့များဖွဲ့စည်းကာ လိုအပ်တဲ့ ကွင်းဆင်းဆောင်ရွက်မှုများနှင့်အတူ ဝန်ကြီးဌာနရဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအနေဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်၊ ဇူလိုင်လကုန်အထိ စုစုပေါင်း ၃၁၉၄၀ ဧက ဆောင်ရွက်ခဲ့ရာမှာ ချင်းပြည်နယ်မှာ ၆၇၈၃ ဧက ဖော်ထုတ်ပြီးခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် ဝမ်းစာ ဖူလုံရေးနှင့် လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးရေးအတွက် လက်ဖက်စိုက်ပျိုးမှုကို ချင်းပြည်နယ်မှာ ၂၀၀၀-၂၀၀၁ ခုနှစ်မှ ၂၀၀၇-၂၀၀၈ ခုနှစ်အထိ စီမံကိန်းသတ်မှတ်၍လည်းကောင်း ၂၀၀၈-၂၀၀၉ ခုနှစ်မှစတင်၍ ပုံမှန်အမျိုးသားစီမံကိန်းအဖြစ်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ အတွက် ၂၀၁၀-၂၀၁၁ ခုနှစ်အထိ လက်ဖက် စိုက်ဧက ၂၀၄၀၀ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စီမံကိန်း စတင်သည့်မှ ၂၀၁၀-၂၀၁၁ ခုနှစ်အထိ လက်ဖက်မျိုးစေ့များကို အခမဲ့ဖြန့်ဖြူးပေးခဲ့ရာ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ကျပ်သိန်းပေါင်း ၁၂၃၇.၆၂ သိန်း တန်ဖိုးရှိတဲ့ မျိုးစေ့များကို အခမဲ့ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိအစိုးရအဖွဲ့အနေဖြင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးကို အဓိကဦးတည်ချက်ထားပြီး ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆင်းရဲမှုလျှော့ချရေး နိုင်ငံတော်အဆင့်ဆွေးနွေးပွဲကို အစိုးရသစ်ဖွဲ့စည်းပြီး မကြာမီမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းဆွေးနွေးပွဲမှ ရရှိတဲ့ရလဒ်များအရ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ဖော်ဆောင်ရမယ့်လုပ်ငန်းစဉ် ၈ ရပ်ကိုလည်းချမှတ်ထားပြီး အကောင်အထည် ဖော်နိုင်ဖို့ လုပ်ငန်းကော်မတီများကို ဖွဲ့စည်းပေးထားပြီးဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် အတွက် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ဖွံ့ဖြိုးမှုအားနည်းနေတဲ့ဒေသများမှာ လယ်ယာ ကုန်ထုတ်လုပ်လုပ်ငန်းများ တိုးတက်လာစေရန်နဲ့ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ စိုက်ပျိုးရေး

အလေ့အကျင့်ကောင်းများ ပြန့်ပွားလာစေရေးကို စည်းရုံးပညာပေးနည်းလမ်းများနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ချင်းပြည်နယ်အတွင်း ရွှေ့ပြောင်းတောင်ယာစနစ်များကြောင့် သစ်တောများပြုန်းတီး၍ ရာသီဥတုများ ဖောက်ပြန်လာပြီး ရေထွက်များခန်းခြောက်လာခြင်းအား ဒေသနှင့်ကိုက်ညီသည့် ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်၍ လက်ဖက်၊ ကော်ဖီ၊ သစ်တော်၊ ပန်းသီး၊ သစ်အယ်၊ ထောပတ်၊ ဆပ်ဆူမာ၊ ဂရိတ်ဖရု၊ လိမ္မော်၊ လောင်ဂန် စတဲ့နှစ်ရှည်သီးနှံများ စိုက်ပျိုးခြင်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကိုများစွာအထောက်အကူဖြစ်မယ့်အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဥ်ပါ တစ်ပါတည်း ဆောင်ရွက်ပြီးမှာ ဖြစ်ပါတယ်။ အထူးသဖြင့်ထောပတ်၊ လောင်ဂန်၊ ဂရိတ်ဖရု စသည့် သီးနှံတွေဟာ အမြဲစိမ်းလန်းတဲ့ သစ်ပင်များဖြစ်ပြီး လောင်ဂန်ရဲ့ မူရင်းဒေသဟာ ချင်းပြည်နယ် ဖြစ်ခဲ့ပါတယ်။ သစ်သီးဝလံ စိုက်ပျိုးဧကများနဲ့ ပြန်ကြည့်မယ်ဆိုရင် ချင်းပြည်နယ်မှာ ပန်းသီး ၃၄၄၄ ဧက၊ လိမ္မော် ၁၄၇၉ ဧက၊ ထောပတ် ၁၈၃၅ ဧက၊ စပျစ် ၃၃၈ ဧက စိုက်ပျိုးထားလျက်ရှိကြပါတယ်။ နှစ်ရှည် သစ်သီးဝလံတွေဖြစ်တဲ့ လက်ဖက်၊ သစ်အယ်၊ ထောပတ်၊ ပန်းသီး၊ ဆပ်ဆူမာ၊ လိမ္မော်၊ ကိုးရီးယားသစ်တော် စတဲ့ပျိုးပင်တွေကိုလည်း ချင်းပြည်နယ်မှာရှိတဲ့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းပိုင် ကျောဘုတ်၊ ဘော်ခွီး၊ လုံပီးနဲ့ ရမ်ကလောင်ခြံများကနေပြီးတော့ ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ သစ်သီးဝလံများဟာ နှစ်ရှည်ဝင်ငွေရမှာ ဖြစ်ပေမယ့် လေး၊ ငါးနှစ်နေမှ စပြီးဝင်ငွေရတာ ဖြစ်ပါတယ်။ ကြားကာလမှာ ဝင်ငွေရရှိစေဖို့ နှစ်ရှည်သစ်သီးပင်များကြားမှာ ကြားသီးနှံများအဖြစ် ဝဥ၊ ဂျင်း၊ အာလူး၊ ကွမ်းစားဂမုန်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ ဂေါ်ဖီထုပ်၊ ဂေါ်ရခါးသီးတွေကို စိုက်ပျိုးခြင်းဖြင့် နှစ်ချင်းဝင်ငွေရရှိမှာ ဖြစ်ပါတယ်။ ဝဥအနေနဲ့ ဒီနေ့အထိ ချင်းပြည်နယ်မှာ ၃၁၁၂ ဧက၊ အာလူးအနေနဲ့ ၃၉၈၂ ဧက၊ ဂျင်းအနေနဲ့ ၂၆၃၄ ဧက၊ ကွမ်းစားဂမုန်းအနေနဲ့ ၁၅၉၀ ဧကစိုက်ပျိုးလျက်ရှိပြီး၊ ဒီနေ့အချိန်အခါမှာ ကွမ်းစားဂမုန်းဟာ ဝင်ငွေအကောင်းဆုံးဖြစ်တဲ့အတွက် အများအပြား ချက်ချင်း တိုးတက် စိုက်ပျိုးလာတာကို တွေ့ရှိရပါတယ်။ ကွမ်းစားဂမုန်းအနေဖြင့် ကြည့်မယ်ဆိုရင် တစ်ဧက အပေါ်မှာ အထွက်နှုန်းပိဿာ ၃၇၀၀ လောက်ထွက်ပြီးတော့ ဒီနေ့တစ်ပိဿာရဲ့ အခြောက် ပေါက်ဈေးဟာ ၁၀၀၀၀ လောက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဝင်ငွေအနေနဲ့ ပြန်ကြည့်မယ်ဆိုရင် တစ်ဧက ၃၇၀၀ ပိဿာနှင့် တစ်ဧက တစ်ပိဿာ ၁၀၀၀၀ နှုန်းနဲ့ဆိုရင် ဝင်ငွေသိန်း ၃၀ ကျော်ရရှိမယ့် သီးနှံဖြစ်တဲ့အပြင် ကုန်ကျစရိတ်အနေနဲ့ပြန်တွက်မယ်ဆိုရင် တစ်ဧကကုန်ကျစရိတ်ဟာ ၁၀ သိန်းကျော်သာ ရှိတဲ့အတွက် အမြတ်သိန်း ၂၀ လောက်အထိ ရနေတဲ့ကွမ်းစားဂမုန်းသီးနှံဖြစ်တဲ့အတွက် စိုက်ဧကများ ဟာ တစ်နေ့တစ်ခြား အလျင်အမြန် တိုးတက်စိုက်ပျိုးလျက်ရှိကြောင်း တွေ့ရှိရပါတယ်။

ချင်းပြည်နယ်ဟာ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ပြည်နယ်ဖြစ်တဲ့အတွက် ထွက်ရှိလာတဲ့ သီးနှံတွေကို ကုန်ကြမ်းအဖြစ် တင်ပို့ခြင်းထက် ကုန်ချောအဖြစ် တင်ပို့မှသာ ပိုမိုအဆင်ပြေ လွယ်ကူမှာဖြစ်ပါတယ်။ ဒါကြောင့် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်တဲ့နည်းတွေ သင်ကြားပေးခြင်းဖြင့် ကုန်ချောများကို ပြည်တွင်း၊ ပြည်ပဈေးကွက်တွေကို တင်ပို့နိုင်ပြီး ဈေးကွက်ဝေစုရရှိပြီး ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုမှာ ဖြစ်ပါတယ်။ သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းစနစ်တွေကိုလည်း သင်တန်းတွေ ပေးလျက်ရှိပါတယ်။ ဆက်လက်ပြီးတော့လည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဆင့်မြင့်ပညာ သင်ကြားနိုင်ဖို့အတွက် ချင်းပြည်နယ်မှ ယခုနှစ်တက္ကသိုလ်ဝင်တန်းအောင်တဲ့ ကျောင်းသား ၂၆ ဦးကို စိုက်ပျိုးရေး တက္ကသိုလ်မှာ တက်ရောက်ပြီးတော့ သင်ကြားပြီး နောင်မှာ ချင်းပြည်နယ်ရဲ့ စိုက်ပျိုးရေးတိုးတက်လာနိုင်အောင် ချင်းအမျိုးသား ၂၆ ဦးကို ဒီနှစ်ကစပြီး စိုက်ပျိုးရေးတက္ကသိုလ်မှာ သင်ကြားပေးသွားမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ချင်းပြည်နယ်ဟာ သဘာဝ ဆေးဖက်ဝင်သစ်ခွမျိုးများစွာ ပေါက်ရောက်တဲ့ဒေသဖြစ်ပါတယ်။ ဒေသနှင့်ကိုက်ညီပြီး ရှားပါးသစ်ခွဈေး ကောင်းရတဲ့ သစ်ခွမျိုးတွေကို မင်းတပ်မြို့ ဝေါ်ခွီးခြံမှာ မျိုးထိန်းဆောင်ရွက်ပြီး Tissue Culture ဖြင့်မွေးမြူးဖြန့်ဖြူးပြီး တောင်သူများကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးစေခြင်းအားဖြင့် ရှားပါးတဲ့ဆေးဖက်ဝင် သစ်ခွများ တစ်နေရာထဲမှာစုဆောင်းရရှိနိုင်ခြင်း၊ သစ်တောများပြုန်းတီးခြင်းမှ ကာကွယ်နိုင်ခြင်း ဒေသနေပြည်သူများ သစ်ခွကို စနစ်တကျ စုဆောင်းတတ်လာစေရန်နှင့် စနစ်တကျ စိုက်ပျိုး ထုတ်လုပ်ခြင်းမှ ဝင်ငွေပိုမိုရရှိလာနိုင်ခြင်း၊ ဆေးဖက်ဝင် သစ်ခွမျိုးစေ့များ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် နိုင်ငံတော်၏ ဝင်ငွေကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေနိုင်ခြင်း စသဖြင့်ရည်ရွယ်ပြီး ဒေသသစ်ခွမျိုး ၁၁ မျိုးကို မျိုးထိန်းဆောင်ရွက်ထားပြီး တောင်သူများအား ပညာပေးဆောင်ရွက်လျက်ရှိတဲ့အတွက် ကျေးလက်ဒေသဖွံ့ရေးကို အထောက်အကူပြုသွားမှာ ဖြစ်ပါတယ်။သို့ဖြစ်ပါ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ရန်ပုံငွေ ရရှိမှုအခြေအနေ အကောင်အထည်ဖော်မှုအပေါ် မူတည်ပြီးတော့ စီမံဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားရင်း တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးရှိတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်နိုင်သိန်း(ပြည်ထောင်စုဝန်ကြီး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုရဲ့

ချင်းပြည်နယ်ဆင်းရဲနွမ်းပါးမှုလျော့ပါးရေးအဆိုမှာ ပါဝင်တဲ့မွေးမြူရေးကို အခြေခံတဲ့စီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် လက်ရှိအခြေအနေထက် ပိုမိုထောက်ပံ့ပေးခြင်း အထူးသဖြင့် နွားနောက်၊ ဝက်၊ ဆိတ်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းလုပ်ငန်းနဲ့ ပတ်သက်ပြီး မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကျွန်တော်က ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်ရဲ့ နွားနောက်မွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်မှ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လမှာ နွားနောက်မွေးမြူရေးချေးငွေကျပ် သိန်း ၁၀၀၀ ကိုလည်းကောင်း၊၂၀၀၆ ခုနှစ်၊ ဇူလိုင်လမှာ ဒုတိယအကြိမ် ကျပ်သိန်း ၅၀၀ ကို လည်းကောင်း၊ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလမှာ တတိယအကြိမ် ကျပ်သိန်း ၁၅၀၀ ကိုလည်းကောင်း ချေးငွေရရှိနိုင်ရေး ထောက်ပံ့ဆောင်ရွက်ပေးခဲ့ပါတယ်။ မွေးမြူရေးကို အခြေခံတဲ့စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် အောင်ဆောင်ရွက်နိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ဗဟိုအဖွဲ့အနေနဲ့ မွေးမြူရေးနဲ့သားငါးထုတ်လုပ်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး မွေးမြူရေးနှင့်သားငါး ထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီအဆင့်ဆင့် ဖွဲ့စည်းပြီး လုပ်ငန်းအစီအမံများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ မြို့နယ်၊ ကျေးရွာအလိုက် အစုအဖွဲ့တွေဖွဲ့ပြီး နွားနောက်မွေးမြူရေးအစုအဖွဲ့၊ ဝက်မွေးမြူရေးအစုအဖွဲ့၊ ဆိတ်မွေးမြူရေးအစုအဖွဲ့တွေဖွဲ့ပြီး စီးပွားဖြစ်ထုတ်လုပ်ရောင်းချနိုင်မှ စီးပွားရေးတိုးတက်မှာ ဖြစ်ပါတယ်။ အထူးသဖြင့် တစ်ဖက်နိုင်ငံဖက်ဈေးကွက်ရှိတဲ့ ဝက်မွေးမြူရေး လုပ်ငန်းတိုးချဲ့ခြင်းဖြင့် ၎င်းဒေသရဲ့ စီးပွားရေးတိုးတက်နိုင်ကြောင်းလည်း အကြံပြုတင်ပြလိုပါတယ်။ အစုအဖွဲ့တွေဖွဲ့ပြီး လိုအပ်တဲ့ငွေကြေးရင်းနှီးတဲ့ နည်းပညာများ ဖြည့်ဆည်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ပြည်နယ် အစိုးရနှင့် ဌာနဆိုင်ရာများ ညှိနှိုင်းပံ့ပိုးပညာပေး ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်များလည်း ချမှတ်ပြီး ဖြစ်တဲ့အတွက်ကြောင့် ၎င်းလုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာဖြစ် ကြောင်းမွေးမြူရေးကဏ္ဍကို ရှင်းလင်းဖြေကြားအပ်ပါတယ်။ သို့ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးလုပ်ငန်းစဉ်များနဲ့ စပ်လျဉ်းပြီး ဦးခွန်လိန်းရဲ့ ဆွေးနွေးချက်များအပေါ် အကြံပြု ဆွေးနွေးတင်ပြရရင် လွန်ခဲ့တဲ့နှစ်ကာလများက ပြည်နယ်နှင့်တိုင်းဒေသအသီးသီးမှာ စိုက်ပျိုးမွေးမြူ လုပ်ကိုင်ကြတဲ့ တောင်သူလယ်သမားများဟာ မိမိတို့ရဲ့တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူမှုများဟာ မိမိတို့ရဲ့ မိသားစုအတွက်ကို စားနိုင်နေနိုင်တဲ့အဆင့်၊ တချို့ဆိုရင်စားနိုင်နေနိုင်တဲ့ အဆင့်မရှိဘဲနဲ့ လိုအပ်ချက်ရှိနေတဲ့အတွက်ကြောင့် ယခင်အစိုးရလက်ထက်မှာလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များနဲ့ဆောင်ရွက်ခဲ့ပါတယ်။ ယခု အစိုးရသစ်ကာလမှာကျတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေး

နဲ့ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို မကြာခင်က အလုပ်ရုံဆွေးနွေးပွဲကျင်းပပြီးတော့မှ ပြန်လည်သုံးသပ်ပြီးတော့မှ ၎င်းလုပ်ငန်းစဉ်များအပေါ်မှာ Action Plan ရေးဆွဲပြီးတော့မှ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလုပ်ငန်းစဉ်ရဲ့ အနှစ်သာရ အခြေခံအချက် နှစ်ချက်ရှိပါတယ်။ တစ်ချက်ကတော့ အစုအဖွဲ့အခြေခံ Community Base ဖြစ်ပါတယ်။ ဒုတိယကတော့ ဘာပဲလုပ်လုပ် ကျွန်တော်တို့အပေါ်ကနေပြီးတော့မှ ချမှတ်ပေးတဲ့လုပ်ငန်းစဉ် Top Down ပုံစံမဟုတ်ဘဲနဲ့ Bottom Up Initiative အောက်ကနေပြီးတော့မှ မိမိတို့အစုအဖွဲ့ရဲ့ သဘောတူညီမှုဆန္ဒ မိမိတို့ဈေးကွက်ရှိမယ့် လုပ်ငန်းများကို ရှာဖွေပြီးတော့မှ လုပ်နိုင်ကိုင်နိုင်တဲ့ လုပ်ငန်းစဉ်များကို ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသအာဏာပိုင်များနဲ့ ဆိုင်ရာဌာနများကနေပြီးတော့မှ ပံ့ပိုးကူညီပေးသွားတဲ့ လုပ်ငန်းစဉ်ပဲဖြစ်ပါတယ်။ အဲဒီတော့ဒီနေရာ လူအင်အားစုစည်းခြင်း၊ နံပါတ်နှစ်က ငွေအင်အားစုစည်းခြင်း၊ နံပါတ်သုံးက မျိုးစုစည်းခြင်း၊ တစ်နည်းအားဖြင့် ဈေးကွက်ဝင်မျိုးများ စုစည်းစိုက်ပျိုးခြင်း၊ နံပါတ်လေးက အခြားသွင်းအားစု စုစည်းခြင်း၊ နံပါတ်ငါးက နည်းပညာစုစည်းခြင်း၊ နံပါတ်ခြောက်က ထုတ်လုပ်မှုစုစည်းခြင်း၊ နံပါတ်ခုနှစ်က ဈေးကွက်စုစည်းခြင်း သို့မဟုတ် ဈေးကွက်သို့ စုစည်းတင်ပို့ခြင်း ဆိုတဲ့ စုစည်းစွမ်းအား၊ စုပေါင်းစွမ်းအားခုနှစ်ပါးကို ကျွန်တော်တို့ အခြေခံပြီးတော့မှ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒါဟာ အခုတင်ပြတဲ့အကြောင်းရင်းက လွန်ခဲ့တဲ့သုံးလေးနှစ်က ချင်းပြည်နယ်အတွက် ပိုးစာပင်များကို မူဆယ်နယ်စပ်ကုန်သွယ်ရေးကနေ တစ်ဆင့်တင်သွင်းပြီးတော့မှ အဲဒီအချိန်တုန်းက ချင်းပြည်နယ်ကို တင်ပို့ပြီးတော့ဆောင်ရွက်မယ်ဆိုတဲ့ အနေအထားရှိပေမယ့် ဒီပညာရှင်များကနေပြီးတော့မှ ပြင်ဦးလွင်မှာတစ်ဆင့်စိုက်ပျိုးပြီးတော့မှတစ်ဆင့်ခံပို့ပေးမယ်ဆိုတဲ့ အစီအစဉ်ကြောင့် အခုလည်း ကျွန်တော်တို့ သစ်တောရေးရာဝန်ကြီးကို မေးမြန်းကြည့်တဲ့အခါကျတော့ ဒီလုပ်ငန်းစဉ်ကို ဒေါ်လာတစ်သန်းဖိုးလောက် အကုန်အကျခံပြီးတော့မှ တစ်ဖက်ကပညာရှင်များနဲ့ ဒီချင်းပြည်နယ်အတွက် လုပ်မယ်လို့သိရပါတယ်။ အဲဒီအချိန်လောက်တုန်းက မန္တလေးမှာရှိတဲ့ ပိုးထည်ရက်လုပ်တဲ့အထည်ကုမ္ပဏီ လုပ်ငန်းရှင်များကို တော်တော်များများခေါ်ယူတွေ့ဆုံဖူးပါတယ်။ တွေ့ဆုံတဲ့အခါကျတော့ ကျွန်တော်တို့ တွေ့ဆုံတဲ့ရည်ရွယ်ချက်က ဒီပိုးစာပင်နဲ့ ပိုးစာခြံထုတ်လုပ်တာတော့ဟုတ်ပြီ။ ဒီဟာကို ပြန်ပြီးတော့မှ ဈေးကွက်ကို ပြန်လည်ဝယ်ယူဖို့ အဓိကလိုအပ်တဲ့အတွက်ကြောင့် အဲဒီလိုတွေ့ဆုံပြီးမှ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ တစ်ဘက်က တရုတ်နိုင်ငံကိုလည်း ဒီပိုးတွေကို ပြန်ပြီးတော့ ယူမလားဆိုတဲ့ လုပ်ငန်းစဉ်တွေအထိပါ ဆွေးနွေးတဲ့အခါကျတော့ ကျွန်တော်တို့ ထုတ်လုပ်တဲ့ ပိုးရဲ့အရည်အသွေး ဒီအပေါ်မှာ ကြည့်ပြီးတော့မှ ဆောင်ရွက်နိုင်မယ်ဆိုတဲ့ အနေအထားဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ ဒီနေရာမှာ ပြည်တွင်းလုပ်ငန်းရှင်လည်း လိုအပ်တယ်။

တစ်ဘက်ကနည်းပညာနဲ့ လုပ်ငန်းများလည်း၊ အရင်းအနှီးများလည်းလိုအပ်တဲ့ အနေအထားလေးတွေ့ရှိခဲ့ရပါတယ်။အဲဒီတော့ ဒီနေရာမှာ ခုနကပြောတဲ့စုစည်းခြင်းအား ခုနှစ်ပါးဆိုတာကလည်း မကြာခင်က ကိုးကန့်၊ ပလောင်၊ ဓနု၊ ပအို့ဝ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တာဝန်ရှိပုဂ္ဂိုလ်များနဲ့ တွေ့ဆုံခဲ့တဲ့အခါမှာ ကိုးကန့်တို့၊ ဓနုတို့၊ ပအို့ဝ်တို့က နှစ်လအတွင်းမှာ အသားတင်ထုတ်လုပ်မှုတန်ဖိုးကကျပ်သန်း ၅၀၀၀ လောက်ရှိနေတဲ့အချိန်မှာ ၀ ဒေသ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းက ကျပ်သန်း ၂၀၀၀၀ ကျော် လောက်ရှိနေတဲ့ အနေအထားတွေ့ရပါတယ်။ ကုန်သွယ်နိုင်တဲ့ပမာဏဟာလည်း ၂၄ ရာခိုင်နှုန်းလောက်ရှိပြီးတော့ ကျန်တဲ့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများဟာ ၁၄ ရာခိုင်နှုန်း၊ ၁၅ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်း ကုန်သွယ်နိုင်တာရှိပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ တောင်သူလယ်သမားတွေ ဆင်းရဲမှုလျှော့ချဖို့ဆိုရင်၊ မိမိတို့ဒေသတွေ ဖွံ့ဖြိုးဖို့ဆိုရင် မိမိတို့စိုက်ပျိုးထုတ်လုပ်တဲ့ဟာကို မိမိတို့အသားတင်ထုတ်လုပ်မှုတော့ တိုးလာမယ်။ ဒါပေမယ့် မိမိတို့ဒေသပဲ ပြန်စားမယ်ဆိုလို့ရှိရင်တော့၊ တခြားကိုမရောင်းရဘူးဆိုရင်တော့ စီးပွားရေး မတက်နိုင်ပါဘူး။ ထုတ်လုပ်တဲ့ဟာကို ရောင်းနိုင်အောင် ထုတ်လုပ်ရမှာ ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ခုနကတုန်းက စုစည်းခြင်းအား ခုနှစ်ပါးဆိုတာက တစ်ဦးချင်းတစ်ပိုင်တစ်နိုင် ကိုယ့်စိတ်ကူးတည့်တဲ့ဟာကို စိုက်ပျိုးတဲ့အတွက်ကြောင့် ဦးခွန်လိန်းပြောသလို လိမ္မော်ပင်အနည်းအကျဉ်းသာ စိုက်နေတဲ့အတွက်ကြောင့် ဈေးကွက်ကို မပို့နိုင်ပါဘူး။ ဟန်မြင့်မိုရ်လို တစ်ရွာလုံး သရက်သီးစိုက်မယ်ဆိုရင် အားလုံးက သရက်သီး စိုက်ပြီးတော့ သရက်သီးထွက်သောရွာ၊ အခုဆိုရင် လိမ္မော်သီးထွက်သောရွာ အခု ပအို့ဝ်ဒေသမှာဆိုရင်၊ ဟိုပုန်းမှာဆိုရင်ကျောက်တန်းမှာ လွန်ခဲ့တဲ့ငါးနှစ်က ထောပတ်ပင်ကျောက်တန်းမှာတင် အပင်တစ်သောင်း စိုက်လိုက်တဲ့အတွက်ကြောင့် ယခုမာလာမြိုင် ကုမ္ပဏီကနေပြီးတော့မှ Export လုပ်ဖို့အတွက် စက်ရုံနဲ့ချိတ်ဆက်ပြီးတော့ လုပ်နေတာရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က တစ်ပိုင်တစ်နိုင်စကေးကနေပြီးတော့မှ Commercial Skill ကို ဈေးကွက်ပို့ဆောင်နိုင်တဲ့အဆင့်ကို ကူးပြောင်းပြီးတော့ လုပ်ဆောင်နေတာ ခုနက စုစည်းခြင်း ခုနှစ်ပါးဆိုတာ စိတ်တူကိုယ်တူ ဘယ်အပင်စိုက်မလဲ။ အားလုံးတစ်ရွာလုံးဘာကိုစိုက်မလဲ။ ဒီလိုစိုက်ပျိုးထုတ်လုပ်တဲ့ဟာကို ဈေးကွက်ကို အတူတူပို့မယ်ဆိုရင်ဟဲဟိုးက ပန်းအစုအဖွဲ့ဆိုရင် ဈေးကွက်ကို အတူတူပို့တဲ့ အတွက်ကြောင့် သူတို့ပန်းတွေဟာ ကုန်ကျစရိတ်၊ သယ်ယူပို့ဆောင်စရိတ် လျှော့ချနိုင်တဲ့ Reducing The Cost ကို လုပ်တဲ့အပြင် သူတို့သယ်ဆောင်တဲ့အခါမှာ အထိခိုက်အနာအဆာ မရှိတဲ့အတွက်ကြောင့် Quality ကိုလည်း ထိန်းနိုင်တဲ့အနေအထားဖြစ်တဲ့အတွက်ကြောင့် ဈေးပိုရပါတယ်။ ထုတ်လုပ်စရိတ်တွေကျပါတယ်။ ဒါကြောင့်မို့လို့ စုစည်းပြီးတော့မှ စုပေါင်းဆောင်ရွက်တဲ့ လုပ်ငန်းစဉ်များကို

ကျွန်တော်တို့ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ အဲဒီကနေတစ်ဆင့် ကျေးရွာအလိုက် တစ်ပိုင်တစ်နိုင် ဖြစ်ပြီးတဲ့ နောက်ကနေပြီးတော့မှ မြို့နယ်တစ်နယ်မှာ မြို့နယ်အတွက် ထုတ်လုပ်တဲ့ဟာကို မြို့နယ် လူဦးရေနဲ့ပဲ စားသုံးမယ်ဆိုလို့ရှိရင်တော့ ဒီမြို့နယ်ထုတ်လုပ်တာ ဒီမြို့နယ်စားသုံးမယ် ဆိုရင်တော့ တခြားမြို့နယ်ကငွေမရပါဘူး။ ဒါ့ကြောင့်မို့လို့ ဒီမြို့နယ်ထုတ်လုပ်တာထက် ပိုမိုထုတ်လုပ်နိုင်တယ် ဆိုရင် အခြားမြို့နယ်ကို ထုတ်ရောင်းဖို့ဆိုရင် လက်လီဈေးထက်စာရင် လက်ကားပို့နိုင်တဲ့ဈေးတွေ လိုအပ်ပါတယ်။ အဲဒီဟာကဈေးကွက်ဖွံ့ဖြိုးရေး ဖြစ်ပါတယ်။ အဲဒီဈေးကွက်ဖွံ့ဖြိုးရေးကနေ တခြား ပြည်နယ်နှင့်တိုင်းဒေသကြီးတွေနဲ့ တခြားနိုင်ငံထိ တင်ပို့နိုင်အောင် ကြိုးစားနိုင်လို့ရှိရင် ကျွန်တော်တို့ ဒေသရဲ့ စီးပွားရေးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရဲ့ လုပ်ငန်းစဉ်ကို ကျွန်တော်တို့ ခုနကတုန်းက ကျေးရွာအဆင့်ကိုသာ တာဝန်ပေးပြီးတော့ လုပ်တာမဟုတ်ဘဲနဲ့ ဒီကျေးရွာရဲ့ အစုအဖွဲ့အခြေခံကနေပြီးတော့မှ ပြည်နယ်နှင့်တိုင်းဗဟို အဆင့်ထိကို ဝန်ကြီးဌာနများကနေပြီးတော့မှ ပူးပေါင်းအားဖြည့်ပြီးတော့မှ ဒီလုပ်ငန်းစဉ်တွေကို ချိတ်ဆက်တဲ့ လုပ်ငန်းစဉ်တွေကို ဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဟိုတလောကဆိုရင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟာ လက်ဖက်စိုက်ပျိုးတာ လက်ဖက်က ဟိုတလောက ဆိုးဆေးတွေကြောင့်မို့လို့ ဈေးကွက်တွေပျက်ပြီးတော့မှ ဈေးကွက်တွေကျတဲ့ အတွေ့အကြုံတွေရှိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒီချင်းပြည်နယ်ကိုအကြံပြုတင်ပြ လိုတာကတော့ ဒီဖြစ်နိုင်ရင် ကိုယ်စားလှယ်တော်ကြီးများ ကိုးကန့်၊ ပလောင်၊ ဓနု၊ ပအိုဝ်ဒေသ၊ "ဝ"ဒေသတွေကို လေ့လာရေး ခရီးစဉ်တွေ ဆောင်ရွက်ပြီးတော့မှ တခြားဒေသရဲ့ အတွေ့အကြုံတွေ ရယူပြီးတော့မှ ဆောင်ရွက်သွားခြင်း၊ နောက်တစ်ခုက ချင်းပြည်နယ်မှာလည်း ခုနက ကျွန်တော်တို့ ပြောသလို ရင်းနှီးမြှုပ်နှံမယ့်လုပ်ငန်းရှင်များကို ဖိတ်ခေါ်ပြီးတော့မှ ရင်းနှီးမြှုပ်နှံခြင်း၊ နောက် ဈေးကွက်များပိုပြီးတော့မှ ဖြစ်ထွန်းတိုးတက် လာအောင်ဆောင်ရွက်ခြင်း စတဲ့လုပ်ငန်းစဉ်များကို ဆက်စပ်ပြီးတော့ ဆောင်ရွက်ပေးပါရန် အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးက ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊

ဦးဝင်းထွန်း ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို၏ တင်ပြထားသောအဆိုတွင်ပါဝင်သည့် ပြင်ပသို့ တရားမဝင်ရောင်းချမှုများကြောင့် ရှားပါးပျောက်ကွယ်သွားတော့မည့် ချင်းတောင်သစ်ခွပန်းများကို ပြန်လည်ပြုစုပျိုးထောင်ပြီး တရားဝင်စီးပွားဖြစ်ထုတ်လုပ် ရောင်းချနိုင်ရန် နတ်မတောင်အမျိုးသားဥယျာဉ်တွင် မျိုးပွားစခန်းတစ်ခု ဖွဲ့စည်းဆောင်ရွက်ပေးပါရန် ဆိုသည့်အဆိုအပေါ် မှာ ကျွန်တော့်အနေနဲ့ မိမိတို့ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ထားသည့် အချက်အလက်များကို ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ နတ်မတောင်အမျိုးသား ဥယျာဉ်မှာ သစ်ခွမျိုးစိတ် ၁၀၉ မျိုးရှိကြောင်း ကျွန်တော်တို့ဌာနအနေနဲ့ မှတ်တမ်းတင် ထားရှိပါတယ်။ ဒီအထဲမှာမှ အဖိုးတန်ဆေးဖက်ဝင် သစ်ခွမျိုး၊ မျိုးစိတ် ၁၇ မျိုး ဖော်ထုတ်တွေ့ရှိရပါတယ်။ ချင်းပြည်နယ်မှာ ရှားပါးသစ်ခွမျိုးစိတ်များကို တောတွင်းမှထုတ်ယူစုဆောင်းခြင်း၊ တရားမဝင် ရောင်းဝယ်ခြင်းများကြောင့် သစ်ခွမျိုးစိတ်များ မျိုးဆက်ပျက်သုဥ်းမည့်အန္တရာယ်နဲ့ ကြုံတွေ့ရလျက် ရှိပါတယ်။ ဒေသခံများကို သဘာဝတောတွင်း သစ်ခွရိုင်းများ စုဆောင်းထုတ်ယူခြင်းကို ခွင့်မပြုဘဲ မျိုးပွားစိုက်ပျိုးထုတ်လုပ် ခြင်းဖြင့် ရေရှည်တွင် မျိုးတုံးမှုအန္တရာယ်မှ ကာကွယ်တားဆီးနိုင်ရန်အတွက် သစ်တောဦးစီးဌာန အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပညာပေးစည်းရုံးခြင်း၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ပြီးသစ်ခွ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်လျက် ရှိပါတယ်။ သစ်တောဦးစီးဌာနဟာ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့ရှိ ဘုရင်မသီရိခေတ် ရုက္ခဗေဒဥယျာဉ်က ကျွမ်းကျင်ပညာရှင် များကို ဖိတ်ခေါ်ပြီး မင်းတပ်မြို့နယ် ဟီလောင်းကျေးရွာ၊ ကန်ပက်လက်မြို့နယ် ရဲလောင်းပန်းနှင့် အုတ်ဖိုကျေးရွာများမှ ဒေသခံပြည်သူများကို သစ်ခွမျိုးပွား စိုက်ပျိုးနည်းများကို စာတွေ့လက်တွေ့သင်တန်းများ ပေးပို့ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး လာမယ့်ဒီဇင်ဘာမှာ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့ရှိ ဘုရင်မသီရိခေတ် ရုက္ခဗေဒဥယျာဉ်သို့ သင်တန်းသားများစေလွှတ်ပြီး သစ်ခွမျိုးပွား စိုက်ပျိုးနည်းများကို လက်တွေ့သင်ကြားစေယူမှာ ဖြစ်ပါတယ်။ ဒီသင်တန်းသားများဟာ နတ်မတောင် နယ်မြေကဒေသခံများကို သစ်ခွမျိုးပွားစိုက်ပျိုးနည်းများ ဆင့်ပွားသင်ကြားပေးကြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဂျပန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီလို့ခေါ်တဲ့ ဂျက်ကာမာကီနိုရုက္ခဗေဒဥယျာဉ်တို့နဲ့ ပူးပေါင်းပြီးတော့ အဖိုးတန်ရှားပါး ဆေးဖက်ဝင် အပင်မျိုးစိတ်များနဲ့ဆေးဖက်ဝင်သစ်ခွမျိုးစိတ်များကို ဖော်ထုတ်ထိန်းသိမ်းတဲ့ သုတေသန စီမံကိန်းတစ်ခုကိုလည်း လက်ရှိတွင် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီစီမံကိန်းရဲ့ လုပ်ငန်းစဥ် တစ်ခုဖြစ်တဲ့ ထိုင်းနိုင်ငံကာဆက်ဆပ်တက္ကသိုလ်နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီးတော့

ကျွန်တော်တို့ ဌာနဆိုင်ရာဝန်ထမ်းများကို ကာဆက်ဆပ်တက္ကသိုလ်သို့ တစ်သျှူးမျိုးပွားနည်းဖြင့် သစ်ခွမျိုးပွားမှုများကို သစ်ခွမျိုးပွားပညာရပ်ကို သင်ယူရန်နဲ့ နတ်မတောင်နယ်မြေမှာ ရှားပါးသစ်ခွမျိုးများကို တစ်သျှူးမျိုးပွားနည်းဖြင့် မျိုးပွားစိုက်ပျိုးရန် အစီအစဉ်လည်း ထည့်သွင်းထားပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ မာကီနိုရုက္ခဗေဒဥယျာဉ်နဲ့ ပူးပေါင်းပြီးတော့ နတ်မတောင်အမျိုးသားဥယျာဉ်မှာ သစ်ခွမျိုးပွားသင်တန်းများကိုလည်း ဒေသခံများအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားမှာဖြစ်ပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်မယ့် သစ်ခွမျိုးပွားစခန်းတစ်ခု တည်ထောင်ဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ဒါကတော့ အဆိုရှင်သူရဦးအောင်ကိုရဲ့အဆိုမှာ ပါရှိသောအချက်ကို ရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်။ ထို့အပြင် ထောက်ခံဆွေးနွေးသွားကြသော ကိုယ်စားလှယ်တော်ကြီးများဖြစ်တဲ့ ဦးခွန်လိန်းနဲ့ ဦးခင်မောင်ရည်တို့ရဲ့ ဆွေးနွေးချက်တွေမှာပါရှိတဲ့ အချက်လေးတစ်ခု၊ နှစ်ခု တစ်ဆက်တစ်စပ်တည်း ရှင်းလင်းတင်ပြလိုပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုအစိုးရရဲ့တာဝန်ပေးမှုအရ ချင်းပြည်နယ်မှာ သွားရောက်ပြီးတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို ဆောင်ရွက်နေတဲ့ တာဝန်ရှိသူတစ်ဦးအနေနဲ့ ကျွန်တော်တို့ လက်လှမ်းမီရာများကိုလည်းပဲ တစ်ဆက်တစ်စပ်တည်း ဘက်စုံမှကျွန်တော်တို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထိုအထဲမှာမှ လောလောဆယ် လက်တွေ့ဆောင်ရွက်နိုင်တဲ့ ပိုးစာ၊ ပိုးစာအပြင် စိုက်ပျိုးခြင်း လုပ်ငန်းများကို အခြေခံမှအစ ပြောင်းလဲနိုင်ရန် ပြည်ပနိုင်ငံတစ်ခုက မိတ်ဆွေကုမ္ပဏီများရဲ့ အကူအညီ ရယူပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ပိုးစာပင်များစီးပွားဖြစ်ထုတ်လုပ်နိုင်တဲ့ ပိုးစာပင်များမျိုးပြောင်းနိုင်ဖို့ ပိုးများအခြေခံမှစပြီးတော့ ပိုးမျိုးလည်း ပြောင်းနိုင်ဖို့ နည်းပညာစက်ကိရိယာမှအစ ဒါကျွန်တော်တို့ ကမ်းလှမ်းထားပြီးတော့ ပြည်နယ်အစိုးရနဲ့ ပူးပေါင်းပြီးတော့ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ ဆောင်ရွက်နေပါကြောင်းနဲ့ နောက်တစ်ခုကတော့ ကျွန်တော်တို့သစ်တော စက်မှုလုပ်ငန်းတစ်ခုဖြစ်တဲ့ ထင်းရှူးပင်များကို ကျွန်တော်တို့ တောနဲ့အပင်များကို ထိခိုက်စေမှုမရှိဘဲနဲ့ သိပ္ပံနည်းကျကျ စနစ်တကျထုတ်ယူနိုင်မယ့် ထင်းရှူးဆီ ထုတ်ယူခြင်းလုပ်ငန်း၊ ချက်လုပ်ခြင်း လုပ်ငန်းများကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။လျှပ်စစ်(၂)ဝန်ကြီးဌာနမှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်စိုး(ပြည်ထောင်စုဝန်ကြီး၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဝန်ကြီးဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို၏ အဆိုနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ် အနေနဲ့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားမရရှိသေးသော်လည်း လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဟားခါး၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ ထန်တလန်၊ ကျီခါး၊ ရိဒ်၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ရေဇွာ အပါအဝင် ပြည်နယ်တစ်ခုလုံးမှာရှိတဲ့ မြို့များကို မီးစက်ပေါင်း ၂၃ လုံးနဲ့ ဓာတ်အားပေးလျက်ရှိပြီး နိုင်ငံတော်မှ တစ်လလျှင် ဒီဇယ်ဂါလံ ၃၆၄၀ အသုံးပြုပေးလျက်ရှိပါတယ်။ ကန်ပက်လက်၊ ရေဇွာ၊ ထန်တလန်၊ ရိခေါဒါရ်နှင့် ကျီခါး စုစုပေါင်း မြို့ ၅ မြို့မှာ မီးစက်သီးသန့်ဖြင့် တစ်နေ့ကို ၂ နာရီ ဓာတ်အားပေးလျက်ရှိပြီးတော့ ရေအားလျှပ်စစ်စက်ရုံများမှာရှိတဲ့ ဟားခါး၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ မင်းတပ်၊ မတူပီ စုစုပေါင်း ၆ မြို့မှာ တစ်နေ့လျှင် ဇူလိုင်လမှ ဇန်နဝါရီလအထိ ၇ လကို ၂၄ နာရီ ဓာတ်အားပေးပြီး ကျန်လများမှာ ရေနည်းသွားတဲ့အတွက် ဒီဇယ်စက်များနဲ့တွဲပြီး တစ်နေ့လျှင် ၆ နာရီ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။ နိုင်ငံတော်ဓာတ်အားစနစ်မှာ ပိုမိုထွက်ရှိလာမယ့် အခြေအနေများကိုမျှော်ပြီးတော့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပို့လွှတ်ပြီးဖြစ်တဲ့ ဆောမြို့မှ တစ်ဆင့် ဂန့်ဂေါကို ၆၆ ကေဗွီ ဓာတ်အားလိုင်း ၃၀ မိုင်နှင့် ခွဲရုံတည်ဆောက်ခြင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ စတင်ဆောင်ရွက် ပေးမှာဖြစ်ပါတယ်။ ဆက်လက်ပြီး ဂန့်ဂေါ-ဟားခါး ၆၆ ကေဗွီ၊ ဓာတ်အားလိုင်းမိုင် ၆၀၊ ဟားခါး-ဖလမ်း-သိုင်းငင်း-ကလေး-ကလေးဝ ၆၆ ကေဗွီ၊ ဓာတ်အားလိုင်း မိုင် ၉၀၊ ကလေး-တမူး ၆၆ ကေဗွီ၊ ဓာတ်အားလိုင်းမိုင် ၇၀၊ ပေါက်-မင်းတပ် ၆၆ ကေဗွီ၊ ဓာတ်အားလိုင်း ၃၅ မိုင်၊ မင်းတပ်-မတူပီ ၆၆ ကေဗွီ၊ ဓာတ်အားလိုင်းမိုင် ၁၁၀ နဲ့ ဆက်စပ်ဓာတ်အားခွဲရုံများကိုလည်း အထူးစီမံကိန်းများအဖြစ် ရည်မှန်းပြီး ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ် ဟားခါး၊ ဖလမ်း၊ သိုင်းငင်းတို့အထိ နိုင်ငံတော်ဓာတ်အားစနစ်မှတစ်ဆင့် ဓာတ်အားပေးနိုင်မှာ ဖြစ်ပါတယ်။ သိုင်းငင်းမြို့ကို ဓာတ်အား ရောက်ရှိပြီးလို့ရှိရင် တီးတိန်၊ တွန်းဇံ၊ ကျီခါးမြို့ကို ဆက်လက်ပြီးတော့ ဓာတ်အားပေးနိုင်မှာ ဖြစ်ပါတယ်။

တဖန် လေးမြို့ရေအားလျှပ်စစ်စီမံကိန်း၊ စိုင်ဒင်ရေအားလျှပ်စစ်စီမံကိန်းများပြီးလို့ရှိရင်လည်းရခိုင်ပြည်နယ်၊ ကျောက်တော်မြို့မှတစ်ဆင့် ချင်းပြည်နယ်၊ ပလက်ဝကို ဓာတ်အားလိုင်းဆက်သွယ်ပို့လွှတ်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ပေါက်-မင်းတပ်-မတူပီ ဓာတ်အားလိုင်း တည်ဆောက်ပြီးပါက မကွေးတိုင်း၊ ဆောမြို့မှတစ်ဆင့် ချင်းပြည်နယ်၊ ကန်ပက်လက်မြို့ကို ဓာတ်အားလိုင်းလည်းဆက်သွယ်ပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အဆိုပါစီမံကိန်းများဟာရေရှည်အကောင်အထည်ဖော်ဆောင်ရွက်ရမယ့် စီမံကိန်းများဖြစ်တာကြောင့် လျင်မြန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အသေးစားနှင့် အလတ်စားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများတည်ဆောက်နိုင်မည့်နည်းလမ်းများကိုလည်း ဒေသအလိုက်တာဝန်ရှိသူအသီးသီးမှ ရှာဖွေစူးစမ်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါကလည်း ဒေသခံများ၊ ပြည်သူများအနေနဲ့ ဆောလျင်စွာ လျှပ်စစ်ဓာတ်အား အသုံးပြုလာနိုင်မှာဖြစ်ပါကြောင်းတင်ပြရင်း ကျွန်တော့်ရဲ့ တင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သူရဦးအောင်ကို ကန်ပက်လက်မဲဆန္ဒနယ်ရဲ့ ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဆိုနဲ့ပတ်သက်ပြီးတော့ ကိုယ်စားလှယ် ၆ ဦး အစိုးရအဖွဲ့ရုံးဝန်ကြီး ၅ဦး ဆွေးနွေးသွားကြပါတယ်။ အဆိုကလည်း ရှင်းပါတယ်။ ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှု လျှော့ပါးရေးအဆို ဒါနဲ့ပတ်သက်ပြီးတော့ အစိုးရသစ်လက်ထက်မှာ နိုင်ငံတော်သမ္မတကြီး ဦးစီးပြီးတော့ ဆင်းရဲနွမ်းပါးမှုလျှော့နည်းရေးအတွက် စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီအကြောင်းကို ပြန်ပြီးတော့ သုံးသပ်မယ်ဆိုရင် ခုနက ဦးထန်းလိန်း၊ မင်းတပ်မဲဆန္ဒနယ်က တင်ပြသွားတဲ့၂၀၀၃ ခုနှစ်က ကျွန်တော်ဦးဆောင်ပြီးတော့ အဲဒီတုန်းက အခုတော့ ကွယ်လွန်သွားပါပြီ။ ဗိုလ်ချုပ်ကြီးစိုးဝင်းလည်း ပါပါတယ်။ နောက်သက်ဆိုင်ရာဝန်ကြီးဌာနမှ ဝန်ကြီးများလည်း တော်တော်ပါပါတယ်။ ကျွန်တော်တို့ ရဟတ်ယာဥ်နှစ်စီးနဲ့ ၂၀၀၃ ခုနှစ်၊ လတော့ မှတ်မိတယ်။ ရက်တော့မမှတ်မိဘူး။ ဇူလိုင်လထဲမှာ။ ကျွန်တော်တို့ ချင်းပြည်နယ်ရှစ်မြို့နယ်ရှိတာ ခုနှစ်မြို့ကို ကျွန်တော်ရောက်ရှိခဲ့ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ချင်းပြည်နယ်ဆင်းရဲနွမ်းပါးမှု လျှော့ပါးပြီးတဲ့အခါမှာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ဖို့ ရောက်ရှိခဲ့ခြင်းဖြစ်ပါတယ်။ ခုနက သက်ဆိုင်ရာဝန်ကြီးတင်ပြသွားတဲ့ နွားနောက်မွေးမြူရေးအတွက် ငွေချေးပေးခြင်းလုပ်ငန်းဆိုတာလည်း အဲဒီတုန်းက မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးလည်းပါတဲ့အတွက်ထိုအချိန်က မွေးမြူရေးနဲ့ရေလုပ်ငန်းဝန်ကြီးက ဒီကိစ္စကို ဦးစားပေးဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။ အဲဒီနည်းတူပဲ လက်ဖက်စိုက်ပျိုးရေးနဲ့ပတ်သက်လို့လည်း အဲဒီအချိန်မှာ စပြီးတော့ ရှိနေတဲ့

အနေအထား တွန်းအားပေးဆောင်ရွက်ခဲ့ပါတယ်။ ပြန်ပြောမယ်ဆိုလို့ရှိရင်တော့ ချင်းပြည်နယ်နဲ့ ပတ်သက်ပြီးတော့ ခုနက ဦးခွန်လိန်းတို့၊ ဦးထန်းလိန်းတို့ တင်ပြသွားသလိုပဲ အခြေအနေက ပြောမယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နည်းနည်းလေးအခက်အခဲဖြစ်တဲ့အပေါ်မူတည်ပြီးတော့ နိုင်ငံတော်၊ နိုင်ငံတော်အစိုးရ၊ နိုင်ငံတော်အကြီးအကဲနေရာကလည်း အမြဲမပြတ် သတိထားပြီးတော့ ဆောင်ရွက်ပေးခဲ့တယ်လို့ပဲ ပြောရမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ခုနက ဆွေးနွေးတဲ့ ဆားလင်းကြီးမဲဆန္ဒနယ်က ဦးသန်းမြင့်ကလည်း ချင်းပြည်နယ်အတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား နောက်တစ်ခါ ကျွန်တော်တို့ တယ်လီဖုန်းဆက်သွယ်ရေးအပါအဝင် အခြားကိစ္စတွေမှာ မည်သို့မည်ပုံဆောင်ရွက်ခဲ့သော်လည်း ဒီနေ့အထိ ရည်မှန်းချက်ထားသလို ဖြစ်မလာသေးဘူးဆိုတဲ့ဟာကိုလည်း ဖော်ပြသလိုပဲ မဖြစ်လာရရင်းအကြောင်းများကိုလည်း ခုနက အကြောင်းအရာတွေ ဖော်ပြသွားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုက ဒီအဆိုနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်အစိုးရက အလေးထားပြီးတော့ ဆောင်ရွက်နေတဲ့ကိစ္စဖြစ်ပါတယ်။ သို့ရာတွင် အနာနဲ့ဆေး မတည့်သလို သို့မဟုတ်လို့ရှိရင် ဆောင်ရွက်နေသော်လည်း လက်တွေ့ဘဝနဲ့ ဖြစ်နေတဲ့အခြေအနေ မကိုက်ညီသေးလို့ ဆောင်ရွက်ပေးမှုနဲ့မကိုက်ညီလို့ သို့မဟုတ်လို့ရှိရင် လိုအပ်ချက်များရှိနေသေးလို့သာလျှင် ချင်းပြည်နယ်ရဲ့ ဆင်းရဲနွမ်းပါးမှု အခြေအနေ ဒီလိုဖြစ်ရတယ်လို့ပဲ ပြောရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် လွှတ်တော်ကိုတင်ပြချင်တာက ချင်းပြည်နယ် နွမ်းပါးမှု လျှော့ပါးရေးကိစ္စနဲ့ ပတ်သက်ပြီးတော့ ယခင်အစိုးရများလက်ထက်ကလည်း ဆောင်ရွက်ခဲ့တယ်။ ဒီနေ့ အစိုးရကလည်း ဆောင်ရွက်နေတဲ့ကိစ္စတစ်ခုဖြစ်တယ်။ ဒါကြောင့်မို့လို့ အဆိုနဲ့ပတ်သက်ပြီးတော့ သီးခြားထပ်မံ ဆောင်ရွက်စရာမလိုဘဲနဲ့ တကယ်လက်တွေ့ဘဝမှာ ချင်းပြည်နယ်ရဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ပါးပြီးတော့ ချင်းပြည်နယ် ပြည်သူပြည်သားများရဲ့ ဝင်ငွေတိုးတက်ရေးအပါအဝင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုပဲ လက်တွေ့ကျကျ စေတနာထားပြီးတော့ ဆောင်ရွက်ဖို့လိုတယ်ဆိုတာလည်း ဒီလိုပဲ တွေ့ပါတယ်။ အဲဒီအခါမှာလည်း သက်ဆိုင်ရာဝန်ကြီးရှင်းပြသွားတဲ့ နေရာမှာ နှစ်ခုတွေ့ပါတယ်။ တစ်ခုကတော့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး သို့မဟုတ်ရင် ကျေးလက်ဖွံ့ဖြိုးမှုရရှိရေးအတွက် Community Base ဆိုတာ ကိုလည်း ဒါသက်ဆိုင်ရာတိုင်းဒေသနှင့်ပြည်နယ်များ လက်ခံဖို့လိုပါတယ်။ ပြီးတဲ့အခါမှာ Top Down အစား ဒီနေ့သွားမယ့်ပုံစံက Bottom Up ဖြစ်တယ်ဆိုတဲ့အတွက် သက်ဆိုင်ရာနယ်မြေ အသီးသီးမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူများဟာလည်း ဒီအခြေခံပေါ်မူတည်ပြီးတော့ စဉ်းစားပြီးတော့ နိုင်ငံတော်၊ ပြည်နယ်အစိုးရက နိုင်ငံတော် သို့မဟုတ်ရင် ပြည်နယ်အစိုးရက

ကူညီဆောင်ရွက်ပေးမှုများအပေါ် ပြည်နယ်မှာရှိကြတဲ့ ပြည်နယ်သားများဟာလည်း ပူးပေါင်းပါဝင်ပြီးတော့ ဆောင်ရွက်ဖို့ဟာအရေးကြီးတဲ့ ကဏ္ဍလို့ပဲ ဒီလိုမြင်ပါတယ်။ အဲဒီမှာ တချို့ဆွေးနွေးကြတာရှိပါတယ်။ သဘာဝပတ်ဝန်းကျင်နဲ့ တကယ် ကမ္ဘာမှာရှားပါးတဲ့ သစ်ခွမျိုးစိတ်လိုဟာမျိုးမတုံးရအောင်၊ မပျက်သုဉ်း ရအောင် ပြီးတဲ့အခါမှာ ထင်းရှူးဆီနဲ့ပတ်သက်လို့ ထုတ်ဝေမှု ပြုခြင်းဟာ အခက်အခဲတွေနောင်တွေ့လာနိုင်တယ်ဆိုတဲ့အနေအထားများကိုတော့ သက်ဆိုင်ရာတာဝန်ရှိတဲ့ ဌာနအဖွဲ့အစည်းအသီးသီးက သတိပြုဆောင်ရွက်သွားမယ်ဆိုလို့ရှိရင် နိုင်ငံတော်အစိုးရရဲ့ ဆောင်ရွက်ပေးမှု စေတနာနဲ့ သက်ဆိုင်ရာပြည်နယ်မှာရှိကြတဲ့ ပြည်နယ်သူ၊ ပြည်နယ်သားများရဲ့ ပူးပေါင်းပါဝင်မှုဟာ လက်ရှိချင်းပြည်နယ်မှာ ဆင်းရဲနွမ်းပါးမှုနဲ့ မြန်မာနိုင်ငံမှာ အနိမ့်ဆုံးပြည်နယ်တစ်ခုဖြစ်တယ်ဆိုတာကနေပြီးတော့ လွန်မြောက်သွားမယ်လို့ပဲ ဒီလိုပဲယူဆရပါတယ်။ ဘာပဲဖြစ်ဖြစ် ဆောင်ရွက်တဲ့ကိစ္စမှာ အခုရေတွင်းတူး၊ ခုရေကြည်သောက်လို့မရနိုင်ပါဘူး။ အဲဒီအတိုင်းပဲ တချို့ကိစ္စတွေမှာ ဥစ္စာရင်လို့ ဥစ္စာရင်ခဲလည်းလုပ်ရမှာ ဖြစ်တဲ့အတွက် ခုနက စေတနာနဲ့ ကူညီပေးမှုကို လက်ခံပြီးတဲ့အခါမှာ ဒေသမှာရှိတဲ့ ပြည်သူများ၊ ပြီးတဲ့အခါမှာ အစိုးရများဟာလည်း ဝိုင်းဝန်းကူညီဆောင်ရွက်သွားမယ်ဆိုရင် ဦးထန်လိန်းတို့၊ ဦးခွန်လိန်းတို့ရဲ့ ချင်းပြည်နယ်ဟာ ဒီနေ့အခြေအနေထက်တော့ တိုးတက်လာမှာဖြစ်ပါတယ်လို့ပဲ ကျွန်တော့်အနေနဲ့ သက်ဆိုင်ရာပုဂ္ဂိုလ်များကို လွှတ်တော်ကနေတစ်ဆင့် တင်ပြရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူရဦးအောင်ကို၊ ကန်ပက်လက်မဲဆန္ဒနယ်ရဲ့ ချင်းပြည်နယ်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအဆိုနဲ့ပတ်သက်ပြီးတော့ သီးခြားမဲခွဲဆုံးဖြတ်စရာမလိုဘဲနဲ့ ဒီအဆိုကိုလွှတ်တော်မှာမှတ်တမ်းတင်ပြီး ဒီအဆိုကို ဆောင်ရွက်ပေးဖို့ တင်ပြထားမှုများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများက အလေးထားပြီးတော့ ဖြစ်မြောက်အောင်ဆောင်ရွက်သွားရန်လိုကြောင်း လွှတ်တော်ကိုတင်ပြပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ရဲ့သဘောထားကို အထူးရယူရန် မလိုတော့ဘဲနဲ့ ဒီအဆိုနဲ့ပတ်သက်ပြီးတော့ လွှတ်တော်က မှတ်တမ်းတင်ပြီး၊ မှတ်တမ်းတင်ထားတဲ့အတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ အဖွဲ့အစည်းများက ဆောင်ရွက်ဖွယ်ရာကိစ္စများကို အောင်မြင်အောင် စေတနာထားဆောင်ရွက်ကြဖို့အတွက် လွှတ်တော်က မှတ်တမ်းတင်ထားပါကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ဆက်လက်ပြီးတော့ ဂွမဲဆန္ဒနယ်က ဦးကြည်သာတင်သွင်းခဲ့တဲ့အဆိုနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးဖို့ စာရင်းပေးထားတာအားလုံး ရှစ် ဦးရှိပါတယ်။ လေ့လာတဲ့အခါမှာ တိုင်းဒေသကြီးအလိုက်ခွဲပြောမယ်ဆိုလို့ရှိရင် ပဲခူးတိုင်းဒေသကြီးက သုံးဦးဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ တစ်ဦးပဲ

ဆွေးနွေးပေးဖို့ ဆန္ဒရှိပါတယ်။ ရှမ်းပြည်နယ်ကတော့ တစ်ဦးပဲဖြစ်တဲ့အတွက် ရှမ်းပြည်နယ်ကတစ်ဦး၊ နောက်မြောင်၊ စစ်ကိုင်းတိုင်းဒေသကြီးကတစ်ဦး၊ ဘောလခဲကတစ်ဦးနဲ့ ရခိုင်ပြည်နယ်က နှစ်ဦးရှိပါတယ်။ နှစ်ဦးထဲက တစ်ဦးပဲ ဆွေးနွေးစေချင်ပါတယ်။ ဒါကြောင့်မို့လို့ ဆွေးနွေးမယ့်ပုဂ္ဂိုလ်များ ရွေးချယ်ပြီးတဲ့အခါမှာ ခုနက ဦးကြည်သာရဲ့အဆိုကို ဆက်လက်ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။ လောလောဆယ်တော့ အစည်းအဝေးကို ၁၅ မိနစ်ခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အစည်းအဝေးကို ညနေ ၁၅း၂၅ နာရီတွင်ပြန်လည်စတင်ပါမယ်။

**အခမ်းအနားမှူး။** ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[ အစည်းအဝေးကို ၁၅ မိနစ်ခန့်ရပ်နားသည်။]**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အစီအစဉ်နဲ့ အချိန်မမျှတဲ့အတွက် အစီအစဉ် ၁၇၊ ၁၈၊ ၁၉၊ ၂၀ နဲ့ ပတ်သက်ပြီးတော့ နောက်ရက်ကိုရွှေ့ဆိုင်းပါတယ်။ ဆက်လက်ပြီး ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ထောက်ပြုနိုင်ကြောင်းကို သက်ဆိုင်ရာဝန်ကြီးဌာနက ထပ်မံရှင်းလင်းဖို့ ဖြစ်ပါတယ်။ ဖိတ်ခေါ်ပါတယ်။

**ဦးဌေးအောင်(ဒုတိယဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)။** ။လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ချင်းပြည်နယ် ကန်ပက်လက်မဲဆန္ဒနယ်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုမှ ချင်းပြည်နယ် အတွင်း ဆင်းရဲနွမ်းပါးမှုလျော့ပါးရေးအဆိုတွင်ဖော်ပြပါရှိသော သဘာဝအခြေခံခရီးသွားရေးလုပ်ငန်း Ecological Tourism ကိုချင်းပြည်နယ်တစ်ခုလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးအောင် စီမံဆောင်ရွက်ပေးခြင်းလုပ်ငန်းအား ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုလျော့ပါးရေးနှင့်ဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ပြည်ထောင်စုအဆင့်မှ စီမံဖော်ဆောင်ပေးနိုင်ပါရန် အဆို တင်သွင်းလာခြင်းနဲ့ ပတ်သက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု

ဝန်ကြီးကိုယ်စား ကျွန်တော်ဒုတိယဝန်ကြီး ဦးဌေးအောင်က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကမ္ဘာ့လှည့်ခရီးသည်များ လေ့လာနိုင်သော ခရီးသွားလုပ်ငန်း အမျိုးအစားများမှာ သဘာဝအရင်းအမြစ်များကို အခြေခံလေ့လာသော သဘာဝအခြေခံခရီးသွားလုပ်ငန်းသည်လည်း တစ်မျိုးအပါအဝင် ဖြစ်ပါတယ်။ ယင်းသဘာဝအခြေခံ အရင်းအမြစ်နေရာများကို လေ့လာနိုင်ရန် အတွက် မြန်မာနိုင်ငံမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ထားသည့် သဘာဝအခြေခံခရီးစဉ်ဒေသ ၂၁ ခုရှိပြီး၊ ၎င်းတို့ထဲတွင် ချင်းပြည်နယ်မှ သဘာဝအရင်းအမြစ်များအပါအဝင်ဖြစ်ပါတယ်။ချင်းပြည်နယ်၏ သဘာဝအခြေခံ အရင်းအမြစ် များကိုလေ့လာနိုင်ရန် လက်ရှိအခြေအနေမှာ ချင်းပြည်နယ်တောင်ပိုင်းရှိ နတ်မတောင်ဒေသကို အခြေခံဆောင်ရွက်လျက်ရှိပါတယ်။ ထို့ကြောင့် နတ်မတောင်ဒေသသို့ သွားရောက်လည်ပတ်ခဲ့ကြတဲ့ ကမ္ဘာလှည့်ခရီးသည်များနှစ်စဉ်တိုးတက်လျက်ရှိပါတယ်။ အထူးသဖြင့် Pic Season များမှာသွားလာ နေထိုင်စားသောက်မှု အခက်အခဲရှိလာတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ဒီလိုနေရာတွေမှာ Sensitive ဖြစ်တဲ့ဒေသတွေမှာ ရေရှည်မှာ ဒေသရဲ့ခံနိုင်အားဖြစ်တဲ့ Carrying Capacity ကိုတောင်ကြိုတင်စဉ်းစားတွက်ချက်ရန် လိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ သို့သော်လည်း Diversification of Attraction အနေနဲ့ တောင်ပိုင်းဒေသအပြင် မြောက်ပိုင်းဒေသမှာရှိတဲ့ သဘာဝအခြေခံခရီးစဉ် နေရာများကိုလည်း သွားလာနိုင်ဖို့အတွက် အဆိုပါနေရာများတွင် ကမ္ဘာလှည့်ခရီးသည်များ တည်းခိုနေထိုင်သွားလာစားသောက်နိုင်ရန် လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို ကြိုတင်စီစဉ်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ သို့အတွက် ၂၀၁၁ ခုနှစ်၊မေလမှာ ဝန်ကြီးဌာနမှ ခေါင်းဆောင်ပြီး ပုဂ္ဂလိကခရီးသွားလုပ်ငန်းရှင် အချို့နှင့်အတူ မြောက်ပိုင်းဒေသကို Technical Visit သွားရောက်ခြင်း Tariff and Itinerary ခရီးစဉ်နှင့် ဈေးနှုန်းများရေးဆွဲခြင်း၊အုပ်ချုပ်မှု ဆိုင်ရာစီစဉ်မှုများ Logistical arrangement ဆောင်ရွက်ခြင်း Awareness Program နိုင်ငံတကာကသိရှိအောင်မြှင့်တင်ကြော်ငြာခြင်းဆိုင်ရာလုပ်ငန်းများအပြင် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းခြင်းများကိုလည်း ဆောင်ရွက်ခဲ့ ပါတယ်။ ဒီအခါမှာ ဒေသအဖွဲ့အစည်းများရဲ့ ပူးပေါင်းပါဝင်ကူညီမှုနဲ့ အာမခံမှုကတိစကားများ ကိုလည်းရရှိခဲ့ပါတယ်။ ဒါကြောင့်မကြာခင်ကာလမှာ လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန် လာတာနဲ့အမျှ ချင်းပြည်နယ်မြောက်ပိုင်းဒေသကိုပါ နိုင်ငံခြားသားခရီးသည်များသာမက ပြည်တွင်းခရီးသည်များပါ သဘာဝအခြေခံခရီးသွားလုပ်ငန်းဖြင့် သွားလာလည်ပတ်နိုင်အောင် စနစ်တကျစီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တစ်ချက်အကြံပြု တင်ပြလိုတာကတော့ အခုလို

သဘာဝ သယံဇာတ အရင်းအမြစ်များ Sensitive ဖြစ်တဲ့ဒေသတွေမှာ ကမ္ဘာက ဒီကနေ့ ပြောဆိုနေကြတဲ့အတိုင်း Ecological Tourism towards and Development Of Responsible Tourism in a Systemable Manner ဆိုတဲ့စကားလေးကို ကျွန်တော်တို့ အခြေခံသိရှိလိုက်နာ ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ဒီနေရာမှာ အိမ်ရှင်ကော၊ ဧည့်သည်အဖွဲ့အစည်းများ အားလုံးဟာ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို စနစ်တကျစီစဉ်ဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို၏ အဆိုပြုတင်ပြချက်အား ဝန်ကြီးဌာနအနေဖြင့်ပြန်လည် ရှင်းလင်းတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ၁၅ ရက်မြောက်နေ့မှာ တင်သွင်းခဲ့တဲ့ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးအတွက် ဗဟိုအဆင့်နှင့်တိုင်းဒေသကြီး/ပြည်နယ် အဆင့်တို့တွင် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးအဖွဲ့ (Board)/ ကျေးလက်ဒေသလျှပ်စစ်မီးရရှိ ရေးဥပဒေ (Rural Electrification Act) တို့ကို သင့်တော်သည့်အချိန်တွင် ဖွဲ့စည်းပြဋ္ဌာန်းဆောင်ရွက် ရန်အဆိုနှင့်စပ်လျဉ်းပြီးဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်များက တင်ပြထားတာရှိပါ တယ်။ ပထမဦးစွာ သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးအောင်(သဲကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အပေါင်းခင်ဗျား။ ကျွန်တော်ကတော့ သဲကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင် ဖြစ်ပါတယ်။ ယနေ့ကျွန်တော်ဆွေးနွေးမယ့်ခေါင်းစဉ်က ဦးကြည်သာ ဂွမဲဆန္ဒနယ်ရဲ့ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးအတွက် ဗဟိုအဆင့်နှင့်တိုင်းဒေသကြီး /ပြည်နယ်အဆင့်တို့တွင် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးအဖွဲ့ (Board)/ ကျေးလက်ဒေသ လျှပ်စစ် မီးရရှိရေးဥပဒေ (Rural Electrification Act) တို့ကို သင့်တော်သည့်အချိန်တွင် ဖွဲ့စည်းပြဋ္ဌာန်း ဆောင်ရွက်ရန်အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးဟာ ကျွန်တော်တို့နိုင်ငံတော်က ချမှတ်ထားတဲ့ ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေးအစီအစဉ်ရဲ့ နံပါတ်ရှစ်အစီအစဉ်လည်းဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လျှပ်စစ်မီးကျေးလက်ဒေသတွေမှာရရှိ ဖို့အတွက် ကျွန်တော်အနေ နဲ့ တင်ပြရမယ်ဆိုရင် ဝန်ကြီးဌာနပိုင် လျှပ်စစ်ဓာတ်အားလိုင်းနဲ့ ချိတ်ဆက်အသုံးမပြုနိုင်သေးတဲ့မြို့၊ ရပ်ကွက်၊ ကျေးရွာတို့မှာ ဆိုလာပါဝါ၊ ဝင်းပါဝါ၊ ဟိုက်ဒရိုပါဝါ၊ ဘိုင်အိုဂက်စ်၊ ဘိုင်အိုမက်စ်နဲ့ ဂျင်နရေတာပါဝါတို့နဲ့ မီးလင်းအောင်ဆောင်ရွက်ပေးတဲ့ အစီအစဉ်နဲ့ ဝန်ကြီးဌာနပိုင် လျှပ်စစ် ဓာတ်အားလိုင်းရရှိတဲ့ နေရာကနေပြီး မြို့ ရပ်ကွက်၊ ကျေးရွာ လက်ရှိမီးလင်းနေတဲ့ အနီးပတ်ဝန်းကျင်

ကျေးရွာတွေကို ထပ်မံတိုးချဲ့သွယ်တန်းတဲ့မီးလင်းအောင် ဆောင်ရွက်ပေးတဲ့ အစီအစဉ်ဆိုပြီးသိရမှာဖြစ်ပါတယ်။ ဒီမှာအဆိုရှင်တင်ပြသွားခဲ့တဲ့အပိုင်းက ကျေးလက်ဒေသ၊ ရပ်ဝေးဒေသတွေမှာ မီးရရှိရေးတွေကို ဖြစ်တဲ့အတွက် ကျွန်တော်အနေနဲ့ ဒီလျှပ်စစ်ဓာတ်အားနဲ့ ချိတ်ဆက်အသုံးမပြုနိုင်သေးတဲ့ဒေသတွေမီးလင်းအောင်ဆောင်ရွက်ရမယ့် အခြေအနေများနှင့် ပတ်သက်ပြီးတော့ ဦးစားပေးတင်ပြသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆိုလာပါဝါနဲ့ပတ်သက်လို့ ကျွန်တော်တို့လွန်ခဲ့တဲ့နှစ်ခြောက်နှစ်၊ခုနှစ်နှစ်လောက်ကစပြီးတော့ ကျွန်တော်တို့ကျေးလက်ဒေသတွေမှာ စတင်ပြီးတော့အသုံးပြုကြပါတယ်။ကျွန်တော်တို့မြို့မှာဆိုရင် ကျွန်တော်တို့မြို့ရဲ့ ပြည်သူ့ဆေးရုံမှာ အလှူရှင်လှူဒါန်းတဲ့အတွက် ကျွန်တော်တို့ဆေးရုံကော်မတီက ထိန်းသိမ်းစောင့်ရှောက်ရေးရန်ပုံငွေ ထားရှိပြီးတော့ဆောင်ရွက်ခဲ့တာ ယနေ့အထိအောင်မြင်စွာဆောင်ရွက်နိုင်တာကို တွေ့ရပါတယ်။ လွန်ခဲ့တဲ့ ငါးနှစ်၊ခြောက်နှစ်လောက်က ကျွန်တော်တို့ လျှပ်စစ်မီးအခက်အခဲကြောင့် ဆေးရုံမှာရှိတဲ့ ရေခဲသေတ္တာတွေမှာဆေးသိုလှောင်ဖို့ဆိုပြီးတော့ ကျွန်တော်တို့ အသုံးပြုခဲ့တာပြုပြင်ထိန်းသိမ်းရေးအဖွဲ့ရှိတဲ့အတွက် ပြုပြင်ထိန်းသိမ်းဖို့ငွေကြေးရှိတဲ့အတွက် ယနေ့အထိ ဆက်လက်ပြီးတော့ တည်တံ့ပြီးတော့ သုံးလို့အဆင်ပြေတဲ့ လျှပ်စစ်ဓာတ်အားစနစ် ဖြစ်ခဲ့ပါတယ်။ဒီဆိုလာစနစ်ကို ကျွန်တော်တို့ တစ်အိမ်ထောင်ချင်း မိသားစုအနေနဲ့သုံးနိုင်သလို ရုံးဌာန၊ စာကြည့်တိုက်နဲ့ ဆေးရုံ၊ စာသင်ကျောင်းတွေမှာလည်းပဲ အသုံးပြုနိုင်ပါတယ်။ ဒီလိုအသုံးပြုတဲ့အတွက် ကျွန်တော်ခုနကတင်ပြသလို ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီဆိုတာ ငွေကြေးနှင့်တကွစောင့်ရှောက်ဖို့လိုအပ်မှာဖြစ်ပါတယ်။ ဒီဆိုလာစနစ်ကိုလည်းပဲ ကျေးရွာဒေသတွေမှာ မိမိအိမ်ပိုင်စနစ်၊ ဘုန်းတော်ကြီးကျောင်းတွေမှာသုံးစွဲမယ်ဆိုရင် ဒါအင်မတန်မှ အဆင်ပြေတာဖြစ်ပါတယ်။ ဒီနေရာမှာ အခက်အခဲက ကျွမ်းကျင်မှု နည်းပညာအခက်အခဲရှိတဲ့အတွက် ဒါကိုကျွန်တော့်ကော်မတီတွေကနေပြီးတော့ စီမံစဉ်ဆောင်ရွက်ပြီးတော့ ပံ့ပိုးပေးနိုင်မယ်ဆိုရင်နောက်တစ်ခါ ဒီဆိုလာနဲ့ ပတ်သက်လို့လည်း ကျွန်တော်တို့ ရန်ကုန်မှာလည်းပဲ စက်ရုံတည်ထောင်ထားပြီးဖြစ်တဲ့အတွက် ဈေးနှုန်းသက်သက်သာသာနဲ့ရမယ်ဆိုရင် ကျွန်တော်တို့ကျေးလက်နေပြည်သူတွေဟာ ဒီဆိုလာနဲ့ဆိုလာပါဝါနဲ့ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။နောက်တစ်ချက်ကတော့စွန့်ပစ်ပစ္စည်းဖြစ်တဲ့ ကျွန်တော်တို့ဒီစပါးခွံလောင်စာနဲ့သုံးတဲ့ဓာတ်အားပေးကိုလည်း ကျွန်တော်တို့ကျေးလက်ဒေသတွေမှာ လက်ရှိအသုံးပြုနေပါတယ်။ လက်ရှိအသုံးပြုတဲ့နေရာမှာ ဒီကျွန်တော်တို့ဆီများမှာဆိုရင် အလှူရှင်ကပဲ လှူဒါန်းဖို့ ရွာကထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီနဲ့ စနစ်တကျရန်ပုံငွေထားပြီးတော့ ဆောင်ရွက်တဲ့လုပ်ငန်းတွေဟာ ကျေးရွာတစ်ခုလုံး ဆင်းရဲချမ်းသာမရွေး၊

ကျေးရွာတစ်ခုလုံး မီးလင်းနေတာ တွေ့ရပါတယ်။ ပထမဦးစွာ နဂိုဆောင်ရွက်တုန်းကတော့ စပါးခွံလောင်စာကို စက်ရုံ၊ ဆန်စက်ပေါ့။ ကျေးလက်မှာရှိတဲ့ ဆန်စက်၊ ဆီစက်၊ ဒီဆန်စက်၊ ဆီစက်ကနေပြီးတော့ ဦးဆောင်ပြီးတော့ သူတို့က ဆောင်ရွက်ပါတယ်။ ဆောင်ရွက်ပြီးတဲ့အခါမှာ သူတို့ရဲ့ကျေးရွာကိုမီးပေးပါတယ်။ အဲဒီပေးတဲ့နောက်ပိုင်းလည်းကျတဲ့အခါမှာ ဒီသွယ်တန်းတဲ့စနစ်ရဲ့ အခက်အခဲ တစ်အိမ်တက်ဆင်း ငွေကြေးကောက်ခံရတဲ့အခက်အခဲ နောက်တစ်ခါ စပါးစက်၊ ဆီစက်တွေကလည်းပဲ ရာသီအလိုက်လည်တဲ့ အခြေအနေရှိတဲ့အခါမှာ နောက်ပိုင်းကျေးရွာတွေကို ဒီစက်တွေကနေပြီး မီးမပေးနိုင်တော့ပါဘူး။ နောက်တစ်ခါ ဆန်စက်၊ ဆီစက်တွေကလည်း ကျွန်တော်တို့စွန့်ပစ်ပစ္စည်း သူတို့ရဲ့ဆန်စက် ဒီစပါးခွံစက် ကနေထွက်လာတဲ့ စွန့်ပစ်ပစ္စည်းတွေနဲ့ ပတ်သက်လို့လည်း မြို့ပေါ်မှာသော်လည်းကောင်း၊ ကျေးရွာမှာသော်လည်းကောင်း၊ ဒီအနံ့နဲ့ညှော်နံ့နဲ့ ပတ်သက်လို့လည်း အခက်အခဲရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီမြို့ပေါ်မှာတည်ထားကြတဲ့ ဆီစက်တို့၊ ဆန်စက်တို့ဟာ လျှပ်စစ်မီးအခက်အခဲရှိတဲ့ အချိန်တုန်းက စပါးခွံလောင်စာနဲ့ အသုံးပြုပြီး လည်ပတ်ခဲ့ပြီးတော့ ယခုအခါမှာ ပတ်ဝန်းကျင်ပြည်သူတွေရဲ့ အငြိုအငြင်ကို ခံနေရပါတယ်။ ကျေးလက်ဒေသမှာတော့ ဒီဆန်စက်၊ ဆီစက်တွေကပေးထားတဲ့ စပါးခွံလောင်စာစက်က စက်ပိုင်ရှင်က ပတ်ဝန်းကျင်ကို မီးပေးမယ်ဆိုရင်တော့ ပတ်ဝန်းကျင်နဲ့ သဟဇာတတည့်ပြီး ပြဿနာမပေါ်ပါဘူး။ ဒါကြောင့်မို့လို့ နောက်နောင်မှာ စပါးခွံစက်တွေဟာ တကယ်အသုံးတည့်ပါတယ်။ ကောင်းပါတယ်။ သို့သော်လည်း ပတ်ဝန်းကျင်ကိုထိခိုက်စေတဲ့အတွက် ကျေးရွာနဲ့သင့်တော်တဲ့ နေရာတစ်နေရာမှာ တည်ထားဖို့လိုမယ်လို့ ကျွန်တော်အနေနဲ့ တင်ပြလိုပါတယ်။ နောက် ကျွန်တော်တို့ ဟိုက်ဒရိုပါဝါနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ နယ်မြေမှာတော့ ဆည်မြောင်းတာတမံကိုပဲ ရယူရတဲ့အဆင့် ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီနေ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆိုရင်တော့ တိုင်းဒေသကြီး အဆင့်ကနေပြီးတော့ ထုတ်လုပ်နိုင်မယ့် အသေးစားရေအားလျှပ်စစ်လုပ်ငန်းလေးတွေပဲ နောက်ရှိ လာမှာဖြစ်ပါတယ်။ ရှိလည်း ရှိနေမှာပါ။ ဒီဟာက စီးပွားဖြစ် ဆောင်ရွက်နိုင်တဲ့လုပ်ငန်း ဖြစ်ပါတယ်။ ခုနက စပါးခွံလောင်စာစက်ဟာလည်းပဲ ယခင်တုန်းကတော့ စုပေါင်းဆောင်ရွက်တဲ့ အဆင့်မျိုး ရှိပေမယ့် တကယ်စီးပွားရေးသမားနဲ့ နားလည်တတ်ကျွမ်းတဲ့ ပညာရှင်တွေနဲ့ပူးပေါင်းမယ်ဆိုရင် စပါးခွံလောင်စာစက်လည်းစီးပွားဖြစ် ဆောင်ရွက်နိုင်တဲ့အဆင့်ရှိပါတယ်။ ဒီဆည်မြောင်းတာတမံတွေ ကနေပြီးတော့ ရေအနည်းငယ်ရရုံနဲ့ လည်ပတ်နိုင်တဲ့ ရေအားလျှပ်စစ်နဲ့ပတ်သက်လို့လည်းပဲ ကျွန်တော်တို့ဆီမှာ သုံး၊ လေးနေရာ ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်ပြီးလို့ တစ်နှစ်၊ နှစ်နှစ်ခန့် ကြာတဲ့အခါမှာ ဒီလုပ်ငန်းတွေဟာ ရပ်ဆိုင်းသွားတာတွေ့ရပါတယ်။ ဒီလိုရပ်ဆိုင်းတဲ့ အကြောင်းအရင်း

က သူတို့ကစီးပွားဖြစ်မဆောင်ရွက်တာကတစ်ကြောင်း၊ ထိန်းသိမ်းစောင့်ရှောက်မှုတွေမှာ စနစ်မကျတဲ့အတွက်ကြောင့် ဒီလုပ်ငန်းတွေဟာ ရပ်ဆိုင်းသွားရတယ်။ နောက်ငွေကြေးပိုင်းဆိုင်ရာ အခက်အခဲတွေရှိလို့လည်း ရပ်ဆိုင်းသွားရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဇယ်အင်ဂျင်နဲ့ပတ်သက်လို့တော့ မီးပေးနေတာ ယခုလက်ရှိ တစ်နိုင်ငံလုံးအတိုင်းအတာအရ အောင်မြင်နေတဲ့လုပ်ငန်းဖြစ်တဲ့အတွက် ဒါလည်းပဲ ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းတွေမှာ စီးပွားဖြစ်လုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နိုင်တဲ့လုပ်ငန်းတစ်ခုအဖြစ်ကျွန်တော် တင်ပြလိုပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ အများပိုင်ဆောင်ရွက်နိုင်တဲ့ ဓာတ်အားပေးစနစ်ရှိသလို စီးပွားဖြစ်လုပ်မှ ဖြစ်မယ့်လုပ်ငန်းတွေလည်း ရှိလာပါတယ်။ ဒီလိုကော်မတီတွေဒီနေ့အဆင့်ဆင့်ဖွဲ့စည်းကြမယ်ဆိုရင် စီးပွားဖြစ်ထုတ်လုပ်သူများနဲ့ ပူးပေါင်းပြီးတော့ ကျွန်တော်တို့ဆောင်ရွက်မယ်ဆိုရင် ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းတွေဟာ အောင်မြင်လာမှာ ဖြစ်ပါတယ်။ မီးသုံးစွဲတဲ့နေရာကို လိုက်ပြီးတော့ ဖြစ်နိုင်ခြေကို တွက်ချက်မယ်၊ ကျေးရွာဒေသမှာ မီးကြိုးသွယ်တန်းတဲ့နေရာမှာ အန္တရာယ်ကင်းကင်းနဲ့ ကိုင်တွယ်တတ်အောင်၊ စက်ကိုထိန်းသိမ်းတတ်အောင်၊ သက်တမ်းပြည့်ကိုင်စွဲနိုင်အောင် အတတ်ပညာသင်တန်းတွေ ပေးပြီးတော့ ဆောင်ရွက်မယ်ဆိုရင် ပိုပြီးတော့အောင်မြင်မှာ ဖြစ်ပါတယ်။ နောက်ရင်းနှီးမြှုပ်နှံမှု ပြင်ဆင်မှုတွေလိုအပ်လို့ ငွေကြေးလိုအပ်မယ်ဆိုရင်လည်း ဖွဲ့စည်းထားသော ကော်မတီတွေကနေပြီးတော့ လိုအပ်တဲ့ရင်းနှီးမြှုပ်နှံမှုတွေမှာကျွန်တော်တို့က သက်သာသောနှုန်းထားနဲ့ ငွေတွေချေးပေးနိုင်မယ်ဆိုရင်လည်း ဒီလုပ်ငန်းတွေဟာဆက်လက်ပြီးရှင်သန်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ လျှပ်စစ်မီးပေးရေးလုပ်ငန်းကို ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ ဖွဲ့စည်းပြီးတော့ အစိုးရဝန်ကြီးဌာနကလည်း ဆောင်ရွက်နေပြီလို့သိရပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ ပြည်သူနဲ့ နိုင်ငံတော်အစိုးရနဲ့ လုပ်ငန်းရှင်တွေ၊ NGO တွေ ပူးပေါင်းပြီးတော့မှ ဆောင်ရွက်မယ်ဆိုလို့ရှိရင် ဒီလုပ်ငန်းဟာ မလွဲမသွေအောင်မြင်မယ့်လုပ်ငန်းတစ်ခုဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့မြင်ပါတယ်။ တစ်ဆက်တည်းမှာပဲ ကျွန်တော့်အနေနဲ့အကြံပြုတင်ပြချင်တာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မီးမရရှိသေးတဲ့နေရာဒေသဟာရန်ကုန်မြို့ကြီးရဲ့ ပတ်ဝန်းကျင်ကျေးရွာ ဒေသအပါအဝင် ၇၀ ရာခိုင်နှုန်းသော ကျေးလက်ဒေသပြည်သူတွေဟာ လျှပ်စစ်မီးမရသေးပါဘူး။ လက်ရှိလျှပ်စစ်မီးသုံးစွဲနေတဲ့ မဂ္ဂါဝပ်ဟာ ၃၀၀၀ ပတ်ဝန်းကျင် မဂ္ဂါဝပ်ထုတ်လုပ်နိုင်ပြီးတော့ တစ်နှစ်တစ်နှစ်ကို ၁၆၈ ဘီလီယံလောက် နိုင်ငံတော်ကနေပြီးတော့ အရှုံးခံပြီးထုတ်လုပ်ပေးနေတယ်လို့ သိရပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့အကြံပြုတင်ပြချင်တာက ကျွန်တော်တို့ ဒီနေ့လျှပ်စစ်တစ်ယူနစ်ရဲ့ ဈေးနှုန်းအမှန်သည် ၆၀ ကျပ်

ဖြစ်တာကို ဒေသခံပြည်သူလျှပ်စစ်မီးသုံးနေတဲ့ နေရာတွေမှာ ၂၅ ကျပ် ၅၀ နှုန်းနဲ့ ရောင်းချပေးလို့ နိုင်ငံတော်ကနေပြီးတော့ ၁၆၈ ဘီလီယံလောက်အဆုံးရှုံးခံ အနစ်နာခံပြီးတော့ တိုင်းပြည်အတွက် ဆောင်ရွက်ပေးနေတာကို တစ်ဖက်ကတော့ ကျေးဇူးတင်ပါတယ်။ သို့သော်လည်းပဲ ဒီငွေကြေး တွေကို ဒီနေ့မီးမလင်းသော ကျေးရွာဒေသ တွေကိုဆောင်ရွက်ဖို့ အချိန်ကျလာတဲ့အခါမှာ ဒီငွေတွေကို ကျေးလက်မီးလင်းရေးလုပ်ငန်းတွေမှာရွှေ့ ပြောင်းသုံးစွဲမယ်ဆိုရင် ပိုမိုပြီးတော့အကျိုးရှိမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ လက်ရှိသုံးစွဲနေကြတဲ့ ၁၆၈ဘီလီယံအရှုံးခံပြီးတော့ ဆောင်ရွက်နေတဲ့လုပ်ငန်းတွေကို အရှုံးမရှိသောနှုန်းဖြင့် သတ်မှတ်ပြီးတော့ ဆောင်ရွက်သင့်တယ်လို့လည်းပဲ ကျွန်တော့်အနေနဲ့ အကြံပြု တင်ပြလိုပါတယ်။

ဒါ့ကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်မီးလင်းရေးဟာ ကျွန်တော်တို့ကျေးရွာပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့လူမှုဘဝမြင့်မားစေပြီးတော့ ကျေးရွာပြည်သူတို့ရဲ့ လိုအင်ဆန္ဒ ပြည့်ဝစေမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရရဲ့ စေတနာနဲ့ ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်ထဲမှာ တစ်ချက်အပါအဝင်ဖြစ်တဲ့ ဒီနေ့ ကျေးလက်ဒေသမီးလင်းရေးနဲ့ပတ်သက်၍ တင်ပြခဲ့တဲ့ အဆိုရှင်ဦးကြည်သာ ဂွမဲဆန္ဒနယ်ရဲ့ လျှပ်စစ်မီးလင်းရေးအတွက် ဗဟိုအဆင့်နဲ့တိုင်း အဆင့်တွေမှာ ကော်မတီများဖွဲ့စည်းမယ်ဆိုရင် မီးလင်းရေးလုပ်ငန်းသည် ပိုမိုအောင်မြင်မှာ ဖြစ်တယ် ဆိုတဲ့ အကြောင်းနဲ့၎င်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက်လိုအပ်သော လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ရေးဥပဒေများကို ပြဋ္ဌာန်းပေးမယ်ဆိုရင်လည်းပဲ ပိုမိုပြီးတော့ အဆင်ပြေမှာဖြစ်တယ်ဆိုတဲ့ အကြောင်း ထောက်ခံတင်ပြရင်းနိဂုံးချုပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်ကြီး များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မြောက်ပိုင်း၊ မိုင်းရယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စိုင်းသီဟကျော်(ခ) စိုင်းဟတ် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာ၏ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးအတွက် ဗဟိုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်တို့တွင် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးအဖွဲ့(Board)/ ကျေးလက်ဒေသလျှပ်စစ်မီးရရှိ ရေးဥပဒေ(Rural Electrification Act)တို့ကို သင့်တော်သည့်အချိန်တွင် ဖွဲ့စည်းပြဋ္ဌာန်း ဆောင်ရွက်ရန် အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ကမ္ဘာမှာ လျှပ်စစ်မီးနှင့်ကင်းသည့်အရာ မရှိသလောက်ဖြစ်နေပါပြီ။ လျှပ်စစ်ဓာတ်အားဆိုတာ လူသားများရဲ့ အခြေခံအကျဆုံး လိုအပ်ချက်လည်း ဖြစ်နေပါတယ်။ မြို့ပြနေပြည်သူများ လျှပ်စစ်မီး ရရှိအသုံးပြုနိုင်သည့်နည်းတူ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်း စဥ်ကြီးတွင်လည်း ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးသည်မရှိမဖြစ် မဖြစ်မနေဆောင်ရွက်သင့်သည့် အချက်တစ်ချက် လည်းဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့တဲ့ဒေသများကို လေ့လာကြည့်ပါက လျှပ်စစ်မီးမရခြင်းသည်လည်း အဓိကအကြောင်းအရင်း တစ်ရပ်ဖြစ်သည်ဟု လေ့လာတွေ့ရှိရ ပါတယ်။ ဒါ့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ ကျေးလက်နှင့်မြို့ပြ ဆင်းရဲချမ်းသာကွာဟမှု လျှော့ချရေးလုပ်ငန်းစဥ်ကြီးတွင် ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးကို မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်သင့်ပြီ ဖြစ်ပါကြောင်းတင်ပြ အပ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာဆိုရင် အသေးစား ရေအားလျှပ်စစ်ထုတ်လုပ်လို့ရတဲ့ နေရာအနှံ့အပြားရှိပါတယ်။ ကျေးရွာများတွေမှာ တစ်ဦးချင်းသော် လည်းကောင်း၊ တစ်အိမ်ထောင်ချင်းသော်လည်းကောင်း၊ ကျေးရွာမီးလင်းရေးကော်မတီများဖွဲ့စည်း၍ သော်လည်းကောင်း၊ ချောင်းမြောင်းများတွင် လျှပ်စစ်မီးရရှိရေးအတွက် ရေအားလျှပ်စစ်တာပိုင် အသေးလေးများဖြင့် ဆောင်ရွက်နေကြပါတယ်။ သို့သော်လည်း စနစ်ကျမှုမရှိခြင်း၊ ငွေကြေးတတ်နိုင် တဲ့အတိုင်းအတာအတွင်းမှာသာ ဆောင်ရွက်ရခြင်း၊ နည်းပညာလိုအပ်ချက်ရှိခြင်းများကြောင့် အန္တရာယ်များပြီး ထိခိုက်သေဆုံးမှုများ နောက်ဆက်တွဲငွေကြေးကုန်ကျမှုများခြင်း စသည်တို့ဖြစ်ပေါ် လျက်ရှိပါတယ်။ ရေအားလျှပ်စစ်စက်ရုံများဟာ စနစ်တကျဆောင်ရွက်မယ်ဆိုရင် မတည်ရင်းနှီးငွေ လိုအပ်ပါတယ်။ ဒါကိုမတတ်နိုင်ကြတော့ ရှိသလောက်ငွေနဲ့စုပြီးလုပ်ကြရတော့ စနစ်မကျပါဘူး။ ဒီတော့ ရေရှည်မတည်မြဲပါဘူး။ နိုင်ငံတော်မှဦးစီးပြီး နည်းပညာနဲ့ စီမံခန့်ခွဲခြင်းဆိုင်ရာ အကူအညီ များပေးခြင်း၊ ငွေစိုက်ထုတ်ချေးပေးခြင်း စသည်ဆောင်ရွက်ပေးလျှင် ပိုမိုအဆင်ပြေစေမှာဖြစ်ပါသည်။ တစ်ချို့နိုင်ငံတွေမှာဆိုရင် ကျေးလက်ဒေသမီးလင်းရေးကိစ္စရပ်အတွက် လိုအပ်တဲ့စက်ပစ္စည်းတွေကို စက်ရုံထုတ်ဈေး သို့မဟုတ် လျှော့ဈေးများဖြင့် ရောင်းချပေးကြောင်းသိရှိရပါတယ်။ ဒီလိုဆောင်ရွက် ပေးနိုင်ပါလျှင် ကျေးလက်ဒေသမှ ဆင်းရဲတဲ့ကျေးရွာလူထုမှာ လျှပ်စစ်မီးရရှိဖို့ အခွင့်အလမ်းပိုရှိလာ မှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော်တို့ မိုင်းရယ်မြို့နှင့် အနီးအနားတွေမှာ အသေးစားရေအားလျှပ်စစ်စက်ရုံများတည်ဆောက်လို့ ရနိုင်မယ်လို့သိရပေမယ့် စနစ်တကျတိုင်းတာ ပြီးလုပ်ဆောင်တာတွေမရှိခဲ့သေးပါဘူး။ကျွန်တော်တို့မြို့ထဲမှာ EPC မှဒီဇယ်စက်ဖြင့်တစ်ညနှစ်နာရီ လျှပ်စစ်မီးဖြန့်ဝေပေးလျက်ရှိပြီးတော့ မြို့ခံလူငယ်သုံးဦးမှ စုပေါင်းပြီး စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ် ဓာတ်အားပေးစက်ရုံတည်ဆောက်ကာ တစ်ရက် ၁၅ နာရီနှုန်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါ တယ်။တတ်နိုင်သလောက်အရင်းအနှီးလေးနဲ့ ပြင်ပအတိုးနှုန်းများတဲ့ချေးငွေတွေနဲ့ ဆောင်ရွက်ခဲ့ရပြီး မည်သည့်နေရာကမှ နည်းပညာ၊ အရင်းအနှီးစက်ကိရိယာအကူအညီများ ရရှိခဲ့ခြင်းမရှိတဲ့အတွက် တစ်ယူနစ် ၂၅၀ ကျပ်နှုန်းဖြင့်ကောက်ခံလျက်ရှိသော်လည်း ယခုထက်တိုင် ငွေကြေးအခက်အခဲနှင့် အခြားအခက်အခဲများစွာ ကြုံတွေ့နေရဆဲဖြစ်ပါတယ်။မရှိတဲ့ကြားက ကိုယ့်အားကိုယ်ကိုးစနစ်နဲ့ ဓာတ်အားလိုင်း၊ထရန်စဖော်မာတွေ ငွေစိုက်ပြီးဝယ်ရတော့ ကျေးလက်မှ ဆင်းရဲတဲ့ပြည်သူတွေဟာ မြို့ပြက တတ်နိုင်တဲ့သူတွေထက် များစွာအင်အားတစ်ခုခု စိုက်ထုတ်ပြီးမှ လျှပ်စစ်မီးသုံးစွဲနိုင်တဲ့ အနေအထားရှိပါတယ်။ဒါကြောင့် နိုင်ငံတော်အနေနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးကို အထူးဦးစားပေးဆောင်ရွက်သင့်ပါတယ်။ လိုအပ်တဲ့နည်းပညာ အတွက်သင်တန်းများပေးခြင်း စက်ပစ္စည်းကိရိယာများထောက်ပံ့ပေးခြင်း အရင်းအနှီးချေးငွေများ ထုတ်ချေးပေးခြင်းနှင့် လိုအပ်တဲ့ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းပေးသင့်ပါကြောင်းနှင့် ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာ တင်သွင်းသွားတဲ့ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးအတွက်ဗဟိုအဆင့်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်တို့တွင် ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန်နှင့် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးဥပဒေ ပြုစုပြဋ္ဌာန်းရန်အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအုန်းငွေ(မြောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်ဝပါ စေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး၊ မြောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေ ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ၉-၉-၂၀၁၁ ရက်နေ့က ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ တင်သွင်းသွားတဲ့ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာရဲ့ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေး

အတွက် ဗဟိုအဆင့်နှင့်တိုင်းဒေသကြီး/ပြည်နယ် အဆင့်တို့တွင် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေး အဖွဲ့ (Board)/ ကျေးလက်ဒေသလျှပ်စစ်မီးရရှိ ရေးဥပဒေ (Rural Electrification Act)တို့ကို သင့်တော်သည့်အချိန်တွင် ဖွဲ့စည်းပြဋ္ဌာန်း ဆောင်ရွက်ရန်အဆိုအပေါ် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ ကျေးလက်ဒေသလျှပ်စစ်မီး Rural Electrification ဆိုတာ ကျေးလက်ဒေသတွေမှာ လျှပ်စစ်မီးကို အလင်းရောင်အဖြစ် အသုံးပြုခြင်း၊ အိမ်မှုကိစ္စတွေမှာသုံးစွဲခြင်း၊ စက်မှုလက်မှုလုပ်ငန်းနဲ့ မွေးမြူရေးလုပ်ငန်းများအတွက် သုံးစွဲခြင်းတို့ပါဝင်ပါတယ်လို့ ဆိုထားတဲ့ဖွင့်ဆိုချက်ဟာ ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ အကောင်အထည် ဖော်နေတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်ကြီးအတွက် ဒီကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးကိစ္စဟာ အဓိကအရေးပါတဲ့ကဏ္ဍမှာ ရှိနေတယ်ဆိုတာ ပေါ်လွင် လှပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လူသားတွေရဲ့ဖွံ့ဖြိုးတိုးတက်ရေးမှာ အခြေခံအကျဆုံးဖြစ်တဲ့ လျှပ်စစ် ဓာတ်အားကိုမြို့ပြနေ ပြည်သူတွေအနေနဲ့ လိုအပ်သလို အသုံးချနေနိုင်ပေမယ့်၊ အများစုဖြစ်တဲ့ ကျွန်တော်တို့ကျေးလက်နေ ပြည်သူများအဖို့မှာတော့ အသုံးချနိုင်မှု အခွင့်အရေး နည်းပါးနေသေးတာ ကို အဆိုရှင် ကိုယ်စားလှယ်ကြီးက တင်ပြထားပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအချက်အပေါ်မှာ မိမိကိုယ်တိုင်ကျေးလက်နေ မိသားစုများမှ ပေါက်ဖွားကြီးပြင်းလာရတဲ့သူမို့လို့ ကိုယ်ချင်းစာတရား အပြည့်နဲ့ ထောက်ခံလိုပါတယ်။ ကျွန်တော်တို့ မြို့နယ်မှာဆိုရင်လည်း မြို့ပေါ်လေးရပ်ကွက်နဲ့နီးစပ်ရာ ကျေးရွာအုပ်စုတစ်ခုကလွဲပြီး ကျန်တဲ့ကျေးရွာပေါင်း ၈၀ ဟာ နိုင်ငံတော်ကပေးနေတဲ့ လျှပ်စစ်မီး သုံးစွဲခွင့် လုံးဝမရသေးပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကျေးလက်နေပြည်သူတွေဟာ အလင်းရောင်ရရှိရေးအတွက် ကိုပင် ဖယောင်းတိုင်မီး၊ ဆီမီးခွက်မီး၊ ရေနံဆီမီးခွက်တို့ကို အသုံးပြုပြီးနေရဆဲဖြစ်ပါတယ်။ ကျောင်းသားလူငယ်တွေဆိုရင်လည်း အချို့ဆိုစာကြည့်ရင်းနဲ့ မီးခွက်၊ မီးအိမ်ကတစ်ဆင့် ကူးဆက် လောင်ကျွမ်းလို့ လူနေအိမ်ရာတွေ၊ တောင်သူလယ်သမားတွေ စိုက်ပျိုးထုတ်လုပ်ထားတဲ့သီးနှံတွေ မီးလောင်ဆုံးရှုံးခဲ့ရတာလည်း အကြိမ်ကြိမ်တွေ့ကြုံခံစားခဲ့ရပါတယ်။ ဒါကြောင့် ကျေးလက်နေပြည်သူ များ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးမှာလည်း ကျေးလက် ဒေသလျှပ်စစ်မီးရရှိရေးဟာ အရေးပါနေတယ်ဆိုတာ တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တို့ ဒေသဟာမိုးနည်းရေရှားဒေသဖြစ်တာကြောင့် ရေအားလျှပ်စစ် Hydro Power လုပ်နိုင်ဖို့မဖြစ်နိုင် ပေမယ့် တောင်သူလယ်သမားတွေအခြေခံတဲ့ မြေယာဖြစ်တဲ့အတွက်စပါးခွံ၊ မြေပဲခွံစတဲ့ ဒေသထွက်

လောင်စာတွေကိုအသုံးပြုပြီး လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်၊ တစ်နိုင်တစ်ပိုင်မီးထွန်းနေတဲ့ အခြေအနေတွေကို အနည်းငယ်တင်ပြလိုပါတယ်။ ကျွန်တော်တို့ မြောင်မြို့နယ်မှာ ဇီဝလောင်စာလို့ခေါ်တဲ့ တောင်သူတွေမွေးထားတဲ့ နွားချေးကထုတ်တဲ့ ဓာတ်ငွေ့ရည်နဲ့ တစ်လုံးထိုးအင်ဂျင်ကိုလည်ပတ်ပြီး မီးလင်းနေတဲ့ကျေးရွာတစ်ရွာရှိပါတယ်။ နောက်တစ်ခါ စပါးခွံတို့ မြေပဲခွံတို့ လောင်စာတွေသုံးပြီး ခြောက်လုံးထိုးအင်ဂျင်နဲ့လည်ပတ်နေတဲ့ ကျေးရွာတစ်ရွာရှိပါတယ်။ လေးလုံးထိုးဒီဇယ်အင်ဂျင်နဲ့ ကျေးရွာတစ်ရွာမီးပေးနေတာရှိပါတယ်။ ဒါကကျွန်တော်တို့ မီးလင်းရေး ကော်မတီတွေဖွဲ့ပြီး ကျေးရွာလူထုအစီအစဉ်နဲ့ ကိုယ်ထူကိုယ်ထဆောင်ရွက်နေတဲ့အခြေအနေပါ။ ကျန်တဲ့ကျေးရွာတွေကတော့ တချို့ကပုဂ္ဂလိက အစီအစဉ်နဲ့ တစ်နိုင်တစ်ပိုင် မီးလင်းနေတဲ့ အနေအထားရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုဆောင်ရွက်နေတာဟာ ကျေးရွာအလိုက် မိမိအစီအစဉ် နဲ့ မိမိအခြေအနေပေးသလို လုပ်နေကြရတာဖြစ်တော့ ကျွန်တော်တို့မီးလင်းရေးကော်မတီတွေ စတင်တာဝန်ပေး ဆောင်ရွက်ခါစမှာတော့ တက်တက်ကြွကြွ၊ ညီညီညွတ်ညွတ်နဲ့ အောင်အောင်မြင်မြင် ရှိနေသလိုပါပဲ။ ဒါပေမယ့် တဖြည်းဖြည်းကာလကြာရှည်လာတဲ့အခါ တစ်နှစ်၊ နှစ်နှစ်ပေါ့။ အဲ့ဒီမှာ ဘက်ပေါင်းစုံ ကြီးကြပ်ကွပ်ကဲမှု ဆောင်ရွက်မှုအားနည်းလာတဲ့အတွက် တချို့ကျေးရွာတွေဆိုရင် တည်ဆောက်ထားတဲ့စက်ကို မလည်နိုင်လို့ ရပ်ထားရတာတောင်ရှိပါတယ်။ ဒါဘာကို ရည်ညွှန်း နေသလဲဆိုတော့ အဆိုရှင်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ စနစ်တကျကြီးကြပ်ကူညီပေးမယ့် အဖွဲ့အစည်းမရှိတာ ကျေးရွာတိုင်းမှာ နည်းပညာအခက်အခဲနဲ့ စီမံခန့်ခွဲမှုအခက်အခဲများ ကြုံတွေ့နေ ကြရပါတယ်ဆိုတဲ့ အဆိုပေါ်လွင်ထင်ရှားစေချင်လို့ဖြစ်ပါတယ်။ နည်းပညာအခက်အခဲ ဆိုတဲ့နေရာမှာ လည်း ဥပမာ ကျွန်တော်တို့ဒေသမှာ သုံးနေတဲ့ စပါးခွံ၊ မြေပဲခွံသုံးစွဲရာမှထွက်လာတဲ့ စွန့်ပစ်ပစ္စည်းနဲ့ အနံ့အသက်တွေကို ပတ်ဝန်းကျင်မထိခိုက်အောင် ဘယ်လိုလုပ်ကိုင်ဆောင်ရွက်သင့်တယ်ဆိုတဲ့ နည်းပညာမျိုး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒါကြောင့် အဆိုရှင်တင်ပြသွားသလို ယနေ့နိုင်ငံတော်ရဲ့ လျှပ်စစ်ဓာတ် အားပေးမှုအခြေအနေဟာလည်း အကောင်းဖက်ကိုစတင်ရောက်ရှိနေပြီး နောင် ၁၅ နှစ်အကြာမှာ ရေအားလျှပ်စစ်စီမံကိန်းကြီးတွေ ပြီးစီးလာတော့မှာဖြစ်တဲ့အတွက် ကျေးလက်မီးလင်းရေးလုပ်ငန်းစဉ် ကို ဗဟိုအဆင့်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်နဲ့ လိုအပ်ရင်မြို့နယ်အဆင့်ကော်မတီများပါ ဖွဲ့စည်းပြီး ကွင်းဆင်းလေ့လာမှုများပြုလုပ်ကာ သုတေသနပြုခြင်းဖြင့် သင့်တော်တဲ့အချိန်မှာ ဥပဒေ၊ နည်းဥပဒေများပြုစုပြဋ္ဌာန်း လုပ်ဆောင်သွားသင့်ပါကြောင်းတင်ပြရင်း ဂွမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးကြည်သာ တင်သွင်းသွားတဲ့အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်

ခင်ဗျား။အားလုံးကိုကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအေးမောင်(ဘောလခဲမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီးလိုအင်ဆန္ဒ တစ်လုံးတစ်ဝတည်း ရရှိခံစားပိုင်ဆိုင်ကာ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက်များကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သလျက် ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဘောလခဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်ဆွေးနွေးတင်ပြမယ့် အကြောင်းအရာကတော့ ၉-၉-၂၀၁၁ ရက်နေ့က ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာ၏ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးအတွက် ဗဟိုအဆင့်နှင့်တိုင်းဒေသကြီး/ပြည်နယ် အဆင့်တို့တွင် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးအဖွဲ့ (Board)/ ကျေးလက်ဒေသလျှပ်စစ်မီးရရှိ ရေးဥပဒေ (Rural Electrification Act) တို့ကို သင့်တော်သည့်အချိန်တွင် ဖွဲ့စည်းပြဋ္ဌာန်းဆောင်ရွက်ရန်အဆိုကို လိုရင်းတိုရှင်းနဲ့ ဆွေးနွေးတင်ပြထောက်ခံသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၇၀ ရာခိုင်နှုန်းသောပြည်သူအများစုဟာ ကျေးလက်ဒေသတွင်နေထိုင်ကြသောသူများဖြစ်ပါတယ်။ ၇၀ ရာခိုင်နှုန်းသော ပြည်သူများ၏ဖွံ့ဖြိုးတိုးတက်ဖို့ရန်အတွက် အခြေခံကျလှသော ကျေးလက်ဒေသလျှပ်စစ်မီး ရရှိရေးဟာအထူးပင်အရေးကြီး အကောင်အထည်ဖော်ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်ကြီးတစ်ခု ဖြစ်ပါကြောင်း ကျွန်တော်တို့အားလုံးကသိရှိနားလည်ကြမှာဖြစ်ပါတယ်။ ထိုသို့ သိရှိသဘောပေါက်ပြီး လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်အတွက် အမြော်အမြင်ကြီးမားလှတဲ့ နိုင်ငံတော်သမ္မတကြီးဦးဆောင်သောအစိုးရအဖွဲ့၏ ချမှတ်ပေးထားသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်နှင့်လည်း သဟဇာတဖြစ်ပြီး အထူးပင်လျော်ကန်သင့်မြတ်လှပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကမ္ဘာကြီးဟာ ကမ္ဘာ့ရွာအဖြစ်သို့ တမဟုတ်ခြင်းတိုးတက်ပြောင်းလဲနေပြီဖြစ်ပါတယ်။ ကမ္ဘာ့တောင်ခြမ်းမှ မြောက်ခြမ်းသို့ လည်းကောင်း၊ ကမ္ဘာ့အနောက်ခြမ်းမှအရှေ့ခြမ်းသို့လည်းကောင်း၊ အိမ်ဦးနှင့် အိမ်ပြင်သဖွယ် မိနစ်ပိုင်း၊ စက္ကန့်ပိုင်း မျှသာအတွင်း ဆက်သွယ်ပြောကြား၊ လှုပ်ရှားတွေ့မြင်နိုင်တဲ့ အခြေအနေတစ်ရပ်ဖြစ်ပေါ်လာခြင်းက အခြေခံကျတဲ့လျှပ်စစ်မီးဟာ မရှိမဖြစ်လိုအပ်လျက်ရှိနေတာကို တွေ့ရှိရပါတယ်။ လျှပ်စစ်မီးဟာ

ကျွန်တော်တို့ ကမ္ဘာသူ၊ ကမ္ဘာသား၊ တိုင်းသူပြည်သားများအတွက် ဘဝနေထိုင်ရေးသာမက အသိအမြင်၊ ဗဟုသုတ၊ အသစ်အဆန်းစသည့် နယ်ပယ်အရပ်ရပ်တွေမှာ တန်ဖိုးမဖြတ်နိုင်တဲ့ အကျိုးတရားများကို ရရှိစေခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်ဓာတ်အားဖူလုံပြည့်စုံတဲ့ တိုင်းပြည်နိုင်ငံကြီးတွေမှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချတဲ့ ကုမ္ပဏီကြီးတွေဟာ စက်မှုဇုန်ကြီးတွေကိုစိတ်ဝင်တစားနဲ့ လျှပ်စစ်ဓာတ်အားများရောင်းချခဲ့ကြပါတယ်။ ကျေးလက်ဒေသများကိုတော့ စီးပွားရေးတွက်ခြေမကိုက်ဟူ၍ ဘယ်ကုမ္ပဏီကမှ မီးမပေးချင်ကြပါဘူး။ လျှပ်စစ်ဓာတ်အား မပြည့်စုံသေးတဲ့ တိုင်းပြည်၊ နိုင်ငံတွေကျပြန်တော့လည်း ကျေးရွာများကို ဦးစားမပေးနိုင်ကြပြန်ဘူး။ ဒါကြောင့် မရှိတဲ့ကြားက ကိုယ့်အားကိုယ်ကိုးတဲ့စနစ်နဲ့ဓာတ်အားလိုင်း ထရန်စဖော်မာတွေကို ငွေစိုက်ပြီးဝယ်ရတော့ ကျေးလက်ကဆင်းရဲသားပြည်သူတွေဟာ မြို့ပြကတတ်နိုင်တဲ့သူတွေထက် များစွာအင်အားတစ်ခု စိုက်ထုတ်ပြီး လျှပ်စစ်မီးသုံးစွဲရတဲ့ အနေအထားတစ်ခုမှာ တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ဂျပန်အစိုးရ JICA နှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းတို့မှ ကျေးလက်မီးလင်းရေးကိစ္စများ ဆောင်ရွက်နိုင်ရန် ကွင်းဆင်းလေ့လာပြီး အစီရင်ခံစာတစ်စောင်ရေးသားခဲ့ပါတယ်။ ဒီအစီရင်ခံစာအရ မြန်မာနိုင်ငံရဲ့ မြို့ပြ ၇၁.၆ ရာခိုင်နှုန်း၊ ကျေးရွာအုပ်စုပေါင်း ၁၃၇၉၂ ရဲ့ ၁၇.၇ ရာခိုင်နှုန်းသာ လျှပ်စစ်မီးရတာကြောင့် အရှေ့တောင်အာရှနိုင်ငံများမှာ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ကျေးလက်ဒေသလျှပ်စစ်မီးရရှိမှု အနည်းဆုံးနိုင်ငံဖြစ်ကြောင်း ရေးသားဖော်ပြထားတာကို တွေ့ရှိရပါတယ်။ အဲဒါကြောင့် ကျေးလက်ဒေသမီးရရှိရေးနှင့် ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးလုပ်ငန်းစဉ်ဟာ အသွင်သဏ္ဌာန်အားဖြင့် မဟုတ်ဘဲ အနှစ်သာရပါပြည့်စုံစေတဲ့ဥပဒေ၊ လုပ်ထုံးလုပ်နည်းများရေးဆွဲချမှတ် ပြဋ္ဌာန်းအကောင်အထည်ဖော်ဆောင်သင့်ပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်တည်ဆောက်ရေးများတွင် အုတ်တစ်ချပ်သဲတစ်ပွင့်ပမာ ပါဝင်လိုတဲ့ဆန္ဒ၊ အမှောင်ထဲကပြည်သူများ အလင်းရရှိစေလိုသော ဆန္ဒမှန်ဖြင့် ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာ၏ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးအတွက် ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တို့တွင် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးအဖွဲ့ (Board)/ ကျေးလက်ဒေသလျှပ်စစ်မီးရရှိ ရေးဥပဒေ (Rural Electrification Act) တို့ကို သင့်တော်သည့်အချိန်တွင် ဖွဲ့စည်းပြဋ္ဌာန်းဆောင်ရွက်ရန်အဆိုကို ထောက်ခံပါကြောင်းလေးစားစွာဖြင့် ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ကျောက်ဖြူမဲဆန္ဒနယ်က ဦးဘရှိန် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ဂွမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကြည်သာတင်သွင်းတဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ဆွေးနွေးဖို့ဖြစ်ပါတယ်။ ဥပဒေနဲ့ဆိုင်တဲ့အချက်တွေလောက်ပဲဆွေးနွေးပါ့မယ်။ အချိန် ၃ မိနစ်၊ ၄ မိနစ်လောက်တော့ ကျွန်တော့်ကိုခွင့်ပြုပါ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အဆိုရှင်ဦးကြည်သာက တင်သွင်းထားတဲ့အဆိုထက် အခု Agenda မှာရေးထားတဲ့ ကော်မတီများဖွဲ့စည်းဆောင်ရွက်ရန်၊ ဥပဒေပြုစုပြဋ္ဌာန်းရန်ဆိုပြီးတော့ အဆိုပြုထားတာတွေ့ရတဲ့အတွက်ကြောင့် ကျွန်တော်ဆွေးနွေးဖို့အတွက်ပိုပြီးတော့ အဆင်ပြေသွားပါတယ်။ စောစောက အဆိုရှင်တင်ပြထားတဲ့နေရာမှာအဆိုရှင်က ကျေးလက်ဒေသတွင် လျှပ်စစ်မီးရရှိရေးအတွက် ကော်မတီများဖွဲ့စည်းခြင်း၊ အစီအမံများဆောင်ရွက်ပေးခြင်းတွေကို ဗဟိုအဆင့်ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွေမှာ ဖွဲ့စည်းဆောင်ရွက်ပေးဖို့ဆိုပြီးတော့ အဆိုပြုတင်ပြထားတာတွေ့ရပါတယ်။ အဆိုရှင်ဖြစ်တဲ့ ဦးကြည်သာဟာ လျှပ်စစ်ဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်တဲ့အပြင် ပြည်ပနိုင်ငံတော်တော်များများကို ရောက်ရှိပြီးတော့ပညာရပ်အတွေ့အကြုံတွေ ရယူထားသူဖြစ်ကြောင်းလည်း ကျွန်တော်တို့ သိရပါတယ်။ အဆိုရှင်ရဲ့စိတ်ဓာတ်နဲ့စေတနာကို ကျွန်တော် အထူးလေးစားပါကြောင်း ပြောပါရစေ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ မြို့ရွာတော်တော်များများမှာ မီးလင်းရေးကော်မတီတွေဖွဲ့ပြီးတော့ နိုင်ငံတော်ရဲ့လိုအပ်ချက်တွေကို ကူညီနေကြတယ်ဆိုတာ ကျွန်တော်တို့ကြားသိနေရပါတယ်။ အဲဒီကော်မတီတွေရဲ့ ကူညီမှုကြောင့်ပဲ အကျိုးပြုလုပ်ငန်းတွေအတော်များများ ရှိတယ်ဆိုတာလည်းသိရပါတယ်။ အကျိုးပြုတဲ့လုပ်ငန်းတွေရှိနေကြသလို အဲဒီ ကော်မတီတွေမှာလည်းအခက်အခဲပေါင်းများစွာနဲ့ ရင်ဆိုင်ရတယ်ဆိုတာကိုလည်း ကျွန်တော်တို့ သိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ဖော်ပြတဲ့အတွက်ကြောင့် အမေရိကန်နိုင်ငံမှာ ၁၉၃၆ ခုနှစ်ကပင် Rural Electrification Act ဆိုတဲ့ကျေးလက်ဒေသ လျှပ်စစ်ဓာတ်အားရရှိရေးနဲ့ပတ်သက်ပြီး ဥပဒေပြဋ္ဌာန်းနိုင်ခဲ့တယ်ဆိုတာကို သိရသလိုပဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ REB ကို ၂၀၀၉ ခုနှစ်ကပင် ဖွဲ့စည်းနိုင်တဲ့အတွက်ကြောင့် ဒီအဖွဲ့အစည်းရှိတဲ့အတွက်ကြောင့် ၂၀၀၉ ခုနှစ်မှာကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာ သန်း ၁၃၀ ကို အနှစ် ၄၀ကာလချေးငွေအဖြစ်ရယူပြီးတော့ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးလုပ်ငန်းတွေကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့တယ်ဆိုတာကိုလည်း သိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံ ကျေးလက်ဒေသ

ဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေပါတယ်။ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးဟာ ဒီလုပ်ငန်းအတွက် အဓိကကျောရိုးဖြစ်တယ်လို့လည်း အဆိုရှင်က ဖော်ပြထားပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လျှပ်စစ်လုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်သိရသလောက် ၁၉၈၄ ခုနှစ်မှာ ပြဋ္ဌာန်းထားတဲ့ လျှပ်စစ်ဥပဒေအရပဲ လုပ်ကိုင်ဆောင်ရွက်နေကြတယ်လို့ သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဟာ ဘာပဲလုပ်လုပ်၊ လုပ်ငန်းတိုင်းလုပ်ငန်းတိုင်းမှာ ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့ ပြဋ္ဌာန်း လုပ်ကိုင်မှသာ လုံခြုံမှုရှိပါတယ်။ စိတ်ချရမှုလည်း ရှိမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေဇယား ၁ အရ ဆိုလို့ရှိရင် အကြီးစားလျှပ်စစ်လုပ်ငန်းတွေကို ပြည်ထောင်စုဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းခွင့်ရှိပြီးတော့ အသေးစားနဲ့အလတ်စား လျှပ်စစ်လုပ်ငန်းတွေကိုတော့ ဇယား ၂ အရ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးတွေက ဥပဒေပြဋ္ဌာန်းခွင့်ရတယ်လို့ သိရပါတယ်။ အဲဒီလို ဖော်ပြထားတာကိုလည်း လေ့လာဖတ်ရှုရပါတယ်။ အဆိုရှင် ဦးကြည်သာက ဗဟိုအဆင့်နဲ့ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့်တို့မှာ လိုအပ်တဲ့ ကော်မတီများဖွဲ့စည်းခြင်း၊ လိုအပ်တဲ့အစီအမံများ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ပေးဖို့ အဆိုပြုထားပါတယ်။ ကော်မတီတွေဖွဲ့စည်းတဲ့အခါ လူပုဂ္ဂိုလ်အတွက်ကော၊ လုပ်ငန်းအတွက်ပါ လုံခြုံမှုရှိအောင်၊ စိတ်ချရအောင်ဆိုလို့ရှိရင် ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ ပြည့်ပြည့်စုံစုံ၊ ခိုင်ခိုင်မာမာ ရေးဆွဲပြဋ္ဌာန်းဖို့လိုအပ်ပါတယ်ခင်ဗျား။ အဆိုရှင်ရဲ့ဆန္ဒကိုကောင်းမွန်စွာ အကောင်အထည်ဖော်ပေးနိုင်ဖို့ဆိုရင် ကျွန်တော်တို့ဒီလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ ရှေးဦးစွာ ဥပဒေများ၊ နည်းဥပဒေများရေးဆွဲပြဋ္ဌာန်းရမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့်ပြောရမယ်ဆိုလို့ရှိရင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူပြုရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အသေးစားငွေ ရေးကြေးရေးဥပဒေကို ဒီလွှတ်တော်ကြီးမှာပဲ ဆွေးနွေးအတည်ပြု ဆောင်ရွက်ပေးခဲ့တာမျိုးပေါ့။ အဆိုရှင် ဦးကြည်သာကိုယ်တိုင်ကလည်း အဆိုပြုထားတာရှိပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများစုပေါင်းပြီး သင့်လျော်တဲ့အချိန်မှာဥပဒေ ဒီနည်းဥပဒေ ပြုစုပြဋ္ဌာန်းလုပ်ဆောင်သင့်ပါတယ်လို့ ဆန္ဒပြုထားတာကိုလည်း ကျွန်တော်တို့ ကြားသိလိုက်ရပါတယ်။

ဒါ့ကြောင့် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့မှာ ဥပဒေတွေပြဋ္ဌာန်းပြီး ဥပဒေတွေရှိနေမယ်ဆိုရင် လုပ်ငန်းလုပ်ကိုင်ကြမယ့် လူတွေ၊ လုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံကြမယ့်ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ၊ မလွဲမသွေ ပေါ်ပေါက်လာကြမှာဖြစ်ပါတယ်။ အဲဒီလို လုပ်ငန်းလုပ်ကိုင်မယ့်လူတွေ၊ ပုဂ္ဂိုလ်တွေ၊

အဖွဲ့အစည်းတွေ မလွဲမသွေ ပေါ်ပေါက်လာတဲ့အချိန်အခါမှာ အဆင်သင့်ဖြစ်နိုင်အောင် ကျွန်တော်တို့မှာ ဥပဒေရှိဖို့ ဥပဒေရေးဆွဲထားဖို့လိုပါတယ်။ ဒါကြောင့် လိုအပ်တဲ့ဥပဒေတွေကို သက်ဆိုင်ရာဌာနတွေက ရေးဆွဲကြဖို့လိုပါတယ်။ ဒါကြောင့် လိုအပ်တဲ့ဥပဒေတွေ ရေးဆွဲပြီးတဲ့အခါ ဦးကြည်သာရဲ့လိုလား မျှော်မှန်းချက်တွေဟာ အမှန်တကယ် အကောင်အထည်ဖော်လာလိမ့်မယ်လို့ ယုံကြည်ပါကြောင်း အဆိုရှင် ဦးကြည်သာအား ထောက်ခံဆွေးနွေးပါကြောင်းတင်ပြအပ်ပါတယ်။ အားလုံးပဲ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီးက ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်စိုး(ပြည်ထောင်စုဝန်ကြီး၊အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ ကျွန်တော့်အနေဖြင့် နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဝန်ကြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာရဲ့အဆိုနဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်အတွင်းမှာ ဓာတ်အားပေးတဲ့အခါမှာ နည်းလမ်းငါးမျိုးနဲ့ ဓာတ်အားပေးလျက်ရှိပါတယ်။ နိုင်ငံတော်ဓာတ်အားစနစ်က မဟာဓာတ်အားလိုင်းများဖြင့်လည်းကောင်း၊ နိုင်ငံတော်ဓာတ်အားစနစ်နဲ့ ဝေးကွာတဲ့ဒေသတွေမှာ အသေးစားရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပြီးလည်းကောင်း၊ ဒီဇယ် အင်ဂျင်စက်ရုံများဖြင့်လည်းကောင်း၊ ပြည်သူများဖွဲ့စည်းသော မီးလင်းရေးကော်မတီဖွဲ့စည်း၍ လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများကနေပြီးတော့ ဓာတ်အားကိုဝယ်ယူပြီးတော့ ဓာတ်အား ဖြန့်ဖြူးခြင်းဖြင့်လည်းကောင်း လျှပ်စစ်ဓာတ်အားကို ပေးလျက်ရှိပါတယ်။ နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးတာကတော့ ပြည်နယ်/တိုင်းဒေသကြီး ၁၀ ခုနဲ့ ခရိုင် ၄၂ ခု၊ မြို့နယ်မြို့ပေါင်း ၂၅၀၊ ကျေးရွာပေါင်း ၂၁၉၄ ခုကို နေရှင်နယ်ဂရေးကနေပြီးတော့ ဓာတ်အားပေးထားပါတယ်။ တိုင်းဒေသကြီး ၄ ခု၊ ခရိုင် ၂၆ ခု ၊ မြို့နယ်ပေါင်း ၁၈၀ နဲ့ ကျေးရွာပေါင်း ၄၅၉၅ ရွာ တို့ကို အခြားနည်းလမ်းများဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ဆက်လက်ပြီးတော့ ကျွန်တော်တို့ ရေအားလျှပ်စစ် စက်ရုံငယ်ပေါင်း ၃၂ ရုံ၊ ဒီဇယ်စက်ပေါင်း ၅၆၉ လုံးဖြင့် မြို့ပေါင်း ၃၄၀၊ ရွာပေါင်း ၄၂ ရွာကိုလည်း ဓာတ်အားပေးလျက်ရှိပါတယ်။ ရခိုင်ပြည်နယ်၏ လက်ရှိအခြေအနေမှာ ဓာတ်အားစနစ်နဲ့ အလှမ်းကွာဝေးတဲ့မြို့တွေဖြစ်တဲ့အတွက်ကြောင့် ရခိုင်ပြည်နယ်ရဲ့ စစ်တွေမြို့

အပါအဝင် မြို့ပေါင်း ၂၃ ခုကို ဒီဇယ်ဓာတ်အားပေးစက်များနဲ့ ဓာတ်အားပေးလျက်ရှိပါတယ်။ ၁-၇-၂၀၁၁ ရက်နေ့မှစပြီး တစ်နေ့ ၂ နာရီ ဓာတ်အားပေးဖို့ လိုအပ်တဲ့စက်သုံးဆီ ၂၁၇၇၀ ဂါလံကို ဝန်ကြီးဌာနက စိုက်ထုတ်ပေးပြီး တစ်ယူနစ်ကို အိမ်သုံး ၂၅ ကျပ်၊ စီးပွားရေးလုပ်ငန်းသုံး ၅၀ ကျပ်နှုန်းနဲ့ ကောက်ခံလျက်ရှိပါတယ်။ အထက်ပါ ရခိုင်ပြည်နယ် မြို့ ၂၃ မြို့ကို စက်မောင်းဆီတစ်နေ့ ၂ နာရီ ဓာတ်အားပေးရာမှာ တစ်လမှာစက်မောင်းဆီ ၃၀၁၈၀ ဂါလံနဲ့ တစ်နှစ်မှာ ငွေကျပ်သန်းပေါင်း ၁၁၆၃.၃၆ သန်း အကုန်အကျခံပြီးတော့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မှုအခြေအနေနဲ့ ပတ်သက်ပြီး ၁၉၈၈ ခုနှစ်မှာ တပ်ဆင်တဲ့ မဂ္ဂါဝပ်က ၆၅၁ ရှိပြီးတော့ ဒီနေ့မှာဆိုရင် မဂ္ဂါဝပ်ပေါင်း ၃၃၀၄.၆၅ မဂ္ဂါဝပ်ထိ တပ်ဆင်ပြီး ထုတ်လုပ်နိုင်ပြီ ဖြစ်ပါတယ်။ ပြည်နယ်/တိုင်း၊ ကျေးလက်ဒေသများကို လျှပ်စစ်ဓာတ်အား ရရှိဖို့ အတွက်ဆိုတာ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ တည်ဆောက်ပြီးတော့ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာဆိုရင် ဥသျှစ်ပင်၊ သူငွေးချောင်း၊ တောင်ကုတ်၊ မအီ၊ အမ်း၊ ကျောက်ဖြူနဲ့ မန်းစတဲ့ ဓာတ်အားလိုင်းစီမံကိန်းတွေ၊ ရှမ်းပြည်နယ်မှာဆိုရင် ဝမ်ဆင်း၊ မိုင်းနောင်၊ လားရှိုး၊ မိုင်းရယ်၊ တန့်ယန်း၊ လွိုင်လင်၊ မိုင်းကိုင်၊ လင်းခေး၊ မိုင်းပန်စတဲ့ ဓာတ်အားလိုင်းများ၊ ကချင်ပြည်နယ်မှာ ဝါရှောင်၊ ဝိုင်းမော်၊ မြစ်ကြီးနား၊ မိုးကောင်း၊ နဘား၊ မိုးညှင်း၊ မိုးကောင်းဓာတ်အားလိုင်းများ၊ မကွေးတိုင်းနဲ့ချင်းပြည်နယ်မှာ ဆော၊ ဂန့်ဂေါ၊ ဟားခါး၊ ပေါက်၊ မင်းတပ်၊ မတူပီစတဲ့ ဓာတ်အားလိုင်းများ၊ ဧရာဝတီတိုင်းမှာဆိုရင် အသုတ်၊ ပုသိမ်၊ မအူပင်ဓာတ်အားလိုင်းများ၊ မွန်ပြည်နယ်တွင် သထုံ၊ မော်လမြိုင် မဟာဓာတ်အားလိုင်းနဲ့ မော်လမြိုင်ဓာတ်အားခွဲရုံများ၊ မန္တလေး တိုင်းဒေသကြီးမှာဆိုရင် မြောက်ပြင်ဓာတ်အားခွဲရုံ၊ နေပြည်တော်၊ တောင်ငူမဟာဓာတ်အားလိုင်းများ၊ ရန်ကုန်မြို့မှာဆိုရင် ၂၃၀ ကေဗွီ၊ အလုံဓာတ်အားခွဲရုံများ စသည့်လုပ်ငန်းတွေကို ဆောင်ရွက်ပေးရ ပါတယ်။ ဒီနေ့ ၂၀၁၁-၂၀၁၂ ခုနှစ်မှာဆိုရင် အမှတ်(၂)လျှပ်စစ်ဝန်ကြီးဌာနအနေနဲ့ အမေရိကန်ဒေါ်လာ ၅၄.၁၃သန်းနဲ့ မြန်မာကျပ်ငွေ ၆၇.၆၆ ဘီလီယံသုံးစွဲပြီးတော့ ဒါတွေကို ဆက်လက် ဆောင်ရွက်နေတယ်ဆိုတာကို တင်ပြအပ်ပါတယ်။ ဓာတ်အားလိုင်းများနဲ့ ဓာတ်အားခွဲရုံကြီးများတိုးချဲ့ တည်ဆောက်ရေးလုပ်ငန်းဟာ ငွေကြေး ကုန်ကျမှုများတဲ့အတွက်ကြောင့် နိုင်ငံတော်ငွေနှင့် မလုံလောက်တဲ့ အတွက်ကြောင့် ပြည်ပနိုင်ငံတွေက ချေးငွေယူပြီး ဆောင်ရွက်ရပါတယ်။ ဘီလူးချောင်း(၃)၊ အထက်ရဲရွာ၊ အထက်ဆည်တော်ကြီး၊ နဘူးအိုင်၊ မြင်းခြံ၊ ပုသိမ်၊ သောက်ရေခပ်(၂)၊ တောင်ငူ၊ ဥသျှစ်ပင်၊ ကျောက်ဖြူစတဲ့ ဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံအတွက် အမေရိကန်ဒေါ်လာ ၁၇၃.၀၈ သန်းကို နိုင်ငံခြားအထောက်အပံ့ ချေးငွေယူပြီး

တော့ ပြည်ပကနေပြီးတော့ ဆောင်ရွက်လျက်ရှိတာကိုလည်း ဆက်လက်တင်ပြအပ်ပါတယ်။ ယခု မြန်မာနိုင်ငံမှာ ကျေးရွာပေါင်း ၆၄၃၄၆ ရွာအနက် လျှပ်စစ်ဓာတ်အားရရှိတဲ့ကျေးရွာပေါင်းက ၆၇၈၉ ရွာဖြစ်ပြီးတော့ ၁၀.၅ ရာခိုင်နှုန်းဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားမရရှိသေးသောရွာပေါင်း ၅၇၅၅၇ ရွာမှာ ၈၉.၅ ရာခိုင်နှုန်းရှိပြီးတော့ မီးလင်းပြီးတဲ့ရွာတွေကို လေ့လာဆန်းစစ်ရာမှာ နိုင်ငံတော် ဓာတ်အားစနစ်ကနေပြီးရရှိတဲ့ရွာပေါင်း ၂၁၉၄ ရွာ၊ ၃.၄ ရာခိုင်နှုန်းဖြစ်ပြီးတော့ အခြားနည်းလမ်းဖြင့် မီးရရှိသောရွာများမှာ ဒီဇယ်စက်ဖြင့်မီးလင်းသော ရွာပေါင်း ၁၇၈၂ ရွာ၊ ၂.၈ ရာခိုင်နှုန်း၊ အသေးစား ရေအားနဲ့မီးလင်းသောရွာ ၃၅၂ ရွာ၊ ၀.၅ ရာခိုင်နှုန်း နဲ့အခြားနည်းလမ်းဖြင့် မီးလင်းသောရွာပေါင်း ၂၄၆၁ ရွာ၊ ၃.၈ ရာခိုင်နှုန်း စုစုပေါင်းဓာတ်အား စနစ်ပြင်ပမှ နည်းလမ်းပေါင်းစုံဖြင့် မီးလင်းတဲ့ ရွာပေါင်း ၄၅၉၅ ရွာ၊ ၇.၁ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရမှာဖြစ်တယ်။ ဆက်လက်ပြီးတော့ ကျေးလက်ဒေသမီးလင်းရေးအတွက် အောက်ပါနည်းလမ်းများအား ဆောင်ရွက်သွားနိုင်ပါတယ်။ ဒီဇယ်ဆီဓာတ်အားပေးစက်များ အသုံးပြုခြင်း၊ အသေးစား ရေအားလျှပ်စစ်စက်များအသုံးပြုခြင်း၊ နေရောင်ခြည်သုံး စွမ်းအင်အသုံးပြုခြင်း၊ လေစွမ်းအင်သုံး လေရဟတ်များအသုံးပြုခြင်း၊ စပါးခွံ၊ လွှစာမှုန့်၊ ကြံဖတ်၊ အုန်းလက်၊ လောင်စာ စသည်တို့ကို အသုံးပြုခြင်း၊ ဇီဝဓာတ်ငွေ့သုံးစတဲ့ နည်းလမ်းများဖြင့်ဓာတ်အားပေးလို့ရမှာဖြစ်ပါတယ်။ အထက်ပါနည်းလမ်းများဖြင့် ကျေးလက်ဒေသ လျှပ်စစ်မီး ရရှိရေးဆောင်ရွက်ရာမှာ ငွေကြေးကုန်ကျမှု ပမာဏဟာအလွန်များပြားပါတယ်။ အထက်ပါနည်းလမ်းများဖြင့် လျှပ်စစ်ဓာတ်အားရရှိအောင်ဆောင်ရွက်ရာမှာ လိုအပ်သော ရန်ပုံငွေ၊ မတည်ရင်းနှီးငွေများ ရရှိမည်ဆိုပါက ကျေးလက်ပြည်သူများ လျှပ်စစ်ဓာတ်အားရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ ကျေးလက်မီးလင်းရေးအတွက် Rural Electrification Act ကို ပြန်ကြည့်မယ်ဆိုရင် သူတို့နိုင်ငံမှာ ဓာတ်အားပေးထားတာ နောက်ဆုံး ၁၀ ရာခိုင်နှုန်း ကျန်တဲ့အချိန်မှာ ဒီဥပဒေကိုပြဋ္ဌာန်းပြီးတော့ ရာခိုင်နှုန်းပြည့် မီးပေးသွားတာဖြစ်ပါတယ်။ ဒီမီးပေးတဲ့ လုပ်ငန်းကိုလည်း သူတို့အမေရိကန်နိုင်ငံမှာ စိုက်ပျိုးရေးဝန်ကြီးဌာနကို တာဝန်ပေးပြီးတော့ ဒီ ကျေးလက်ဒေသမီးရရှိရေးနဲ့ တယ်လီဖုန်းရရှိရေးကို တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့တာကိုတွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းကို အမြန်အကောင်အထည် ဆောင်ရွက်နိုင်တဲ့ အခြေအနေလေ့လာကြည့်တဲ့အခါမှာ နိုင်ငံတော်မှ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေ ထုတ်ချေးခြင်း၊ အခြားပြင်ပပုဂ္ဂလိက အဖွဲ့များနှင့် NGO အဖွဲ့အစည်းများမှ ငွေထုတ်ချေးခြင်းနဲ့ အထောက်အပံ့ပေးခြင်း၊ အထက်ပါရန်ပုံငွေများကို ရရှိဆောင်ရွက်သော ကျေးလက်အဖွဲ့အစည်း

များသည် စီမံကိန်းအကောင်အထည်ဖော်ပြီးနောက် ကျေးလက်နေပြည်သူများအား လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးပြီး ကျသင့်တဲ့ဓာတ်အားခကိုကောက်ခံရယူ၍ ချေးငွေနဲ့ပတ်သက်တဲ့အတိုးများပေး ဆောင်ခြင်း၊ ချေးငွေများကို သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်ခြင်းစသည်တို့ကို ဆောင်ရွက် ကြရမှာဖြစ်ပါတယ်။ ဤသို့ဆောင်ရွက်ခြင်းကြောင့် ကျေးလက်ဒေသမီးလင်းရေးမှာ အလျင်အမြန် တိုးတက်လာနိုင်ကြောင်းသုံးသပ်ရရှိပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယ နိုင်ငံဆိုရင် မီးလင်းရေး မှာ အက်ဥပဒေပြဋ္ဌာန်းခြင်းမရှိသော်လည်း ကျေးလက်ဒေသမီးလင်းရေးကို Rural Electrification Board ဆိုပြီးတော့ ဘုတ်အဖွဲ့ ဖွဲ့စည်းပြီးတော့ ဆောင်ရွက်တာဖြစ်ပါတယ်။ ရန်ပုံငွေကို နိုင်ငံတော်နဲ့ NGO အဖွဲ့အစည်းများ ကနေပြီးတော့ အတိုးနှုန်းသက်သာစွာနဲ့ ချေးယူပေးပါတယ်။ မီးလင်းရေး ဘုတ်အဖွဲ့များဖွဲ့စည်းခြင်း မရှိသေးသော်လည်း မြန်မာနိုင်ငံမှာ နည်းပညာငွေကြေးအထောက်အပံ့ဖြင့် ဆောင်ရွက်သွားသောလုပ်ငန်းများရှိကြောင်းလည်း တွေ့ရှိရပါတယ်။ သာဓကအားဖြင့် ရှမ်းပြည်နယ် တောင်ပိုင်း၊ ရပ်စောက်မြို့နယ်၊ တပ်ကြီးရေတံခွန်ရေအားလျှပ်စစ်ကို ထုတ်ယူသုံးစွဲနိုင်ရန် ၁၉၈၄ ခုနှစ်က မြန်မာနိုင်ငံလျှပ်စစ်ဓာတ်အားလုပ်ငန်းနဲ့ ဖင်လန်နိုင်ငံအစိုးရတို့ ပူးပေါင်းပြီးတော့ ရေအားလျှပ်စစ် စက်ရုံတည်ဆောက်ပြီးတော့ ဒီစက်ရုံကနေပြီးတော့ ရပ်စောက်မြို့မှ လူဦးရေ ၈၀၀၀ ကို မီးပေးတဲ့လုပ်ငန်းစဉ်မျိုး ဖြစ်ပါတယ်။ တောင်ကြီးမြို့မှာဆိုရင်လည်း ဂျပန်နိုင်ငံအကူအညီနဲ့ ကက္ကူ လွိုင်ကုန်း၊ ကုန်းလမ်း၊ ထီးခမ်းကျေးရွာတွေမှာလည်းကောင်း၊ ချင်းပြည်နယ်မှာဆို ဂျပန်နိုင်ငံရဲ့ အထောက်အပံ့နဲ့ ဟားခါးမြို့နယ်၊ ဘွမ်လုံးကျေးရွာမှာ အိမ်ခြေ ၅၀ ကိုလည်းကောင်း၊ ထို့အတူ မလေးရှားနိုင်ငံ အထောက်အပံ့ဖြင့် ဟားခါးမြို့နယ်၊ ဖိုင်ဇောင်းကျေးရွာအိမ်ခြေ ၈၅ လုံးကို ၁၅ ကီလိုဝပ်ရှိအသေးစား ရေအားလျှပ်စစ်ဖြင့်လည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့အထောက်အပံ့နဲ့ ထုတ်လိုင်ကျေးရွာ၊ ခေါဆကျေးရွာတို့မှာ အိမ်ခြေ ၁၄၇ လုံးကို ၃၀ ကီလိုဝပ် အသေးစားရေအား လျှပ်စစ်ဖြင့်လည်းကောင်း၊ UNDP အထောက်အပံ့ဖြင့် တီးတိန်မြို့နယ်ရှိ ဒမ်ပီးကျေးရွာမှာ အိမ်ခြေ ၁၇၃ လုံးကို ၁၀ ကီလိုဝပ်ရှိ အသေးစားရေအားလျှပ်စစ်တည်ဆောက်ပြီးတော့ ပုမ်ဗားကျေးရွာမှာ အိမ်ခြေ ၂၅ လုံး ကို ၅ ကီလိုဝပ်ရှိ အသေးစားရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပြီးတော့ ၂၀၀၂ ခုနှစ်မှာ ဓာတ်အားအသီးသီးပေးခဲ့တာကိုတွေ့ရမှာပါ။ အလားတူပင် ဧရာဝတီတိုင်းမှာလည်း ကျွန်တော်တို့ နီဗိုနိုင်ငံနဲ့ ရေအားရယ်၊ လေအားရယ်၊ နေအားရယ် သုံးခုကိုပေါင်းပြီးတော့မှ ၁၈၀ ကီလိုဝပ်ဖြင့် ဒီဓာတ်အားပေးတဲ့လုပ်ငန်းကို ဆောင်ရွက်ထားတာကို ချောင်းသာမှာတွေ့ရမှာဖြစ်ပါ တယ်။ ကျွန်တော်တို့ နိုင်ငံတော်ဓာတ်အားစနစ်က မရောက်ရှိနိုင်သေးသော အထက်ဖော်ပြပါ

ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသတွေမှာ လုပ်တဲ့လုပ်ငန်းတွေဟာ အားလုံးဟာ မြန်မာနိုင်ငံမှာ Rural Electrification သဘောဖြင့် ဆောင်ရွက်တာကို တွေ့ရှိရမှာဖြစ်ကြောင်းတင်ပြ အပ်ပါတယ်။ ဆက်လက်ပြီး နိုင်ငံတော်အစိုးရက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို အထူးအလေးအနက်ထား အကောင်အထည်ဖော်လျက်ရှိရာတွင် အဓိကလုပ်ငန်းကြီး ၈ ရပ် ပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပါတယ်။ အဲဒီလုပ်ငန်း ၈ ရပ်အနက် ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို ထည့်သွင်းဖော်ပြထားခြင်းသည် ယင်းလုပ်ငန်းမှာ အဓိကထားအကောင်အထည်ဖော်ရမယ့် ကျေးရွာများလျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ရေးလုပ်ငန်းစဉ် ကို မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ မီးမောင်းထိုးပြထားခြင်းပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ နိုင်ငံတော်ဓာတ်အားစနစ်မှ ဝေးလံခေါင်းပါးသော ကျေးလက်ဒေသများနှင့် ဓာတ်အား စနစ်မှာ မီးမရနိုင်သေးသောကျေးလက်အနေဖြင့် ဓာတ်အားစနစ်မှမီးရရှိအောင် ဆောင်ရွက်မည် ဆိုပါက အချိန်ကာလကြာမြင့်မည်ဖြစ်သည့်အတွက် အမေရိကန်ပြည်ထောင်စုကဲ့သို့ ကျေးလက် လျှပ်စစ်ဓာတ်အားဥပဒေ သို့မဟုတ် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံကဲ့သို့ ကျေးရွာအလိုက် မီးလင်းရေး အဖွဲ့များဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်သွားမည်ဆိုပါက ကျေးလက်မီးလင်းရေးအတွက် အဓိက လိုအပ်သောရန်ပုံငွေကို နိုင်ငံတော်မှ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးခြင်း၊ NGO နှင့် အခြား ပြည်တွင်းပြည်ပ ပုဂ္ဂလိကအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများဖြင့်လည်းကောင်း ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးအတွက် နိုင်ငံတော်မှ ကျေးလက်ဒေသလျှပ်စစ်မီး ရရှိရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန်နှင့် ပတ်သက်ပြီးတော့ ဥပဒေပြဋ္ဌာန်းရန် သို့မဟုတ် ဘုတ်အဖွဲ့ ဖွဲ့စည်းရန်ဆိုသည့်အဆိုဟာ ဆောင်ရွက်သင့်သော လုပ်ငန်းတစ်ခုလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း လျှပ်စစ် ကဏ္ဍနဲ့ပတ်သက်ပြီးတော့ National Grave ဖြစ်တဲ့ မဟာဓာတ်အားလိုင်းကနေပြီးတော့ ဓာတ်အား သွယ်တန်းခြင်းလုပ်ငန်းများကို လျှပ်စစ်(၂)ဝန်ကြီးဌာနက ဆောင်ရွက်နိုင်သော်လည်း ပြည်နယ်နဲ့ တိုင်းဒေသကြီးအာဏာပိုင် အဖွဲ့အစည်းတွေကနေပြီးတော့ တစ်ပိုင်တစ်နိုင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်တဲ့လုပ်ငန်းတွေ ဆောင်ရွက်မယ်ဆိုရင်လည်း ပြည်နယ်/တိုင်းဒေသကြီးတွေအနေနဲ့ သီးခြားဆောင်ရွက်နိုင်ကြောင်းလည်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကျေးလက်ဒေသလျှပ်စစ်မီးလင်းရေးကိစ္စများသည် ယခု ဦးကြည်သာ တင်ပြတဲ့အဆို

သည် ဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းတစ်ခုဖြစ်ပါကြောင်းတင်ပြရင်း ကျွန်တော့်ရဲ့ တင်ပြချက်ကို နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ မူလကတော့ ဦးကြည်သာကို ပြန်လည်ဆွေးနွေးခိုင်းမလို့ပါပဲ။ သို့ရာတွင် သက်ဆိုင်ရာဝန်ကြီးကိုယ်တိုင်က ဦးကြည်သာရဲ့အဆိုသည်ဆောင်ရွက်သင့်တဲ့အဆိုလို့ နောက်ဆုံး နိဂုံးချုပ်သွားတဲ့အတွက် ကျွန်တော်တို့လည်း ဒီနိဂုံးချုပ်တဲ့အပေါ် မူတည်ပြီးတော့ မဲဆန္ဒခွဲရန်မလိုဘဲ လွှတ်တော်ရဲ့အတည်ပြုချက်ကို ရယူဆောင်ရွက်သွားပါမယ်။ ဦးကြည်သာတင်သွင်းတဲ့ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးအတွက် ဗဟိုအဆင့်နှင့်တိုင်းဒေသကြီး/ပြည်နယ် အဆင့်တို့တွင် ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးအဖွဲ့ (Board)/ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးဥပဒေ(Rural Electrification Act)တို့ကို သင့်တော်သည့်အချိန်တွင် ဖွဲ့စည်းပြဋ္ဌာန်း ဆောင်ရွက်ရန်အဆိုကို လွှတ်တော်က အတည် ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်ကအတည်ပြုပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၏ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးအတွက် ဗဟိုအဆင့်နှင့်တိုင်းဒေသကြီး/ပြည်နယ် အဆင့်တို့တွင် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးအဖွဲ့ (Board)/ ကျေးလက်ဒေသလျှပ်စစ်မီးရရှိ ရေးဥပဒေ (Rural Electrification Act) တို့ကို သင့်တော်သည့်အချိန်တွင် ဖွဲ့စည်းပြဋ္ဌာန်း ဆောင်ရွက်ရန်အဆိုကို လွှတ်တော်ကအတည်ပြုကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၇ ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၈ ရက်မြောက်နေ့ကိုမနက်ဖန် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်၊ (ဗုဒ္ဓဟူးနေ့)၁၀း၀၀ နာရီမှာဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။